# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၂၈]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ချက်နိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် အောက်တိုဘာ ၂၈**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် ကျရောက်သော ချက်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ချက်သမ္မတနိုင်ငံသမ္မတ မစ္စတာ မီလော့စ် ဇီမန်း ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

*စာမျက်နှာ ၃ ကော်လံ ၅* ✳



ကျောက်ဆည်မြို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ် ဆင်လျှုပွဲတော်နှင့် ဆင်အကအလှပြိုင်ပွဲဖြစ်သည့် ဆင်ပွဲတော်ကြီးတွင် ကြိတ်ကြိတ်တိုးစည်ကားနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ထွန်းထွန်းနိုင်(ကျောက်ဆည်)

# ကျောက်ဆည်မြို့ ဆင်လှူပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

ထွန်းထွန်းနိုင်(ကျောက်ဆည်)၊ မင်းထက်အောင် (မန်းကိုယ်ပွား)

**ကျောက်ဆည် အောက်တိုဘာ ၂၇**

မြန်မာနိုင်ငံ၏အထင်ကရ ကျောက်ဆည်မြို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ် ဆင်လှူပွဲတော်နှင့် ဆင်အကအလှပြိုင်ပွဲဖြစ်သည့် ဆင်ပွဲတော်ကြီးကို အောက်တိုဘာ ၂၇ ရက် (သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့)တွင် နယ်သူနယ်သားများ၊ ပြည်တွင်းခရီးသွားများနှင့် နိုင်ငံခြားသားခရီးသွားများ ပါဝင်ဆင်နွှဲကာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ဆင်အကအလှပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နံနက် ၈ နာရီတွင် ဆင်ပြိုင်ကွင်း ဗဟိုမဏ္ဍပ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သစ်တောနှင့်သတ္တုဝန်ကြီးဌာနဝန်ကြီး ဦးသန်းစိုးမြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဆင်အစီးရေ ၆၀ ကျော်တို့က မြန်မာပြည်သားသီချင်းဖြင့် ညီညာစွာကပြဖျော်ဖြေကြ သည်။

မြန်မာပြည်ရှိ ဆင်ပွဲတော်များအနက် အထင်ရှားဆုံးနှင့် အစည်ကားဆုံးပွဲတော်ကြီးအဖြစ် သက်တမ်းကြာမြင့်စွာ

*စာမျက်နှာ ၉ ကော်လံ ၁* ❍

## အိုဘားမားနှင့် ဂျီကိုဝီဒိုဒိုပင်လယ်ရေကြောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရန် သဘောတူ

စာမျက်နှာ ❖ ၄

## မင်္ဂလာအပေါင်းခညောင်းသော မြန်မာ့ရိုးရာဝါကျွတ်ချိန်ခါ

စာမျက်နှာ ❖ ၆

## အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁-၂၀၁၅ အထူးကဏ္ဍအချပ်ပို လေးမျက်နှာ ပါရှိပါသည်။




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# သီတင်းကျွတ် လမြတ်ချိန်ခါ

သီတင်းကျွတ်လသည် မြန်မာလူမျိုးတို့အတွက် ထူးမြတ်သော လတစ်လဖြစ်ပါသည်။ ဤသီတင်းကျွတ်လအခါသမယတွင် သီတင်းကျွတ်လဆန်း ၁၄ ရက်မှ လပြည့်ကျော် ၁ ရက်အထိ သုံးရက်တိုင်တိုင် နိုင်ငံတစ်ဝန်း ဘုရားကျောင်းကန်၊ စေတီပုထိုး အသီးသီး၊ လမ်းအသီးသီး၊ အိမ်အသီးသီးတို့၌ မီးမြင်းမိုရ်ပွဲများ ဆင်ယင်ကျင်းပလေ့ရှိပါသည်။

ဤသီတင်းကျွတ်လပြည့်နေ့ အခါသမယသည်ကား ဘုရားရှင်ဖြစ်တော်မူပြီး ခုနစ်ဝါမြောက် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်တွင် တာဝတိံသာနတ်ပြည်သို့ ဝါကပ်တော်မူ၍ ဘုရားရှင်တိုင်းဟောကြားတော်မူမြဲဖြစ်သော အဘိဓမ္မာတရားတော်ကို မယ်တော်ဖြစ်ခဲ့ဖူးသည့် သန္တုသိတနတ်သားအား အမှူးထား၍ စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့အား ဝါတွင်းသုံးလပတ်လုံး နေ့ရောညပါ အသံမစဲ ဟောကြားပြီးစီးသဖြင့် လူ့ပြည်လူ့ရွာဖြစ်သော သင်္ကာသနဂိုရ် ပြည်သို့ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းကြီးများဖြင့် နတ်ဗြဟ္မာအပေါင်းခြံရံလျက် ကြွချီမြန်းလာစဉ် စကြဝဠာတိုက်တစ်သောင်းမှ လူ၊ နတ်၊ ဗြဟ္မာအပေါင်းတို့က ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာအဖြာဖြာတို့ဖြင့် ဗုဒ္ဓဘုရားရှင်အား ရည်မျှော်ဦးခိုက်ကာ မီးမြင်းမိုရ်ပွဲများ စည်ကားခမ်းနားစွာ ကျင်းပခြင်း၊ ဗုဒ္ဓဘုရားရှင်၏ သားတော် သံဃာတော်အရှင်သူမြတ်များ ဝါတွင်းသုံးလပတ်လုံး ကျောင်းကန်အသီးသီးတို့၌ ဝါကပ်တော်မူကြပြီး ဝါမှထသောနေ့ ပဝါရဏာပြုသောနေ့ (ဝါ)ဝါကျွတ်သောနေ့ဖြစ်ခြင်း၊ သားသမီးမြေးမြစ်တပည့်တို့က မိဘိုးဘွား ဆရာသမားတို့အား ပူဇော်ကန်တော့ကြလေ့ရှိခြင်းကြောင့် မိဘကျေးဇူးဆပ်သောနေ့ဟူ၍ သုံးမည် နာမ၊ သုံးဌာနတို့ဖြင့် ကျော်စောထင်ရှား လူသိများသော နေ့ထူး နေ့မြတ်အခါသမယပင် ဖြစ်ပေသည်။

ထို့ကြောင့်လည်း သီတင်းကျွတ်အခါသမယတွင် လမ်းအသီးသီး၊ အိမ်အသီးသီးတို့၌ ဆီမီးဖယောင်းတိုင်များထွန်းညှိ၍လည်းကောင်း၊ မီးမျှောပွဲ၊ မီးထွန်းပွဲများကျင်းပခြင်းဖြင့်လည်းကောင်း၊ မီးပုံးပျံများ လွှတ်တင်ခြင်း၊ မီးပုံးမီးအိမ်များ ချိတ်ဆွဲခြင်းဖြင့် လည်းကောင်း မီးပူဇော်ပွဲများ တပျော်တပါး ဆင်ယင်ကျင်းပလေ့ရှိပါသည်။ ထို့အပြင် ဘုရားကျောင်းကန်အသီးသီးတို့၌ ဝါကျွတ်တော်မူသော သံဃာတော် အရှင်သူမြတ်တို့အားရည်မျှော်ကာ ဆွမ်းခဲဖွယ် အစရှိသည်တို့ကို လှူဒါန်းခြင်းငှာ လူပရိသတ်အပေါင်းတို့အား ဧည့်ခံကျွေးမွေးခြင်းတို့ဖြင့် အလှူဒါနပွဲများလည်း ကျင်းပလေ့ရှိပါသည်။ တစ်ဖန် သားသမီး၊ တပည့်သား မြေးတို့က မိဘဆရာသမားတို့အား ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးတို့ဖြင့် ပြစ်မှားမိသည်ရှိသော် ပြေပျောက်စေခြင်းငှာ ပူဇော်ကန်တော့ကြလေ့ရှိပါသည်။ မြန်မာ့လူမှုနယ်ပယ်တွင် မိဘကျေးဇူး၊ ဆရာကျေးဇူးတို့ကို အထူးသိမြင်သော အလေ့အထကောင်းတစ်ခုလည်း ဖြစ်ပါသည်။

သို့ဖြစ်၍ သီတင်းကျွတ်အခါသမယတွင် လူတိုင်းလူတိုင်း စိတ်ကောင်း စိတ်မြတ်များ မွေးမြူလျက် ဒါန၊ သီလ၊ ဘာဝနာ တည်းဟူသော သူတော်ကောင်းတရားများဖြင့် မွေ့လျော်ကာ ကျင့်ကြံပွားများနိုင်ရန် အခွင့်ကောင်း၊ အခါကောင်း၊ အချိန်ကောင်းပင်ဖြစ်ပါကြောင်း။ ။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# ဖွံ့ဖြိုးရေးတက္ကသိုလ် ပထမနှစ်သင်တန်းသားများ ပြည်နယ်ဝန်ကြီးချုပ်နှင့်တွေ့ဆုံ

**ဟားခါး အောက်တိုဘာ ၂၇**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ငါး နှစ်သင်တန်း ပထမနှစ်တက်ရောက်မည့် သင်တန်းသားသင်တန်းသူများကို ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက အောက်တိုဘာ ၂၆ ရက်က ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့သည်။

အခမ်းအနားတွင် ဝန်ကြီးချုပ်က နိုင်ငံတစ်နိုင်ငံ၏ ကောင်းမွန်သော အနာဂတ်တစ်ခုကို ထုဆစ်ပုံဖော်နိုင်ရန်မှာ မျိုးဆက်သစ် လူငယ်လူရွယ်များ အပေါ်တွင် များစွာမူတည်နေကြောင်း၊ ကောင်းမွန်သော အနာဂတ်ကို ဖော်ဆောင်နိုင်ရန်အတွက် ပညာရေးသည် အဓိကအချက်ဖြစ်ပြီး မိမိတို့ရည်မှန်းထားသည့် ပညာရေးပန်းတိုင်ရောက်အောင် ကြိုးစားသင်ယူသွားကြရမည်ဖြစ်သကဲ့သို့ တိုင်းရင်းသားညီအစ်ကိုများအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံ နေထိုင်သွားကြရမည်ဖြစ်ပြီး ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မြဲအောင် ကြိုးပမ်းတည်ဆောက်သွားကြရန် မှာကြားခဲ့သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူ ၁၅ ဦးအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# လျှပ်စစ်အန္တရာယ်ကာကွယ်ရန် ဓာတ်အားလိုင်းများပြုပြင် ထရန်စဖော်မာသစ်များ တိုးချဲ့

**ပဲခူး အောက်တိုဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်အတွင်း လျှပ်စစ်အန္တရာယ်ကာကွယ်ရေး ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရေးနှင့်ဓာတ်အားပြတ်တောက်မှုမရှိစေရေးအတွက် ဓာတ်အားလိုင်းများပြုပြင်ခြင်း၊ ထရန်စဖော်မာသစ်များ တိုးချဲ့တပ်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲခူးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာနှင့်ဝန်ထမ်းများက ဆွေးမြည့်သစ်သားဓာတ်တိုင်များနေရာတွင် ကွန်ကရစ်တိုင်နှင့်သံလက်တန်းများဖြင့် လဲလှယ်ခြင်း၊ ၂၀၀ ကေဗွီအေထရန်စဖော်မာအသစ်လေးလုံးတိုးချဲ့တပ်ဆင်ခြင်း၊ ၁၁ ကေဗွီနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ခြင်းများကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ရန်ပုံငွေဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး လုပ်ငန်း အားလုံး၏ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**သန့်စင် (ပဲခူး)**



**အောက်တိုဘာ ၂၆ရက်က ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ကြည့်မြင်တိုင်မြို့နယ် ပန်းတည်းတန်း အရုဏ်တော်ဝတ်အသင်းကြီးက ကြီးမှူး၍ (၇၄) ကြိမ်မြောက် လှူဒါန်းနိုင်ရန်အတွက် ရွှေပြားသင်္ကန်းတော်တစ်ပြား (တန်ဖိုးငွေကျပ် ၆၀၀၀၀၀) ကို ဦးညွန့်ဌေး၊ ဒေါ်နီလာရွှေ မိသားစုက ပေးအပ်လှူဒါန်းရာ အသင်းမှ တာဝန်ရှိသူများ လက်ခံယူစဉ်။** ဘော်ဂါသွေး



**ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် ရွေးကောက်ပွဲလုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေနှင့် တာဝန်ရှိသူများသည် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အောက်တိုဘာ ၂၆ ရက်က မိုင်းခုတ်မြို့ပေါ် ရပ်ကွက်(သုံး)ရပ်ကွက်၊ မိုင်းလုံးကျေးရွာအုပ်စုနှင့် ဝမ်ကောင်းကျေးရွာအုပ်စုတို့၌ မဲရုံနှင့် မဲရုံလုံခြုံရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးစဉ်။** (ခရိုင် ပြန်/ဆက်)

# စလင်း၌ အခမဲ့ဆေးကုသပေး

**စလင်း အောက်တိုဘာ ၂၇**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် ဒို့မေတ္တာနာရေးကူညီမှုအသင်းမှ အောက်တိုဘာ ၂၆ ရက်က လူနာများအား အခမဲ့ဆေးကုသပေးခဲ့သည်။

အဆိုပါ ဆေးကုသခြင်းလုပ်ငန်းကို မြင်တင်ရပ်နေ ဒေါက်တာစိုးမြင့်အောင်က အခမဲ့စမ်းသပ်ကုသပေးပြီး၊ သုံးစွဲကုန်ကျဆေးဝါးများကို ဒို့မေတ္တာနာရေးကူညီမှု အသင်းက လှူဒါန်း၍ လစဉ်တစ်လလျှင်တစ်ကြိမ် လူနာများအား အခမဲ့ကုသပေးခြင်းဖြစ်ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ဝါတွင်းကာလ အရုဏ်ဆွမ်းလောင်းလှူပွဲ တန့်ယန်းမြို့နယ်၌ ကျင်းပ

**တန့်ယန်း အောက်တိုဘာ ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် အာစိဏ္ဏကံပုညကုသလအသင်းမှ ဦးဆောင်ကာ နှစ်စဉ်ကျင်းပလောင်းလှူလာခဲ့သော ဝါတွင်းကာလ အရုဏ်ဆွမ်းလောင်းလှူပွဲကြီးကို ယခုနှစ်ဝါတွင်းကာလ၏ ဆွမ်းသိမ်းအောင်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၇ ရက် နံနက် ၅ နာရီက မဟာမြတ်မုနိဘုရားကြီးဝင်းအတွင်း၌ ကျင်းပလောင်းလှူကြသည်။ အဆိုပါ အရုဏ်ဆွမ်းလောင်းလှူပွဲကြီးသို့ မြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်သံဃာတော်များ၊ ရှင်သာမဏေများ စုစုပေါင်း သံဃာအပါး ၈၈၉ ပါးနှင့် သီလရှင်ဆရာကြီး ဆရာလေးအပါး ၃၂၆ ပါးတို့ ကြွရောက်အလှူတော်ခံယူကြပြီး မြို့နယ်မှ အာစိဏ္ဏကံပုညကုသလအသင်းသား အသင်းသူများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများက ဆွမ်းနှင့် လှူဒါန်းဖွယ်ရာများကို လောင်းလှူကြကြောင်း သိရသည်။ **မင်းလွင်ဦး(ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၇-၁၀-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၇၅ |
| ဥရောပ | တစ်ယူရို | ၁၄၅၄.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၂၁.၅၂ |
| ထိုင်း | တစ်ဘတ် | ၃၆.၃၃၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၈၀၆ |
| တရုတ် | တစ်ယွမ် | ၂၀၁.၉၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅.၂၉ |

ခင်ရတနာ-စုစည်းသည်။

# ပြည်ပနိုင်ငံရောက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးခြင်းဆိုင်ရာ သတင်းစာရှင်းလင်း

**နေပြည်တော် အောက်တိုဘာ ၂၇**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ပြည်ပနိုင်ငံရောက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးခြင်းဆိုင်ရာ သတင်းစာရှင်းလင်းပွဲ အခမ်းအနားကို နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး သင်တန်းခန်းမ၌ ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေ၊ ကော်မရှင်ရုံးမှတာဝန်ရှိသူများနှင့် သတင်းမီဒီယာအဖွဲ့ ၃၂ ဖွဲ့မှ တာဝန်ရှိသူ ၆၄ ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူးက အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသူများ အနက် ကြိုတင်ဆန္ဒမဲပေးရန် ပုံစံ(၁၅)ဖြင့် တောင်းခံလာမှုအပေါ် ဆန္ဒမဲလက်မှတ်များအား ပြည်ပနိုင်ငံ ၃၇ နိုင်ငံရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ၄၄ ရုံးသို့ ပေးပို့ခဲ့မှု၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဆန္ဒပြုပြီးမဲလက်မှတ်များ ပြန်လည်ပေးပို့မှုအခြေအနေ၊ လျှောက်ထားလာသော ပုံစံ(၁၅)များအား စိစစ်ရာတွင် ပြည်တွင်းနေရပ်လိပ်စာမပြည့်စုံခြင်းနှင့် ပြည်ပတွင် ရောက်ရှိနေသော လိပ်စာဖော်ပြရာ၌ နိုင်ငံမပါရှိခြင်းတို့ကြောင့် မဲလက်မှတ်များ ပေးပို့နိုင်ခြင်းမရှိခဲ့မှု၊ ပြည်တွင်း ပြည်ပလိပ်စာများ မပြည့်စုံသော်လည်း အချို့ကို ကော်မရှင်အနေဖြင့် မဲပေးခွင့်ရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့မှု၊ ပြည်ပနိုင်ငံများရှိ တက်ကြွလှုပ်ရှားသောအဖွဲ့များနှင့် ပူးပေါင်း၍ မဲမပေးခဲ့ရသော မဲဆန္ဒရှင်များမဲပေးနိုင်ရေးအတွက် စင်ကာပူ၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံများသို့ ဆန္ဒမဲလက်မှတ်များ ထပ်မံပေးပို့ခဲ့မှုတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သတင်းမီဒီယာအဖွဲ့များက မေးမြန်းသည့်နောက်ဆုံးအကြိမ် မဲဆန္ဒရှင်စာရင်းကပ်ထားကြေညာခဲ့မှုနှင့် တောင်းဆို၊ကန့်ကွက်၊ ပြင်ဆင်မှုများအား ဆောင်ရွက်ခဲ့မှု၊ မဲဆန္ဒရှင်သက်သေခံလက်မှတ်ထုတ်ပေးမည့် အခြေအနေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း တင်သွင်းမှုအခြေအနေ၊ မဲဆွယ်စည်းရုံးရာတွင် အငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်မှု၊ မဲပေးရာတွင် အချိန်လုံလောက်မှုရှိစေရန် ဆောင်ရွက်ထားရှိမှု၊ ရွေးကောက်ပွဲဆိုင်ရာ ဘတ်ဂျက်သုံးစွဲမှု၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ငွေကြေးနှင့် အထောက်အကူပြုပစ္စည်းများထောက်ပံ့မှု၊ မဲရေတွက်မှုစနစ်၊ မဲရုံလုံခြုံရေးစီမံဆောင်ရွက်ထားရှိမှု၊ ကိုကိုးကျွန်းမြို့နယ်၌ လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးခွင့်ရရှိရေးဆောင်ရွက်ခဲ့မှုနှင့် ရွေးကောက်ပွဲရလဒ်ကို ထုတ်ပြန်ကြေညာမည့် အခြေအနေတို့ကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## မဲဆန္ဒနယ်အတွင်း ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်ပတ်သက်၍ ကြေညာချက်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

### မဲဆန္ဒနယ်အတွင်း ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်ပတ်သက်၍ ကြေညာချက်

**နေပြည်တော် အောက်တိုဘာ ၂၇**

၁။ တာဝန်အရ ခရီးသွားရန်ရှိသော ဝန်ထမ်းများသည် ခိုင်လုံသောထောက်ခံချက်ဖြင့် သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့တင်ပြပြီး ကြိုတင်ဆန္ဒမဲပေးခွင့်တောင်းခံလာပါက ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့မှစတင်၍ စိစစ်ခွင့်ပြုပေးသွားပါမည်။

၂။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံအသီးသီး၌ တာဝန်ယူကြမည့် မဲရုံအဖွဲ့ဝင်များ၊ ရွေးကောက်ပွဲရက်တွင် ခရီးသွားရန်ရှိသူများကို နိုဝင်ဘာလ ၆ ရက်နှင့် ၇ ရက်နေ့များတွင် သက်ဆိုင်ရာရပ်ကွက်နှင့်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ကြိုတင်ဆန္ဒမဲပေးခွင့်ပြုသွားပါမည်။

၃။ မဲဆန္ဒနယ်အတွင်းရှိ မဲရုံသို့ ကိုယ်တိုင်မလာရောက်နိုင်သော ရောဂါဝေဒနာခံစားနေရသူများ၊ အသက်အရွယ်ကြီးရင့်နေသူများ၊ သားဖွားနေသူများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံတွင်အတွင်းလူနာအဖြစ် ကုသခြင်းခံနေရသူများအား ကြိုတင်ဆန္ဒမဲပေးနိုင်ရန်အတွက် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်နှစ်ဦးအားစေလွှတ်ပြီး ကြိုတင်ဆန္ဒမဲပေးနိုင်ရေးဆောင်ရွက်ရမည်။ ဆန္ဒပြုပြီးသော မဲလက်မှတ်အား စာအိတ်ထဲထည့်ကာ သေချာစွာပိတ်၍ ကော်မရှင်အဖွဲ့ခွဲဝင်နှစ်ဦးအား ပြန်လည်ပေးအပ်ရမည်။

၄။ ဖော်ပြပါကြိုတင်ဆန္ဒမဲပေးခြင်းအား ကိုယ်စားလှယ်များ၊ စောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ သတင်းမီဒီယာအဖွဲ့များနှင့် အခြားစောင့်ကြည့်လေ့လာရန် ဆန္ဒရှိသူများအနေဖြင့် စောင့်ကြည့်လေ့လာခြင်း၊ လိုက်ပါကြည့်ရှုခြင်း ပြုလုပ်နိုင်သည်။

၅။ ကြိုတင်ဆန္ဒမဲပေးပြီးသောလက်မှတ်များအား စာအိတ်ထဲတွင်ထည့်ပြီး သေချာစွာပိတ်ရမည်။ မဲရုံကိုယ်စားလှယ်များအားပြသပြီး လုံခြုံရေးကြိုးဖြင့်ပိတ်ထားသော မဲပုံးအတွင်းသို့ ဆန္ဒမဲလက်မှတ်ပါစာအိတ်များအားထည့်ရမည်။ ၎င်းမဲပုံးအား လူမြင်နိုင်သောနေရာတွင်ထားရှိ စောင့်ကြပ်ထိန်းသိမ်းထားရမည်။

၆။ မဲဆန္ဒနယ်အတွင်း ကြိုတင်ဆန္ဒမဲပေးသူစာရင်းအား ပုံစံ(၁၃)တွင် စာရင်းသွင်းဖော်ပြရမည်။

၇။ ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံမဖွင့်မီ ကြိုတင်ဆန္ဒမဲများထည့်ထားသော မဲပုံးအား ပုံစံ(၁၃)နှင့်တကွ မဲရုံမှူးထံ အပ်နှံရမည်။ လက်မှတ်ရေးထိုးထားသောပုံစံ(၁၃)လေးစောင်တွင် မဲရုံမှူးက လက်မှတ်ရေးထိုးပြီး တစ်စောင်ကိုမဲရုံတွင်ကပ်၍ တစ်စောင်အားလက်ခံအဖြစ် ထိန်းသိမ်းထားရမည်။ ကျန်နှစ်စောင်အား ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ပြန်လည်ပေးအပ်ရမည်။ ကော်မရှင်အဖွဲ့ခွဲသည် တစ်စောင်ကို ရုံးတွင်ကပ်၍ တစ်စောင်အား လက်ခံအဖြစ် ထိန်းသိမ်းထားရမည်။

၈။ ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံမဖွင့်မီ ပုံစံ(၁၃)နှင့်တကွ အပ်နှံထားသော ကြိုတင်ဆန္ဒမဲများမှအပ မဲရုံသို့ နောက်ကျရောက်ရှိလာသော ကြိုတင်ဆန္ဒမဲများအား ပယ်မဲအဖြစ် သတ်မှတ်ရမည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၇**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

**✳ ရှေ့ဖုံးမှ**

အလားတူ အောက်တိုဘာ ၂၈ ရက်တွင် ကျရောက်သော ချက်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ချက်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဟူစလပ်ဗ် ဆိုဘော့ကာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်သမ္မတထံသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရေးအတွက် မေတ္တာရပ်ခံ

**နေပြည်တော် အောက်တိုဘာ ၂၇**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က နိုင်ငံရေးအကျဉ်းသားများ၊ ထိန်းသိမ်းခံ ကျောင်းသူကျောင်းသားများနှင့် ဝန်းရံပြည်သူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရေးအတွက် စဉ်းစားပေးပါရန် နိုင်ငံတော်သမ္မတထံသို့ မေတ္တာရပ်ခံတင်ပြထားမှုကို ယနေ့ရက်စွဲပါ သတင်းထုတ်ပြန်ချက်အမှတ် ၁၅/၂၀၁၅ ဖြင့် ထုတ်ပြန်ထားရှိသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် ကျင်းပတော့မည်ဖြစ်ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဥပဒေနှင့်အညီ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ လွတ်လပ်စွာနှင့် စိတ်အေးချမ်းသာစွာ မဲပေးနိုင်ရေး၊ တည်ငြိမ်အေးချမ်းသော ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာကျင်းပနိုင်ရေးတို့အတွက် သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများနှင့် ပြည်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် မေတ္တာရပ်ခံထားရှိကြောင်းနှင့် အထွေထွေရွေးကောက်ပွဲကို ကြိုဆိုသောအားဖြင့် နိုင်ငံရေးအကျဉ်းသားများ၊ ထိန်းသိမ်းခံကျောင်းသူကျောင်းသားများနှင့် ဝန်းရံပြည်သူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရေးအတွက် စဉ်းစားပေးပါရန် မေတ္တာရပ်ခံတင်ပြထားကြောင်း ဖော်ပြပါရှိသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ချက်နိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၂၈**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် ကျရောက်သော ချက်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လူဘိုမီယာ ဇာအိုရာလက် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်ဖွဲ့စည်း

**နေပြည်တော် အောက်တိုဘာ ၂၇**

ပြည်ထောင်စုအစိုးရအဖွဲ့သည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဆက်သွယ်ရေးဥပဒေပုဒ်မ ၈၆ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မြန်မာနိုင်ငံကွန်ပျူတာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့်အဖွဲ့ဝင်ငါးဦးပါဝင်သော မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်ကို အောက်တိုဘာ ၈ ရက်ကစတင်၍ ဖွဲ့စည်းလိုက်ကြောင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ပင်လယ်ပြင် လှိုင်းအသင့်အတင့်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၇**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အောက်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

## ဂရိဒုတိယဘဏ္ဍာရေးဝန်ကြီးထံ ကျည်ဆန်ပါစာအိတ်ပေးပို့ ခြိမ်းခြောက်

**အေသင် အောက်တိုဘာ ၂၇**

ဂရိနိုင်ငံဘဏ္ဍာရေးဒုတိယဝန်ကြီး ထရိုင်ဖွန် အလက်ဇီယာ ဒက်စ် ရုံးထံသို့ သတိပေးခြိမ်းခြောက်သည့် မှတ်စုတိုတစ်ခုနှင့်ကျည်ဆန်တစ်တောင့်ပါ စာအိတ်တစ်ခုကိုပေးပို့လိုက်ရာ ဂရိရဲများက အဆိုပါ ခြိမ်းခြောက်မှုကို စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်နေကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

မှတ်စုတိုတွင် ယင်းဒုဝန်ကြီးနှင့် မိသားစုဝင်များကို ဆန့်ကျင်ခြိမ်းခြောက်မှုများ ပြောင်ပြောင်တင်းတင်းပြုလုပ်ထားပြီး "ရက်ဒ် ဖက်စ်ရှင်" ဟု လက်မှတ်ရေးထိုးထားသည်။

"သင်နှင့် သင့်မိသားစု ထိတ်လန့်ကြောက်ရွံ့ခြင်းရဲ့ အရသာဟာ ဘာလဲဆိုတာကို သိစေရမည်"ဟု အဆိုပါမှတ်စုတိုတွင် ထည့်သွင်းရေးသားခြိမ်းခြောက်ထားကြောင်း ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း ဂရိအရာရှိများအနေဖြင့် ကြောက်မက်ဖွယ် ငွေကြေးအကျပ်အတည်းကို ရင်ဆိုင်ကျော်လွှားနေစဉ်အတွင်း ယင်းကဲ့သို့ ခြိမ်းခြောက်စာမျိုး ရရှိခဲ့ခြင်းမှာ ပထမဆုံးအကြိမ်မဟုတ်ကြောင်း သိရသည်။

လွန်ခဲ့သောနှစ်က ဂရိဗဟိုဘဏ်အကြီးအကဲလည်း အလားတူခြိမ်းခြောက်စာတစ်စောင်ရရှိခဲ့ပြီး ၂၀၁၃ ခုနှစ်ကလည်း ဘဏ္ဍာရေးဝန်ကြီးလည်း ယင်းကဲ့သို့ ခြိမ်းခြောက်စာတစ်စောင် လက်ခံရရှိခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

## ပါကစ္စတန်နှင့် အာဖဂန်၌ ငလျင်ကြောင့်သေဆုံးသူ ၂၈၀ ကျော်ရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများစတင်

**ကဘူးလ် အောက်တိုဘာ ၂၇**

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန် ထိန်းချုပ်ဒေသများ၌ တနင်္လာနေ့က အင်အားပြင်းထန်သော ငလျင်လှုပ်ခဲ့ပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အင်အား ၇ ဒသမ ၈ ရှိသော အဆိုပါ ငလျင်ကြောင့် သေဆုံးသူ ၂၈၀ ကျော်ရှိပြီး ဒဏ်ရာရသူ ၁၃၀၀ ခန့်ရှိကြောင်း၊ ၎င်းငလျင်သည် အာဖဂန်မြောက်ပိုင်း ဟိန္ဒူကွတ်ရှ် တောင်တန်းဒေသ မြေအောက်အနက် ကီလိုမီတာ ၂၁၀ ကို ဗဟိုပြုလှုပ်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်မြေလျင်အဖွဲ့က ပြောကြားသည်။

အဆိုပါ မြေလျင်ကြောင့် ပါကစ္စတန် ခိုင်ဘာပတ်တွန်ကွာ အနောက်မြောက်ပိုင်းပြည်နယ်၌



အဆိုးရွားဆုံးထိခိုက်ခဲ့ပြီး ယခုအထိ သေဆုံးသူ ၂၂၀ ကျော်ရှိသွားပြီဖြစ်ကြောင်း၊ ယင်းဒေသ၌ ဒဏ်ရာရသူ ၁၂၀၀ ခန့်ရှိကြောင်း တာဝန်ရှိသူများက တနင်္လာနေ့ညပိုင်းတွင် ပြောကြားသည်။ မြေလျင်ဖြစ်ပွားရာ အဆိုပါဒေသ၌ ကယ်ဆယ်ရေးလုပ်ငန်းများ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ငလျင်ဘေးဒဏ်ခံရသူများအား ကူညီကယ်ဆယ်ရေး အစီအမံတစ်ရပ်ကို အမြန်ဆုံး ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပါကစ္စတန်ပြန်ကြားရေးဝန်ကြီး ပါဗက်ဇ်ရာရှီးဒ်က ပြောသည်။

**(ဆင်ဟွာ)**

## အိုဘားမားနှင့် ဂျိုကိုဝီဒိုဒိုပင်လယ်ရေကြောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ရန် သဘောတူ

**ဝါရှင်တန် အောက်တိုဘာ ၂၇**

အမေရိကန်သမ္မတဘားရက်အိုဘားမားနှင့် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုတို့သည် နှစ်နိုင်ငံ ပင်လယ်ရေကြောင်းလုံခြုံရေး ပူးပေါင်းဆောင်



ရွက်မှုများကို တိုးချဲ့ရန် သဘောတူညီခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် အမေရိကန်နိုင်ငံရှိ အိမ်ဖြူတော်၌ အောက်တိုဘာ ၂၆ ရက်က တွေ့ဆုံခဲ့သည်။ အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒို အနေဖြင့် သမ္မတရာထူးလက်ခံရရှိပြီးနောက် အမေရိကန်နိုင်ငံသို့ လာရောက်လည်ပတ်မှုမှာ ပထမဆုံးဖြစ်ကြောင်း သိရသည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် ပင်လယ်ရေကြောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နှစ်နိုင်ငံနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးနှင့် စစ်ဘက်ဆိုင်ရာ ပစ္စည်းထောက်ပံ့ရေးဆိုင်ရာကိစ္စများ ဆွေးနွေးခဲ့ကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်အသိုင်းအဝိုင်းက ပြောကြားသည်။

ပင်လယ်ရေကြောင်း ကဏ္ဍများတွင် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များကို နှစ်နိုင်ငံခေါင်းဆောင်များက ဆွေးနွေးခဲ့ကြသည်။

အင်ဒိုနီးရှားနိုင်ငံသည် ပစိဖိတ်ဖြတ်ကျော်ကုန်သွယ်ရေးအဖွဲ့နှင့် ပူးပေါင်းလိုကြောင်း၊ အမေရိကန် ပြည်ထောင်စုအပါအဝင် နိုင်ငံ ၁၂ နိုင်ငံနှင့်လည်း လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူညီချက်ကို ယခုလ အစောပိုင်းက ရရှိခဲ့ကြောင်း သမ္မတဂျိုကိုဝီဒိုဒိုက ပြောသည်။

**(အင်န်အိတ်ချ်ကေ)**

## တောင်တရုတ်ပင်လယ်အတွင်းရှိ လူလုပ်ကျွန်းအနီး အမေရိကန်စစ်သင်္ဘောဝင်ရောက်မှု တရုတ်ဒေါသထွက်

**ဝါရှင်တန် အောက်တိုဘာ ၂၇**

အမေရိကန်ရေတပ်က ပဲ့ထိန်းဒုံးကျည်တပ်ဆင်ထားသော ဖျက်သင်္ဘောတစ်စင်းကို တောင်တရုတ်ပင်လယ် လူလုပ်ကျွန်းအနီးသို့ စေလွှတ်ခဲ့ခြင်းအပေါ် တရုတ်နိုင်ငံက ဒေါသထွက်နေပြီး အမေရိကန်ရေတပ်ကို သတိပေးလိုက်သည်။

USS Lassen အမည်ရှိ အဆိုပါ အမေရိကန် ဖျက်သင်္ဘောသည် တောင်တရုတ် ပင်လယ်အတွင်းရှိ တရုတ်နိုင်ငံ၏ လူလုပ်ကျွန်းအနီး ချဉ်းကပ်လာသည့်အတွက် တရုတ်တို့က ဒေါသထွက်လျက်ရှိသည်။ ယင်းဒေသသည် ကမ္ဘာ့သင်္ဘောကြီးများ ဝင်ထွက်သွားလာမှု အများဆုံး ရေလမ်းတစ်ခုဖြစ်သည်ဟု ဆိုသည်။ ယင်းဖျက်သင်္ဘောသည် ဆူဘီသန္တာကျောက်တန်းမှ ရေမိုင် ၁၂ မိုင်အတွင်း ဝင်ရောက်ခဲ့ကြောင်း အမေရိကန် စစ်ဘက်တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ မစ်ရှင်သည် တရုတ်၏ ရေပိုင်နက် တောင်းဆိုမှုနှင့်စပ်လျဉ်း၍ အကဲစမ်းရန် ရည်ရွယ်ပြီး လွတ်လပ်စွာ ရေကြောင်းသွားလာ



မှု လေ့ကျင့်ခန်းများ၏ ပထမဆုံး အစိတ်အပိုင်းဖြစ်လိမ့်မည်ဖြစ်ကြောင်း အမေရိကန်စစ်ဘက် ဒုတိယအရာရှိက ပြောကြားသည်။

တရုတ်အစိုးရ၏ ခွင့်ပြုချက်မရဘဲ အဆိုပါရေပိုင်နက်အတွင်း ဝင်ရောက်ခြင်းသည် တရားမဝင်ကြောင်း တရုတ်နိုင်ငံခြားရေးရုံးက ပြောသည်။ ယင်းအမေရိကန် ရေတပ်သင်္ဘောသည် အငြင်းပွားကျွန်းအနီး ရေပိုင်နက်အတွင်း နာရီအတန်ကြာအောင် ဝင်ရောက်ခဲ့သည်ဟု ဆိုသည်။

**(ရိုက်တာ)**

## အာရှပစိဖိတ်ဒေသ၌ သဘာဝဘေး ၁၆၂၅ ကြိမ်ဖြစ်ပွား လူပေါင်း ငါးသိန်းခန့် သေဆုံးခဲ့ရ

**ဗန်ကောက် အောက်တိုဘာ ၂၇**

၂၀၀၅ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း အာရှပစိဖိတ်ဒေသ၌ သဘာဝဘေးအန္တရာယ်ဖြစ်စဉ်ပေါင်း ၁၆၂၅ ကြိမ်ဖြစ်ပွားခဲ့ပြီး အနည်းဆုံး လူပေါင်း ငါးသိန်းခန့် သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂက အင်္ဂါနေ့တွင် ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြသည်။

အဆိုပါ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားမှုသည် တစ်ကမ္ဘာလုံး ဖြစ်ပွားမှု၏ ၄၀ ရာခိုင်နှုန်း ကျော်ရှိကြောင်း၊ ယင်းမှာ လူပေါင်း ၁ ဒသမ ၄ ဘီလီယံခန့်ထိခိုက်မှု ရှိကြောင်း၊ ကုလသမဂ္ဂအာရှနှင့်ပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ကော်မရှင် (ယူနက်စကတ်)က ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယင်းကာလတွင် အာရှနှင့် ပစိဖိတ်ဒေသ သဘာဝဘေးဖြစ်ပွားမှုသည် ကမ္ဘာတွင် အဆိုးရွားဆုံးဒေသဖြစ်သည်ဟု ဆိုသည်။ သဘာဝဘေးများကြောင့် စီးပွားရေးထိခိုက်ဆုံးရှုံးမှု အမေရိကန် ဒေါ်လာ ၅၂၃ ဘီလီယံဖိုးရှိပြီး တစ်ကမ္ဘာလုံး၏ ၄၅ ရာခိုင်နှုန်းရှိသည်ဟု ဆိုသည်။

အာရှနှင့် ပစိဖိတ်ဒေသနိုင်ငံများသည် တိုးတက်လာသော်လည်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ရမှုများလျှော့ချရန် အလွန်အမင်း လုပ်ဆောင်နေကြရကြောင်း၊ လူဦးရေနှင့် စီးပွားရေးလုပ်ငန်းများ လျင်မြန်စွာတိုးတက်လာသည့်တိုင် သဘာဝဘေးအန္တရာယ်များကြောင့် ရုန်းကန်နေကြရဆဲဖြစ်ကြောင်း ၎င်းအစီရင်ခံစာ၌ ဖော်ပြသည်။ **(ဆင်ဟွာ)**

## ဒုက္ခသည်အကျပ်အတည်းနှင့် ပတ်သက်ပြီး လက်ဘနွန်ကို ပြင်သစ်ကူညီထောက်ပံ့မည်

**ဘေရွတ် အောက်တိုဘာ ၂၇**

ဆီးရီးယားဒုက္ခသည် အကျပ်အတည်းနှင့်ပတ်သက်ပြီး လက်ဘနွန်ကို ကူညီရန်အစီအစဉ်များပြုလုပ်ပေးမည်ဖြစ်ကြောင်း ပြင်သစ် ပြည်ထဲရေးဝန်ကြီး ဘားနက်ဒ်ကဇီနျူဗီက အောက်တိုဘာ ၂၆ ရက်တွင် ပြောကြားခဲ့သည်။

ပြင်သစ်လွှတ်တော်အကြီးအကဲ ဂျီရက်ဒ်လာရ်ဂျီ၏ လက်ဘနွန်ခရီးစဉ်ပြီးဆုံးပြီးနောက် ကဇီနျူဗီက အောက်တိုဘာ ၂၆ ရက်တွင် ယင်းနိုင်ငံသို့ သွားရောက်ခဲ့ကြောင်း သိရသည်။

ကဇီနျူဗီသည် ၎င်းနှင့်အဆင့်တူ လက်ဘနွန်ပြည်ထဲရေးဝန်ကြီး နိုဟက်ဒ်မက်ရှ်နော့နှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ ပြင်သစ်နိုင်ငံအနေဖြင့် လက်ဘနွန်ကို လိုအပ်သောကူညီမှုများပေးအပ်သွားမည်ဖြစ်သကဲ့သို့ ဒုက္ခသည်အရေး မားမားမတ်မတ်ရပ်တည်ပေးသော နိုင်ငံတကာအဖွဲ့အစည်းများအပြင် ဆီးရီးယား၏ အခြားအိမ်နီးချင်းနိုင်ငံများကိုလည်း လိုအပ်သောကူညီထောက်ပံ့မှုများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် ပြင်သစ်နိုင်ငံအနေဖြင့် လက်ဘနွန်၏ အကြမ်းဖက်နှိမ်နင်းတိုက်ဖျက်မှုလုပ်ငန်းစဉ်များ၊ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ဆီးရီးယားဒုက္ခသည် အကျပ်အတည်းကိစ္စများတွင်လည်း ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# ၂၀၁၅ အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်ရာတွင် သတင်းအချက်အလက်နှင့်နည်းပညာအသုံးပြုမဲဆွယ်မှုနည်းပါး

သတင်း-မြတ်သန္တာမောင်
ဓာတ်ပုံ-အငယ်လေး




**ရန်ကုန် အောက်တိုဘာ ၂၇**

၂၀၁၅ အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်ရာတွင် သတင်းအချက်အလက်နှင့် နည်းပညာအသုံးပြုပြီး မဲဆွယ်မှုမှာ တစ်ရာခိုင်နှုန်းသာရှိသည်ဟု ယုံကြည်ရသော ရွေးကောက်ပွဲများ ပေါ်ပေါက်ရေး ပြည်သူများ ပူးပေါင်းလှုပ်ရှားမှုအဖွဲ့ (PACE)မှ သိရသည်။

အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ Park Royal ဟိုတယ်၌ပြုလုပ်သည့် **(ယာဗုံ)**PACE ၏ မဲဆွယ်စည်းရုံးမှုစောင့်ကြည့်လေ့လာခြင်းမှ ကနဦးတွေ့ရှိချက်များကို ထုတ်ပြန်သည့်အစီရင်ခံစာတွင် ယင်းကဲ့သို့ ဖော်ပြထားခြင်းဖြစ်သည်။

ယင်း အစီရင်ခံစာအရ ရွေးကောက်ပွဲမဲဆွယ်ကာလအတွင်း နိုင်ငံရေးပါတီများ၏ မဲဆွယ်မှုများတွင် အီးမေးလ်၊ SMS နှင့် တယ်လီဖုန်းအစရှိသည့် ဆက်သွယ်ရေး နည်းပညာများကို အသုံးပြုခြင်း တစ်ရာခိုင်နှုန်း၊ မီဒီယာတွေ့ဆုံမေးမြန်းမှု တစ်ရာခိုင်နှုန်းနှင့် အခကြေးငွေပေး၍ကြော်ငြာမှုမှာ တစ်ရာခိုင်နှုန်းအောက်သာရှိကြောင်း ပါရှိသည်။

၂၀၁၅ ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများသည် အစဉ်အလာမဲဆွယ်မှုနည်းလမ်းများဖြစ်သည့် တရားဝင်ပုံနှိပ်ထားသည့် စာရွက်စာတမ်းများ ဖြန့်ဝေခြင်း ၂၇ ရာခိုင်နှုန်း၊ ပိုစတာများချိတ်ဆွဲခြင်း ၂၂ ရာခိုင်နှုန်းနှင့် လူထုဟောပြောပွဲများ ပြုလုပ်ခြင်း ၂၂ ရာခိုင်နှုန်းကို အများဆုံး အသုံးပြုကြသည်။ စီတန်းလှည့်လည်ခြင်း/အသံချဲ့စက်အသုံးပြုခြင်းနှင့် အိမ်တိုင်ရာရောက်သွားရောက်၍ မဲဆွယ်သည့်နည်းလမ်းများကို ဒုတိယအများဆုံး အသုံးပြုကြကြောင်း သိရသည်။

PACE အဖွဲ့မှ အမှုဆောင်ဒါရိုက်တာဖြစ်သူ ဦးစိုင်းရဲကျော်စွာမြင့်က "အိုင်တီမသုံးလို့ ရွေးကောက်ပွဲအပေါ်မှာ အကျိုးသက်ရောက်မှုကတော့ သိပ်မရှိလောက်ပါဘူး။ ကျွန်တော်တို့ကတော့ စိတ်ဝင်စားတာပေါ့။ ဒီခေတ်မှာ ကိုယ်စားလှယ်လောင်းတွေအနေနဲ့ ဘယ်လိုနည်းတွေကို သုံးပြီးတော့ မဲဆွယ်ကြသလဲဆိုတာကို ကျွန်တော်စိတ်ဝင်စားတယ်။ မဲဆန္ဒရှင်တွေဆီကို သူတို့ရဲ့ အချက်အလက်တွေကို ဘယ်လိုရောက်အောင်ပေးသလဲဆိုတာကို ကျွန်တော်တို့ စိတ်ဝင်စားတယ်။ ဘယ်လိုနည်းလမ်းတွေသုံးပြီးမဲဆွယ်တယ်ဆိုတာက စိတ်ဝင်စားဖို့ ကောင်းတယ်။ တိုင်းပြည်ရဲ့ အခြေအနေနဲ့ အိုင်တီနည်းပညာတွေ သုံးတာ စိတ်ဝင်စားဖို့ ကောင်းတယ်။ ပါတီခေါင်းဆောင်တွေရဲ့ ရွေးကောက်ပွဲမဲဆွယ်ရာမှာ ပါဝင်မှုကလည်း စိတ်ဝင်စားဖို့ ကောင်းတယ်"ဟု ဆိုသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆွယ်စည်းရုံးခွင့်ကာလကို စက်တင်ဘာ ၈ ရက် နံနက် ၆ နာရီမှ နိုဝင်ဘာ ၆ ရက် ည ၁၂ နာရီအထိ ရက်ပေါင်း ၆၀ ခွင့်ပြုထားကြောင်း ဩဂုတ် ၁၇ ရက်က ထုတ်ပြန် ကြေညာထားသည်။

ယင်းထုတ်ပြန်ချက်တွင် လွှတ်တော်အသီးသီးအတွက် ရွေးကောက်ပွဲများကျင်းပရာတွင် ဥပဒေနှင့်အညီ လွတ်လပ်၍တရားမျှတမှုရှိသော ရွေးကောက်ပွဲများဖြစ်စေရေးအတွက် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မဲဆွယ်စည်းရုံးရာတွင် ထုတ်ပြန်ထားသော ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ထို့အပြင် ၂၀၁၅ ခုနှစ် ဇွန် ၂၆ ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့ကြသော နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် (Code of Conduct for political parties and candidates) ကို စောင့်ထိန်းလိုက်နာကြရန် လိုအပ်မည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

PACE အဖွဲ့သည် စက်တင်ဘာ ၈ ရက်မှ ၁၈ ရက်အတွင်း ကာလရှည်လေ့လာစောင့်ကြည့်သူ ၁၂၉ ဦးဖြင့် မြို့နယ်ပေါင်း ၁၂၉ မြို့၌ ရွေးကောက်ပွဲမဲဆွယ်မှုများကို လေ့လာစောင့်ကြည့်ခဲ့ခြင်းဖြစ်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ မဲရုံအရေအတွက်အချိုးအစားအလိုက် မြို့နယ် ၁၀၉ မြို့နယ်ကို ရွေးခဲ့ခြင်းဖြစ်ပြီး ကျန်မြို့နယ် ၂၀ ကိုမူ ထင်ပေါ်ကျော်ကြားသည့် နိုင်ငံရေးခေါင်းဆောင်များ ဝင်ရောက်ယှဉ်ပြိုင်သည့်နေရာများ၊ ယခင်ရွေးကောက်ပွဲများတွင် အငြင်းပွားမှုများဖြစ်ပွားခဲ့သည့် နေရာများ၊ ရွှေ့ပြောင်းလူဦးရေ အများအပြားနေထိုင်သည့် နေရာများနှင့် ပဋိပက္ခဖြစ်ပွားလျက်ရှိသည့် နေရာများအား ရွေးချယ်ပြီး လေ့လာစောင့်ကြည့်ခဲ့ခြင်း ဖြစ်သည်။

PACE အဖွဲ့သည် မဲဆွယ်စည်းရုံးရေး နည်းနာများ၊ မဲဆွယ်စည်းရုံးခွင့် လျှောက်လွှာခွင့်ပြုမှု၊ လူထုဟောပြောပွဲများ ကျင်းပပြုလုပ်သည့်နေရာ၊ လူထုဟောပြောပွဲတွင် ဝေငှခဲ့သည့်ပစ္စည်းများ၊ မဲဆွယ်စည်းရုံးရေးဟောပြောမှုတွင် ပါဝင်ဟောပြောပေးသည့် ပုဂ္ဂိုလ်၊ ပုဂ္ဂိုလ်ရေးပတ်သတ်သည့်ဟောပြောမှု သို့မဟုတ် လှုံ့ဆော်သည့် ဟောပြောမှုနှင့် မဲဆွယ်စည်းရုံးမှုအား ဝင်ရောက်နှောင့်ယှက်မှုတို့ကို ခြောက်ပတ်ကြာလေ့လာစောင့်ကြည့်ခဲ့ခြင်းဖြစ်သည်။

PACE အဖွဲ့မှ အမှုဆောင်ဒါရိုက်တာဖြစ်သူ ဦးစိုင်းရဲကျော်စွာမြင့်က "မဲဆွယ်တာကို ဝင်ရောက်နှောင့်ယှက်တာ ဘာသာရေး၊ လူမျိုးရေး၊ ကျား-မ ရေးရာနဲ့ပတ်သက်ပြီး မှတ်ချက်ပေးတာတွေ ရှိနေတယ်။ ကျွန်တော်တို့ဘက်က ဒါတွေကြောင့် ရွေးကောက်ပွဲပဋိပက္ခအထိ မဖြစ်အောင်ပေါ့။ ဖြစ်မယ်လို့ ကျွန်တော်တို့ပြောတာ မဟုတ်ပါဘူး။ ဒါတွေအပေါ်မှာ အခြေခံပြီးဖြစ်နိုင်ခြေရှိတော့ ဒါလေးတွေဖြစ်မလာအောင် ပါတီတွေအနေနဲ့ ကျင့်ဝတ်တွေနဲ့အညီ မဲဆွယ်ဖို့၊ ရွေးကောက်ပွဲကော်မရှင်ကလည်း ဖွဲ့စည်းထားတဲ့ ကော်မတီတွေကို တကယ်ပဲထိထိရောက်ရောက်လုပ်နိုင်ဖို့ လိုပါတယ်"ဟု ၎င်းတို့အဖွဲ့မှ ခြောက်ပတ်ကြာ လေ့လာစောင့်ကြည့်ပြီးနောက် တွေ့ရှိချက်များအပေါ် မူတည်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများသို့ အကြံပြုပြောကြားသည်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲ ကျင်းပမည့်နေ့တွင် PACE အဖွဲ့သည် လေ့လာစောင့်ကြည့်သူ စုစုပေါင်း ၂၀၀၀ ကို အသုံးပြုပြီး ရွေးကောက်ပွဲကျင်းပသည့် မြို့တိုင်းတွင် ရွေးကောက်ပွဲ၏ဖြစ်စဉ်ကို လေ့လာစောင့်ကြည့်မှု ပြုလုပ်သွားမည်ဖြစ်သည်။ လက်ရှိတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်တွင်းရွေးကောက်ပွဲ လေ့လာစောင့်ကြည့်မည့် အဖွဲ့ပေါင်းကိုးဖွဲ့နှင့် ပြည်ပအဖွဲ့အစည်းလေးဖွဲ့ရှိနေသည်။




# သတင်းမီဒီယာကောင်စီဥက္ကဋ္ဌအဖြစ် ဦးခင်မောင်လေး(ဖိုးသောကြာ)အား ရွေးချယ်တင်မြှောက်

**ရန်ကုန် အောက်တိုဘာ ၂၇**

သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေများအရ အောက်တိုဘာ ၂၁ ရက်က ရွေးချယ်တင်မြှောက်ခဲ့သည့် သတင်းမီဒီယာကောင်စီဝင် ၂၄ ဦးထဲမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ ရွေးချယ်တင်မြှောက်ပွဲကို ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ရှိ Sky Star Hotel ၌ ကျင်းပသည်။

အဆိုပါ ရွေးချယ်တင်မြှောက်ပွဲတွင် ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်လေး(ဖိုးသောကြာ)၊ ဒုတိယဥက္ကဋ္ဌ(၁)ဦးဖေမြင့်၊ ဒုတိယဥက္ကဋ္ဌ(၂)ဒေါက်တာမျိုးသန့်တင်၊ အတွင်းရေးမှူးအဖြစ် ဦးသီဟစော၊ အတွင်းရေးမှူး(၁)ဒေါ်သင်းသင်းသာ၊ အတွင်းရေးမှူး(၂)ဦးကျော်စွာမင်း၊ စာရင်းစစ်အဖြစ် ဒေါက်တာမောင်မောင်စံနှင့် ဘဏ္ဍာရေးမှူးအဖြစ် ဦးမင်းဟန်တို့ကို ရွေးချယ်တင်မြှောက်ရေးအဖွဲ့နှင့် သတင်းမီဒီယာကောင်စီဝင်တို့က ဆန္ဒပြုရွေးချယ်တင်မြှောက်ခဲ့ကြသည်။

မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)သည် သတင်းမီဒီယာဥပဒေ၊နည်းဥပဒေများအရ သတင်းမီဒီယာကောင်စီကို တာဝန်လွှဲပြောင်းပေးရန် အောက်တိုဘာ ၂၁ ရက်က သတင်းမီဒီယာကောင်စီဝင်များ ရွေးချယ်တင်မြှောက်ခြင်းအခမ်းအနားကို ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပခဲ့ပြီး သတင်းအေဂျင်စီများက အဆိုပြုသည့် ကိုယ်စားလှယ်များ၊ ပုံနှိပ်ထုတ်ဝေသူများနှင့် ဖြန့်ချိသူများက အဆိုပြုသည့်ကိုယ်စားလှယ်များ၊ စာရေးဆရာများက အဆိုပြုသည့် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မြန်မာဂျာနယ်လစ်ကွန်ရက်၊ မြန်မာစာနယ်ဇင်းသမဂ္ဂနှင့် နိုင်ငံတကာမြန်မာသတင်းဌာနများက အဆိုပြုသည့် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)က အဆိုပြုသည့် ကိုယ်စားလှယ်များ၊ သတင်းမီဒီယာအသင်းအဖွဲ့များမှ အဆိုပြုသည့် ကိုယ်စားလှယ်များ၊ လူမှုရေး၊ စီးပွားရေး၊ စာပေယဉ်ကျေးမှု၊ ဥပဒေရေးရာ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သည့် လူထုအဖွဲ့အစည်းများက အဆိုပြုသည့် ကိုယ်စားလှယ်များ၊ နိုင်ငံတော်သမ္မတက အဆိုပြုသည့် ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပြုသည့် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပြုသည့် ကိုယ်စားလှယ်နှင့် တစ်ဦးချင်းကိုယ်စားလှယ်လောင်းများထဲမှ သတင်းမီဒီယာကောင်စီဝင် ၂၄ ဦးကို ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးချယ်တင်မြှောက်ခဲ့သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲကျင်းပခြင်း မပြုလုပ်နိုင်သည့် နယ်မြေများအားထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၂၇**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲ ကျင်းပရန် အခြေအနေမရှိသဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မိုင်းရှူးမြို့နယ်တစ်မြို့နယ်လုံး၊ ကျေးသီးမြို့နယ်တစ်မြို့နယ်လုံး၊ တန့်ယန်းမြို့နယ်ရှိ ကျေးရွာအုပ်စုရှစ်အုပ်စု၊ ဟိုပန်မြို့နယ်ရှိ နမ့်တစ်မြို့မှ ရပ်ကွက်ငါးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၇ အုပ်စုတို့၌ ရွေးကောက်ပွဲများကျင်းပခြင်း ပြုမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ်(၆၇/၂၀၁၅)ဖြင့် ထုတ်ပြန်ထားသည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရွေးကောက်ပွဲကော်မရှင်ရုံး၏ Website ဖြစ်သော www.uecmyanmar.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ဆန္ဒမဲလက်မှတ်များ လိုအပ်မှုအရ ထပ်မံအပ်နှံလိုပါက အောက်တိုဘာ ၃၁ ရက်မတိုင်မီအပ်နှံမှသာ အချိန်မီပုံနှိပ်နိုင်မည်

**နေပြည်တော် အောက်တိုဘာ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအနေဖြင့် ၂၀၁၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် လိုအပ်သောဆန္ဒမဲလက်မှတ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ စိစစ်အတည်ပြုပြီး ပေးပို့အပ်နှံသော စာရင်းဇယားများအတိုင်း အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်အချိန်မီ ပုံနှိပ်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် စက်တင်ဘာ ၉ ရက်မှ အောက်တိုဘာ ၁၉ ရက်အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အမှာစာ(၉)ကြိမ်ဖြင့် ဆန္ဒမဲလက်မှတ် ၁၃၀၆၂၀၂၇၂ စောင်နှင့် ပြည်ပသို့ ပို့ဆောင်နိုင်ရန် အမှာစာ(၄)ကြိမ်ဖြင့် ဆန္ဒမဲလက်မှတ် ၁၉၁၀၀၀ စောင်၊ စုစုပေါင်းအမှာစာ (၁၃)ကြိမ် ဖြင့် ဆန္ဒမဲလက်မှတ်ပေါင်း ၁၃၀၈၁၁၂၇၂ စောင် အပ်နှံခဲ့မှုအပေါ် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းအနေဖြင့် အောက်တိုဘာ ၂၂ ရက်အပြီး ဆန္ဒမဲလက်မှတ် အမှာစောင်ရေအားလုံးကို ပုံနှိပ်ပေးပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဆန္ဒမဲလက်မှတ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထပ်မံအပ်နှံလာမည်ဆိုပါက အောက်တိုဘာ ၃၁ ရက်မတိုင်မီ အပ်နှံမှုများကိုသာ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအနေဖြင့် အချိန်မီပုံနှိပ်နိုင်မည်ဖြစ်ပြီး အဆိုပါနေ့ရက်ထက် နောက်ကျအပ်နှံလာမှုများအပေါ် ပုံနှိပ်လုပ်ငန်းစဉ်အဆင့်ဆင့်အရ အချိန်မီပုံနှိပ်ပြီးစီးနိုင်ရန် ကန့်သတ်ချက်ရှိနိုင်ကြောင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကြိုတင်အကြောင်းကြားထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မင်္ဂလာအပေါင်းခညောင်းသော မြန်မာ့ရိုးရာဝါကျွတ်ချိန်ခါ

**ဒေါက်တာ မောင်မြေ**

ဤလရာသီမှာ မိုးများများရွာခဲ့ပြီး ဆောင်းနှင်းပွင့်များ မှုန်ဝါးဝါးလေးလှနေဆဲအချိန်ကာလဖြစ်သည်။ သစ်ပင်ပန်းမန်တို့မှာလည်း တစ်ရာသီလုံး မိုးရေကို သောက်သုံးထားသဖြင့် စိမ်းစိုလန်းဆန်း၍နေသည်။ ပွင့်လင်းရာသီ ရောက်ချိန်နီးကာ ဆောင်းနှင်းပွင့်များကို ကမ်းလင့်လို့ကြိုလျက်ရှိသည့် အကောင်းဆုံးအခါသမယဖြစ်သည်။ မြတ်ဘုရားရှင်၏ ပညတ်တော်အရ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ပုရိမဝါဆိုတော်မူကြသည့် သံဃာတော်များမှာ ဝါဆိုသည့်ကာလကုန်ဆုံးသွားကြ ပြီဖြစ်သဖြင့် အရပ်တစ်ပါးသို့ ညဉ့်အိပ်ညဉ့်နေ ခရီးထွက်ကြရတော့မည်ဖြစ်သည်။

မြတ်ဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၉ ခုနှစ်၊ ဝါဆိုလပြည့်နေ့ညနေပိုင်းတွင် သာဝတ္ထိပြည်အနီးရှိ ကဏ္ဍမ္ဗသရက်ဖြူပင်အနီးတွင် တိတ္ထိတို့ကို ရေ၊ မီး အစုံစုံ တန်ခိုးပြာဋိဟာပြသတော်မူခဲ့သည်။ တန်ခိုးပြာဋိဟာပွဲကြီးအပြီးတွင် မယ်တော်မိနတ်သားကို အဘိဓမ္မာတရားဟောကြားတော်မူခြင်းဖြင့် ကျေးဇူးဆပ်ရန်အတွက် တာဝတိံသာနတ်ပြည်သို့ ကြွမြန်းတော်မူကာ သတ္တမ ဝါကပ်တော်မူသည်။

မြတ်ဘုရားရှင်သည် တာဝတိံသာနတ်ပြည်ရှိ သန္တုသိတမယ်တော်မိနတ်သား အမှူးပြုသည့်စကြဝဠာပေါင်းတိုက်တစ်သောင်းမှာနတ်၊ ဗြဟ္မာပရိသတ်တို့အား အဘိဓမ္မာတရားတော်ကို ဝါတွင်းသုံးလပတ်လုံးနေ့ညမစဲဟောကြားတော်မူလေသည်။ မြတ်ဘုရားရှင်၏ အဘိဓမ္မာတရားတော်သည် သီတင်းကျွတ်လပြည့်နေ့၌ ပြီးဆုံးလေသည်။

သီတင်းကျွတ်လသို့ရောက်သောအခါ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများ၌ မိုးရွာသွန်းမှုအရှိန်လျော့သွားလေ့ရှိသော်လည်း မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ဆက်လက်မိုးရွာသွန်းလေ့ရှိတတ်သည့် သီတင်းကျွတ်ကာလနှင့် တန်ဆောင်မုန်းလဆန်းအချိန်အတွင်း မိုးရွာသွန်းတတ်ပုံကိုအကြောင်းပြု၍ မင်းထင်သက်ရှည် ရေးဖွဲ့သော ဥက္ကလာပမိုးဖွဲ့လေးချိုးကြီးတွင် " သင်းတိုင်ငယ်လဲ့ယောင်၊ နီလာတောင်လို၊ ဘီခေါင်မိုးညွှန့် ၊ ဇွေရိုးဆီကွန့်ရင်လေ၊ မယ်နွှန့်ကျွန်းပြည်၊ ကျိုက်ခေါက်ဆီမှာ၊ မြရည်လိုလို၊ ပန်းလို့သာညိုတော့၊ ဗိုလ်တစ်ထောင်အမုန်တွင်၊ ဟိုဒေါပုံဆီက မဲပြန်လို့၊ စိန်ဖဲရံ စိန်လျှံလျှပ်ကပ်နှင့်၊ ဝန်းပတ်ခြံညီ၊ ဥက္ကလာငယ်၊ စံရာကွန်းပျောက်၊ ရွှေဥကင်ပေါက်ချိန်မှ ၊ ထပ်လျှောင်ငယ်မဖြေ၊ ကဲတဲ့စေနှင့်၊ ဟေဝန်သမုတ်၊ ရံဝန်းချုပ်တဲ့၊ သိဂ်ုတ်ကယ်ဆံချာ၊ စံခန်းဝါက၊ ဖြာဖြာသမိုက်၊ မီးရေဝိုက်လို့ ၊ အမြိုက်ကယ်စီးဝှန်၊ နတ်မန္ဒာသွန်လှချည့်၊ ဇွန်ဘေရီမူ၊ သံပဟီဆော်ရွှမ်းလို့ တခြိမ့်ခြိမ့်ဟူ၍ သာယာဝတီမင်းအောက်ပြည်သို့ စုန်ဆင်းကာ ဥက္ကလာပ၌ စံနေတော်မူခိုက် မိုးရွာသွန်းသည့် အချိန်အခါနှင့် တိုက်ဆိုင်သဖြင့် မင်း၏အမိန့်တော်အရ စာပန်းချီခြယ်သထားခြင်းဖြစ်သည်။

သီတင်းကျွတ်လနှင့်ပတ်သက်၍ မှတ်သားဖွယ်ရာ အဖြာဖြာတို့ကို ရှေးခေတ်စာဆိုတို့က " သံတူလမြတ်၊ သီတင်းကျွတ်၊ ဝါကျွတ်ဝေါဟာပြား၊ တူရာသီဆို၊ မြတ်ကုသိုလ်၊ မြင်းမိုရ်မီးဖွဲ့ထား၊ နက္ခတ်အသဝနီ၊ စန်းနှင့်မှီ၊ ငါးလီကြာမျိုးကြွား၊ ရက်ရာဇာ ဆီ၊ မီးနှင့်ဆီ၊ နှစ်လီဝါဒခြား၊ ပြဿဒါးတုန်၊ ရှောင်ကြကုန်၊ ဂဠုန်ဗျာဂ္ဃကျား၊ နေ့ညနာရီ၊ သုံးဆယ်စီ၊ အညီရှိသကား၊ မွန်းတည့်ချိန်ခါ၊ တိုင်းလေပါ၊ သာယာသုံးဖဝါး၊ ဝတိံဇွေမှု၊ သက်သျှ၊ သက်ကြွတို့ဘုရား " ဟုလည်းကောင်း။

စာဆိုဖိုးသူတော်ဦးမင်း၏ သဖြန်ကဗျာလေးတွင် " ကြာငါးမည်၊ ကြိုင်သင်းလို့၊ လျှံဝင်းတဲ့ပြောင်ထိန်၊ ရွှေနန်းတောင်တော်ဦးမှာလ၊ ကွန့်မြူးမြင်းမိုရ်မီး၊ ညည်းတဲ့ခါချိန်၊ ရှိုဦးငယ်နှိမ်၊ သုံးကြိမ်ရိုပျောင်း၊ သက္ကစ္စဂါရဝါနှင့်၊ စဉ်အလာပူဇော်ပွဲကို၊ နွဲကြပေတောင်း " ဟုလည်းကောင်း။

မဟာအတုလမင်းကြီး လွမ်းချင်းတွင်လည်း " လှိုင်လှိုင်သာသင်းတော့တယ်၊ ကန်မင်းငယ်နန္ဒာ၊ လျှံဝင်းငယ်ဖြာသည်၊ ပွင့်ရွှေကြာမြိုင်မြိုင်နှင့် ကြိုင်ကြိုင်သင်းတဲ့ လကိုလေး" ဟု လည်းကောင်း အသီးသီးဖွဲ့ဆိုထားကြပြန်ပါသည်။

မြတ်ဘုရားရှင်သည် သီတင်းကျွတ်လပြည့်နေ့၌ လူ့ပြည်သို့ပြန်ကြွမည်ဖြစ်ကြောင်း သိကြားမင်းကို မိန့်ကြားတော်မူသည့် သိကြားမင်းက ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းစသည့် စောင်းတန်းသုံးသွယ်တို့ကို ဖန်ဆင်းပေး၏။ ထိုစောင်းတန်းသုံးသွယ်တို့၏ အခြေတို့ကားသင်္ကဿမြို့တံခါး၌တည်ကုန်ပြီး စောင်းတန်းဦးများကား မြင်းမိုရ်တောင်ထိပ်၌တည်၏။ မြတ်ဘုရားသည် ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် တင့်တယ်စွာ အလယ်ဗဟို၌ရှိသော ပတ္တမြားစောင်းတန်းမှဆင်းသက်ကြွမြန်းပြီး နတ်အပေါင်းတို့က လက်ယာဘက်ရွှေစောင်းတန်းမှ လည်းကောင်း အသီးသီးခြံရံလိုက်ပါ သက်ဆင်းလာကြ၏။

ပဥ္စသိခ်နတ်သားက သုံးဂါဝုတ်ပမာဏရှိသော ဗေဠုဝနတ်စောင်းကြီးကို တီးခတ်လျက်ပူဇော်ကာ လက်ယာနံပါးမှ သက်ဆင်းလိုက်ပါလာသည်။ မာတလိနတ်သားက နတ်၌ဖြစ်သောပန်းနံ့သာအမွှေးအကြိုင်တို့ကိုကိုင်စွဲလျက် လက်ဝဲနံပါးမှ သက်ဆင်းလိုက်ပါလာသည်။ သုယာမနတ်မင်းက စာမရီသားမြီးယပ်ကိုခတ်လျက် သန္တုသိတနတ်မင်းက ပတ္တမြားယပ်ဝန်းကိုတလွှဲလွှဲခတ်ကာ သိကြားမင်းက ဝိဇယုတ္တာခရုသင်းကိုမှုတ်လျက် လက်ယာဘက်မှ ပူဇော်ကာ သက်ဆင်းလိုက်ပါလာကြသည်။ ထိုနည်းတူ ကျန်စကြဝဠာတိုက်တို့၌ နေထိုင်ကြကုန်သော နတ်တို့သည်လည်း အမျိုးမျိုးသော ပူဇော်မှုကိုပြုကြလျက် သက်ဆင်းလိုက်ပါလာကြပြီး လက်ဝဲဘက်ငွေစောင်းတန်းမှလည်း သဟမ္ပတိဗြဟ္မာကြီးသည် ဗြဟ္မာထီးဖြူကြီးကို ဆောင်းမိုး၍ ပူဇော်ကာ သက်ဆင်းလိုက်ပါလာကြလေသည်။

ထိုအချိန်တွင် သာဝတ္ထိပြည်ရှိ ပရိသတ်အပေါင်းသည်လည်း မြတ်ဘုရားရှင်အား ဖူးမြော်ရန် သင်္ကဿမြို့တံခါးသို့ ရောက်ရှိနေကြပြီဖြစ်သည်။ မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ သက်ဆင်းတော်မူ၍ တပည့်ကြီး ရှင်သာရိပုတ္တရာမထေရ်နှင့် ပရိသတ်တို့က မြတ်စွာဘုရားကို ရှိခိုး ဖူးမြော်ပူဇော်ကြလေသည်။

သင်္ကဿမြို့တံခါးဝ၌ စောင်းတန်းမှ ရှေးဦးပထမဆုံး လက်ယာခြေတော်ချရာအရပ်သည် "အစလေစေတီယဌာန" ဟူ၍ အမည်ထင်ရှားလေသည်။ ရှင်သာရိပုတ္တရာ အမှူးပြုသော လူနတ်ဗြဟ္မာသတ္တဝါပေါင်းစုံပါဝင်သည့် ပရိသတ်အပေါင်းက မြတ်ဘုရားရှင်အား သောင်းသောင်းဖြဖြ ပူဇော်ကြသည့် ပူဇော်ပွဲကြီးကဲ့သို့ သီတင်းကျွတ်လပြည့်နေ့ညအချိန်တွင် မီးပုံးများ၊ ဆီမီးရောင်စုံများ ထွန်းညှိပူဇော်ခြင်းအစဉ်အလာရှိခဲ့ပေသည်။

တာဝတိံသာမှ ဆင်းသက်ကြွချီတော်မူခဲ့သည်ကို အကြောင်းပြု၍ "တာဝတိံသာပွဲတော်၊ တာဝတိံသာနတ်ပြည်တည်ရှိရာ မြင်းမိုရ်တောင်ထိပ်မှ ဆင်းသက်တော်မူသည်ကို အကြောင်းပြု၍ "မီးမြင်းမိုရ်ပွဲ" ဟု အသီးသီးခေါ်ဝေါ်ကြသည်။

> **တာဝတိံသာမှ ဆင်းသက်ကြွချီတော်မူခဲ့သည်ကို အကြောင်းပြု၍ "တာဝတိံသာပွဲတော်၊ တာဝတိံသာနတ်ပြည်တည်ရှိရာ မြင်းမိုရ်တောင်ထိပ်မှ ဆင်းသက်တော်မူသည်ကို အကြောင်းပြု၍ "မီးမြင်းမိုရ်ပွဲ" ဟု အသီးသီးခေါ်ဝေါ်ကြသည်။**

သီတင်းကျွတ်လပြည့်နေ့ကား မြတ်စွာဘုရားရှင်က အဘိဓမ္မာတရားတော်ကို နတ်ပြည်၌ နတ်ဗြဟ္မာပရိသတ်တို့အား အကျယ်နည်းဖြင့် ဟောကြားပြီးဆုံးသည့်နေ့ဖြစ်ခြင်း၊ စန္ဒကူးတော၌ အရှင်သာရိပုတ္တရာအား အကျဉ်းနည်းဖြင့် ဟောကြားပြီးဆုံးသည့်နေ့ဖြစ်ခြင်း၊ တစ်ဖန်အရှင်သာရိပုတ္တရာက လင်းနို့သားဖြစ်ခဲ့ဖူးသော ရဟန်းငါးရာတို့အား မကျဉ်းမကျယ် အလယ်အလတ်နည်းဖြင့် သင်ကြားပို့ချခြင်း ပြီးဆုံးသည့်နေ့ဖြစ်ခြင်းတို့ကို ရည်ညွှန်း၍ "အဘိဓမ္မာအခါတော်နေ့" အဖြစ် ကျင်းပခြင်းဖြစ်လေသည်။

ထို့ပြင် အဘိဓမ္မာတရားတော်သည် ပါဠိ၏ နက်နဲခြင်း၊ သဘောအဓိပ္ပာယ်၏ နက်နဲခြင်း၊ ဟောကြားပုံအစီအစဉ်၏ နက်နဲခြင်း၊ ဉာဏ်တော်၏ နက်နဲခြင်းဟူသော ဂမ္ဘီရလေးမျိုးနှင့်လည်း ပြည့်စုံပါသည်။

**အဘိဓမ္မာတရားတော်ကို ရွတ်ဖတ်ပူဇော်ကြပါက-**

၁။ လင်းနို့သားဖြစ်ခဲ့ဖူးသော ရဟန်းတော်များကဲ့သို့ နာမရူပပရိစ္ဆေဒ ဉာဏ်ရင့်သန်စေခြင်း။

၂။ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ရန်လမ်းကြောင်း အထောက်အပံ့ကောင်းရနိုင်ခြင်း။

၃။ ဘေးဥပဒ်အန္တရာယ်ကင်းဝေးစေခြင်း။

၄။ ကျက်သရေ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံစေခြင်းစသည့် အကျိုးတရားများ ရရှိနိုင်ပေသည်။

ဤသီတင်းကျွတ်လပြည့်နေ့တွင် ရဟန်းသံဃာတော်များအနေဖြင့် ဘုရားရှင်၏ ဝိနည်းဒေသနာတော်အရ ပဝါရဏာပွဲတော်ကျင်းပကြသည်။

ရည်ရွယ်ချက်မှာ ပဝါရဏာဟူသည်ဖိတ်ကြားခြင်း၊ တောင်းပန်ခြင်းအဓိပ္ပာယ်ရသည်။ ရဟန်းသံဃာတော်အချင်းချင်း အပြန်အလှန် ဖိတ်ကြားတောင်းပန်ကြသည့် ပွဲဖြစ်လေသည်။ ပဝါရဏာပွဲတွင် သိက္ခာဝါအကြီးဆုံး မထေရ်ကြီးများကို ရဟန်းငယ်များကလည်း မိမိတို့တွင် အပြစ်ကြီးငယ်ရှိပါက ခွင့်လွှတ်ပါရန် တောင်းပန်ကြသည်။

ကျောင်းတိုက်တစ်ခု၌ ဝါကပ်သော သံဃာနှင့် ပဝါရဏာ ဂိုဏ်းအသီးသီးရှိ သံဃာတို့သည် သိမ်တစ်ခုတွင် အညီအညွတ်စုရုံးပြီး မထေရ်ကြီးမှစ၍ အငယ်ဆုံးရဟန်းအထိ တစ်ပါးချင်းစီ ပဝါရဏာ ပါဠိကိုရွတ်ဆိုကာ ပဝါရဏာပြုကြရသည်။

"သံဃာတော်အရှင်သူမြတ်တို့ဘုရား မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားသံသယဖြစ်ခြင်း သုံးမျိုးတို့ဖြင့် တပည့်တော်၏ အပြစ်တစ်စုံတစ်ရာကို ထောက်ပြပြောဆိုဖို့ ဖိတ်မံပါသည် ဘုရား၊ တပည့်တော်ကို သနားသောအားဖြင့် ပြောဆိုဆုံးမကြပါဘုရား တပည့်တော်မှာ အပြစ်ရှိခဲ့လျှင် ကုစားပါမည်၊ ပြုပြင်ပါမည်ဘုရား" ဟု အဓိပ္ပာယ်သက်ရောက်သော ပါဠိကိုရွတ်ဆိုကာ ပဝါရဏာပြုကြရသည်။

သံဃာကို ဘုရားက အလွန်အားထားသည်။ အလွန်အားကိုးသည်။ ထို့ကြောင့် ဘုရားရှင်က သံဃာအတွင်း စည်းလုံးညီညွတ်ရေး၊ ယုံကြည်မှုတည်ဆောက်နိုင်ရေးကို ရှေးရှု၍ ဝါကျွတ်လျှင် ပဝါရဏာပြုကြရန် မိန့်ဆိုပညတ်တော်မူခြင်းဖြစ်သည်။

ဘုရားရှင်လက်ထက်က ကောသလဇနပုဒ်၌ သီတင်းသုံးတော်မူကြသော ရဟန်းတော်တို့သည် ဝါလကျွတ်၍ ဘုရားရှင်ထံသို့ ကြွရောက်ပူဇော်ကြသောအခါ ဘုရားရှင်ကဝါတွင်းသုံးလ နေထိုင်ကျင့်ကြံပုံကို မေးမြန်းတော်မူသည်။ ရဟန်းတော်တို့က ဝစီပိတ်ကျင့်ကြံကြောင်း ဂုဏ်ယူ၍ လျှောက်ထားကြသောအခါ ဘုရားရှင်က အပြင်းအထန်ကဲ့ရဲ့ရှုတ်ချ ကန့်ကွက်တော်မူသည်။ တိတ္ထိအကျင့်ဖြစ်ကြောင်း ဟောဆိုတော်မူသည်။

"ရဟန်းတို့ သင်တို့သည် ဝါဆိုပြီးမြောက် ဝါကျွတ်သို့ရောက်လျှင် မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားသံသယဖြစ်ခြင်းသုံးမျိုးနှင့် အပြစ်ကို ထောက်ပြဆုံးမနိုင်ကြောင်း အချင်းချင်းဖိတ်မံပြီး ပဝါရဏာပြုကြရမည်။ ထိုသို့ပြုကြသဖြင့် ညီညွတ်မှုရလိမ့်မည်။ အပြစ်ကင်းစင်လိမ့်မည်။ ကိုယ်ကျင့်တရားကို ဦးထိပ်ထားရာရောက်လိမ့်မည်" ဟု မိန့်မြွက်တော်မူလေသည်။

မြန်မာတို့၏ယဉ်ကျေးမှုတွင် အထင်ကရဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော် မီးထွန်းပွဲတော်ကြီးဖြစ်သည်။ ညီညွတ်သော သံဃာထု၏ ပဝါရဏာပွဲတော်ကျင်းပသော အချိန်လည်းဖြစ်သည်။ ခြေခင်းလက်ခင်းသာစပြုသည့် ပွင့်လင်းရာသီစတင်တော့မည့် ကာလဖြစ်သည်။ တစ်မျှော်တစ်ခေါ် စိမ်းစိုနေသည့် မြသားကမ္ဗလာကောက်ပင်တို့က သန်စွမ်းလျက်ရှိသည်။

တောင်သူလယ်သမားတို့ ပျော်မဆုံး အားရဝမ်းသာပီတိဖြာနေသည့် အချိန်ကာလတို့ဖြစ်ပေရာ အဘက်ဘက်မှ မင်္ဂလာအပေါင်းနှင့် ခညောင်းသော မြန်မာတို့၏ ရိုးရာဝါကျွတ်ချိန်ခါဖြစ်ပါကြောင်း ဖော်ညွှန်းရေးသားလိုက်ရပါ တော့သတည်း။

## တစ်ပိုင်တစ်နိုင်ငါးမွေးမြူရေး တိုးချဲ့ပညာပေးစီမံကိန်းကို ငါးလုပ်ငန်းဦးစီးဌာနနှင့် JICA တို့ ပူးပေါင်းဆောင်ရွက်

**ကောလင်း အောက်တိုဘာ ၂၇**

ငါးလုပ်ငန်းဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့ ပူးပေါင်း၍ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသအတွင်း တစ်ပိုင်တစ်နိုင်ငါးမွေးမြူရေး တိုးချဲ့ပညာပေးရေးစီမံကိန်းလုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ ရွှေဘို၊ ရေဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦးတို့ဖြစ်ပြီး မကွေးတိုင်းဒေသကြီးအတွင်းရှိ ပွင့်ဖြူ ၊ စလင်း၊ တောင်တွင်းကြီးတို့တွင် ဆောင်ရွက်လျက်ရှိသည်။ စီမံကိန်း၏အဓိကရည်ရွယ်ချက်မှာ ကျေးလက်နေပြည်သူများ အရင်းအနှီးနည်းနည်းဖြင့် ရိုးရှင်းသောငါးမွေးမြူရေးဆိုင်ရာ နည်းပညာများ တိုးမြှင့်ပညာပေးခြင်းဖြင့် လူနေမှုစီးပွားရေးတိုးတက်လာစေရန်ဖြစ်ပြီး စီမံကိန်း လုပ်ငန်းစဉ်များတွင် ငါးသားပေါက်များဖြည့်ဆည်းပေးရန်နှင့် နည်းပညာဆိုင်ရာ သတင်းအချက်အလက်များကို ပညာပေးရေးဆောင်ရွက်သွားရန်ဖြစ်သည်။ စီမံကိန်းကာလမှာ ၂၀၁၅ မှစ၍ ငါးနှစ်ဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် ပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုမောင်(ကောလင်း)**



ဓာတ်ပုံ-အိမ့်ထက်မှူး

# ၁၄၇ လမ်း မိသားစု စာရေးတံမဲလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၇**

သီတင်းကျွတ် မီးထွန်းပွဲတော်အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ တာမွေမြို့နယ် အရှိုးကုန်းရပ်ကွက် ၁၄၇ လမ်း မိသားစု၏ စတုတ္ထအကြိမ်မြောက် စာရေးတံမဲလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက လမ်းရှိမင်္ဂလာမဏ္ဍပ်၌ သီရိမင်္ဂလာကျောင်းတိုက်၊ ဓမ္မလင်္ကာရကျောင်းတိုက်၊ မင်္ဂလာသုခပါဠိ တက္ကသိုလ်ကျောင်းတိုက်နှင့် ကျောက်မြောင်း ကျောင်းကုန်းကြီးကျောင်းတိုက်မှ ပင့်သံဃာ ၈၇ ပါးတို့အား လှူဖွယ် ဝတ္ထုပစ္စည်းများ စာရေးတံမဲဖောက် လှူဒါန်းကြသည်။

သီတင်းကျွတ်လပြည့်နေ့ ညပိုင်းတွင် သီရိမင်္ဂလာကျောင်းတိုက်ဆရာတော်က အဘိဓမ္မာအခါတော်နေ့ ဓမ္မဒေသနာတော်ကို ဟောကြားချီးမြှင့်တော်မူပြီး လပြည့်ကျော် ၃ ရက်(စနေနေ့) နံနက်ပိုင်းတွင် တစ်အိတ်လျှင် ၂၄ ပြည်ပါ ဆန်အိတ်ပေါင်း ၅၀ ကို သန်လျင်မြို့ သဘာဝတရားရိပ်သာသို့ သွားရောက်လှူဒါန်းကြမည်ဖြစ်သည်။ သီတင်းကျွတ်မီးထွန်းပွဲနှင့်အတူ လမ်းမိသားစုဝတ်အသင်းသူများက ဝတ်ရွတ်စဉ်များကို ညစဉ်ရွတ်ဆိုပူဇော်လျက်ရှိသည်။

**ကိုချစ်**

သန်လျင်မြို့ မြို့မတောင်ရပ်ကွက် သီတင်းကျွတ်မီးထွန်းပွဲတော်နှင့်အတူ ဒုတိယအကြိမ်မြောက် နိဗ္ဗာန်ဈေးပွဲတော်ကို အောက်တိုဘာ ၂၇ ရက် ညနေက သီတာရေမြောင်းလမ်းမကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။

သန်းဝင်း(သန်လျင်)





**ပြီးခဲ့သည့်နှစ်က မြသလွန်စေတီတော်မြတ်ကြီး သီတင်းကျွတ်လပြည့်နေ့ညတွင် ဆီမီး၊ ပန်း၊ နံ့သာကိုးထောင် ပူဇော်ပွဲကျင်းပခဲ့စဉ်။** (မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး (၂၅၇၉) ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကို အောက်တိုဘာ ၁၇ ရက်က စတင်ဖွင့်လှစ်ခဲ့ရာ အောက်တိုဘာ ၂၈ ရက် (သီတင်းကျွတ်လပြည့်နေ့ည)တွင် ဆီမီးကိုးထောင်၊ ပန်းကိုးထောင်၊ နံ့သာကိုးထောင် ကျင်းပမည်ဖြစ်သည်။) **သန်းဌေး(မင်းဘူး)**

# သတင်းအချက်အလက်ထုတ်ဖော်မှုနှင့်အသုံးပြုမှုတို့အတွက် စီစဉ်ဆောင်ရွက်မှု လက်မှတ်ရေးထိုး

**နေပြည်တော် အောက်တိုဘာ ၂၇**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဩစတြေးလျနိုင်ငံ နယ်စပ်ဒေသကာကွယ်ရေးတပ်ဖွဲ့တို့အကြား သတင်းအချက်အလက်များနှင့် နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဖလှယ်နိုင်ရန်အတွက် နှစ်ဖက်အပြန်အလှန်ဆက်ဆံရေးထူထောင်ခြင်း၊ သတင်းအချက်အလက်များ ထုတ်ဖော်ခြင်း၊ အသုံးပြုခြင်းတို့နှင့် သက်ဆိုင်သည့် စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းနှင့် တာဝန်များကို သတ်မှတ်ခြင်း၊ အုပ်ချုပ်ထောက်ပံ့ရေးဆိုင်ရာ အစီအစဉ်များ၊ လုပ်ငန်းစဉ်များဖြင့် လွယ်ကူချောမွေ့သောဆက်ဆံရေး ပူးပေါင်း ဆောင်ရွက်ရေးတို့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရနှင့် ဩစတြေးလျနိုင်ငံ အစိုးရတို့အား ကိုယ်စားပြုလျက် သတင်းအချက်အလက်ထုတ်ဖော်မှုနှင့် အသုံးပြုမှုတို့ဆိုင်ရာ စီစဉ်ဆောင်ရွက်မှုအား သဘောတူလက်မှတ်ရေးထိုးပွဲကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ Hilton ဟိုတယ်၌ ကျင်းပခဲ့ရာ ရေကြောင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်မြဝင်းနှင့် ဩစတြေးလျလူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ်ဒေသကာကွယ်ရေးဌာနကိုယ်စား Mr. Christopher Wall တို့က လက်မှတ်ရေးထိုးကြသည်။ ဤသဘောတူလက်မှတ်ရေးထိုးနိုင်ခြင်းကြောင့် နှစ်နိုင်ငံကိုယ်စားပြု တပ်ဖွဲ့နှစ်ဖွဲ့တို့အကြား နီးကပ်ရင်းနှီးစွာ ဆက်သွယ်ဆက်ဆံလျက် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မည်ဖြစ်သည်။

ဆက်လက်၍ နယ်စပ်ဒေသကာကွယ်ရေးတပ်ဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းအား တွေ့ဆုံခဲ့ရာ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် သူရဘိုနီ၊ ရဲရေးချုပ် ရဲမှူးချုပ် ဝင်းထွန်း၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီးမှူး ရဲမှူးချုပ်စိုးမြိုင်၊ ရဲလေ့ကျင့်ရေးအရာရှိချုပ် ရဲမှူးချုပ် ဇော်မိုးသန်း၊ ရေကြောင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် မြဝင်းတို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရန်ကုန်မြောက်ပိုင်းခရိုင်၌ ကျေးရွာမြေငှားဂရန်များထုတ်ပေး

**ရန်ကုန် အောက်တိုဘာ ၂၇**

ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပြင်ပလေးမြို့နယ်ဖြစ်သော မှော်ဘီ၊ တိုက်ကြီး၊ လှည်းကူး၊ ထန်းတပင်မြို့နယ်များမှ ကျေးရွာများကို မြေငှားဂရန်များ ထုတ်ပေးခြင်း အခမ်းအနားကို အောက်တိုဘာ ၂၇ ရက် နံနက် ၈ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုးမင်းက အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်ထွန်းဦးက ကျေးရွာမြေငှားဂရန်များ ထုတ်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ခရိုင်အတွင်းရှိ မြို့တော်စည်ပင် ပြင်ပလေးမြို့နယ်ရှိ လှည်းကူးမြို့နယ် ဆင်ဖုံကျေးရွာရှိ အိမ်ခြေ ၁၂၅ လုံးအတွက် ဂရန်ရရှိသူ ၉၆ ဦး၊ မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာရှိ အိမ်ခြေ ၇၁ လုံးအတွက် ဂရန်ရရှိသူ ၄၃ ဦး၊ တိုက်ကြီးမြို့နယ် တော်လတီရွာမကျေးရွာရှိ အိမ်ခြေ ၁၄၈ လုံးအနက် ဂရန်ရရှိသူ ၄၈ ဦး၊ ထန်းတပင်မြို့နယ် ကျောင်းကုန်းကျေးရွာရှိ အိမ်ခြေ ၃၇ လုံး အတွက် ဂရန်ရရှိသူ ၃၇ ဦးတို့အား တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။ ထုတ်ပေးရန် ကျန်ရှိသည့် မြေငှားဂရန်များ အတွက်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ရပ်ရွာအခြေပြုသဘာဝဘေးအန္တရာယ် လျော့ပါးရေး အသိပညာပေးဟောပြော

**ပြည် အောက်တိုဘာ ၂၇**

ပြည်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်ခရိုင်ဦးစီးမှူးရုံးမှ ရပ်ရွာအခြေပြု သဘာဝဘေးအန္တရာယ် လျော့ပါးစေရေးအသိပညာပေးဟောပြောပွဲကို ပြည်ခရိုင် ရွှေတောင်မြို့နယ် ဒုရင်ဒုဘိုကျေးရွာအုပ်စုမှ ဒုရင်ဒုဘိုကျေးရွာ ရွာလယ်ဘုန်းကြီးကျောင်းဇရပ်၌ အောက်တိုဘာ ၂၆ ရက်ကကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေး အသိပညာပေးခြင်းကို ပြည်ခရိုင်ဦးစီးမှူးရုံးမှ ဒေါ်သီသီချိုကလည်းကောင်း၊ ကျေးလက်ကျန်းမာရေး အသိပညာပေးခြင်းကို မြို့မ ကျေးလက်ကျန်းမာရေးမှူး ဦးသူရိန်ထွန်းကလည်းကောင်း ဟောပြောခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# သီတင်းကျွတ်ပွဲတော်တွင် အွန်လိုင်းမှတစ်ဆင့် မီးထွန်းညှိခြင်းနှင့် ကန်တော့ခြင်းများလုပ်ဆောင်နိုင်

သတင်း - ခင်ရတနာ
ဓာတ်ပုံ - မေဦးမိုး

**ရန်ကုန် အောက်တိုဘာ ၂၇**

လူမှုဆက်သွယ်ရေး ကွန်ရက်တစ်ခုဖြစ်သည့် Wechat မှ မြန်မာတို့၏ သီတင်းကျွတ်နှင့် တန်ဆောင်တိုင် အခါသမယအဖြစ် မီးထွန်းပွဲတော်နှင့် ဂါရဝပြုခြင်းများကို ပျော်ရွှင်ကြည်နူးစွာ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့် စတစ်ကာအသစ်များကို ယနေ့တွင် ထုတ်လုပ်ပေးခဲ့ကြောင်း သိရသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ခြိမ့်ခြိမ့်သဲဆင်နွှဲကြသည့် သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် တာဝတိံသာမှ ပြန်လည်ကြွချီတော်မူလာသည့် မြတ်စွာဘုရားကို ရည်မှန်းကာ ပူဇော်ခြင်း အခမ်းအနားအထိမ်းအမှတ်နှင့် မိမိတို့ထက် အသက်၊ ဂုဏ်အင်္ဂါကြီးမြင့်သူတို့အား ရည်စူးကာ ကန်တော့ကြခြင်းကို ဂုဏ်ပြုသည့်အနေဖြင့် မိမိတို့ ကြိုက်နှစ်သက်ရာ စတစ်ကာငါးခုကို ရွေးချယ်ကာ သုံးစွဲသူအချင်းချင်း မျှဝေလက်ဆောင်ပေးပို့နိုင်မည့် အစီအစဉ်သစ်ဖြစ်သည်။

မြတ်စွာဘုရားရှင် ပြန်လည်ကြွလာတော်မူခြင်း၊ မိမိတို့အား ပြုစုစောင့်ရှောက်ထိန်းသိမ်းလာခဲ့သော လူကြီးမိဘများကို လက်ဆောင်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခြင်း၊ အသိပညာနှင့် လမ်းညွှန်မှုများပေးခဲ့သည့် ဆရာ ဆရာမများကို ပူဇော်ကန်တော့ခြင်း၊ ဖယောင်းတိုင်မီးထွန်းညှိ၍ ချစ်ခင်နှစ်သက်ရသူများနှင့် ဆုမွန်ကောင်းများတောင်းခြင်းနှင့် အားလပ်ရက်ကာလအတွင်း မိတ်ဆွေများ၊ မိသားစုဝင်များနှင့်အတူ အားလပ်ရက်၏ ပျော်ရွှင်ဖွယ်စိတ်ခံစားချက်များကို ဝေမျှခြင်း၊ WeChat အနေဖြင့်လည်း ပွဲတော်နှင့်သက်ဆိုင်သည့် ချစ်စရာ စတစ်ကာလေးများဖြင့် message ပေးပို့ခြင်းကဲ့သို့သော ပြည်သူများနှင့် နီးစပ်သည့်နည်းလမ်းများဖြင့် အသုံးပြုသူများအချင်းချင်း







ဆက်သွယ်ရာတွင် ပါဝင်ကူညီရန် ဒေသနှင့်သက်ဆိုင်သော စတစ်ကာပုံများကို ထုတ်ပြန်လိုက်ခြင်းဖြစ်ပါသည်။

စတစ်ကာရုပ်ပုံများကို သီတင်းကျွတ်ကာလအတွင်း ပျော်ရွှင်နေသော ကောင်လေးနှင့် ကောင်မလေးတို့ ပုံသဏ္ဌာန်ဖန်တီးထားပြီး နှစ်စဉ်နှစ်တိုင်း ယခုလိုအချိန်မျိုးနှင့် ပတ်သက်၍ ၎င်းတို့၏ စိတ်လှုပ်ရှားမှုများ၊ ပျော်ရွှင်ရခြင်းများကို ဖော်ထုတ်၍ အမျိုးမျိုးသော ဒေသခံ ထုံးတမ်းအစဉ်အလာများဖြင့် ဖျော်ဖြေနေသည့်ဟန်ပန်မျိုး ဖန်တီးထားသည်။

“Emotion တွေနဲ့ စတစ်ကာတွေဟာ ဒီနေ့ခေတ်ရဲ့ ဒစ်ဂျစ်တယ်ဘဝတွေမှာ အရေးပါတဲ့ အစိတ်အပိုင်းတွေ ဖြစ်လာနေပါပြီ” ဟု WeChat App ၏ မိခင်ကုမ္ပဏီဖြစ်သော Tencent က နိုင်ငံတကာစီးပွားရေးဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Mr.Poshu Yeung က ဆိုသည်။ “ကျွန်တော်တို့အနေနဲ့ မြန်မာပြည်ကသုံးစွဲသူတွေကိုလည်း သီတင်းကျွတ်မီးထွန်းပွဲတော်မှာ ပါဝင်ဆင်နွှဲကြတာမျိုးဖြစ်စေချင်ပါတယ်။ သူတို့မှာ WeChat ဆိုတာထက်ပိုတဲ့ ထူးခြားပြီး ပျော်စရာကောင်းတဲ့ ဆက်သွယ်စရာနည်းလမ်း ရှိနေပါတယ်။ ကျွန်တော်တို့ဟာ ပြည်တွင်းပြည်ပက သုံးစွဲသူတွေအတွက် အကောင်းဆုံးသော ဆက်သွယ်ရေး App တစ်ခုကို ဆောင်ကျဉ်းလာပေးဖို့ ကတိပြုထားပြီးသားပါ။ အခုလို မြန်မာပြည်နဲ့ သူတို့ရဲ့ ဂုဏ်ယူဖွယ်ရာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတစ်ခုကို အခြေခံပြီး ကျွန်တော်တို့ ဖန်တီးထားတဲ့ စတစ်ကာတွေက သူတို့ကို ပျော်ရွှင်စေလိမ့်မယ်လို့ မျှော်လင့်ပါတယ်” ဟု ၎င်းက ပြောကြားသည်။

**(မြန်မာ့အလင်း)**

# ဒလမြို့ ဘုရင့်နောင်ရပ်ကွက်၌ ရွှေဆင်းတုဗုဒ္ဓရုပ်ပွားတော်မြတ် ၂၈ ဆူအား ဆီမီး၊ ဆွမ်းတော်ကြီး ဆက်ကပ်ပူဇော်

ဒလ အောက်တိုဘာ ၂၇

ရှေးပဝေသဏီကတည်းက သန္ဓေတည်လာခဲ့သော မြန်မာ့ရိုးရာဓလေ့သီတင်းကျွတ်မီးထွန်းပွဲတော်ကို နိုင်ငံတစ်ဝန်း၌ ပျော်ရွှင်စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ဒလမြို့နယ် ဘုရင့်နောင်ရပ်ကွက် စံကျောင်းတော်မဏ္ဍပ်၌ ရွှေဆင်းတုဗုဒ္ဓရုပ်ပွားတော်မြတ် ၂၈ ဆူအား ဆီမီး၊ ဆွမ်းတော်ကြီးများ တင်လှူပူဇော်ပွဲကျင်းပရန် ဘုရင့်နောင်လူငယ်များအဖွဲ့က လှည့်လည်အပူဇော်ခံနေသည်ကို အောက်တိုဘာ ၂၇ ရက် ညနေ ၃ နာရီခွဲက မြို့မ(၄)ရပ်ကွက် ကနောင်လမ်းမကြီးပေါ်၌ တွေ့ရှိခဲ့သည်။ **(ယာပုံ)**

ရွှေဆင်းတုဗုဒ္ဓရုပ်ပွားတော် ၂၈ ဆူအား အဆိုပါမဏ္ဍပ်သို့ ပင့်ဆောင်ကာ ယခုအဖိတ်နေ့တစ်ညလုံး ဆီမီး၊ ပန်း၊ သစ်သီး၊ ဆွမ်းမျိုးစုံတို့ ဆက်ကပ်တင်လှူပူဇော်ထားပြီး အောက်တိုဘာ ၂၈ ရက် (သီတင်းကျွတ်လပြည့်) နံနက် ၄ နာရီတွင် ဆွမ်းတော်ကြီး ဆက်ကပ်တင်လှူပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သန်းဌွေး(ဒလ)**



❀ *ကျောဖုံးမှ*

ဖြစ်ပါတယ်။ ဘဘတို့ မိသလောက် သိသလောက်က နှစ်ပေါင်း ၁၀၀ ကျော်ကတည်းကလို့ သိရပါတယ်။ ဘဘတို့လက်ထက်မှာတော့ (၉၇) ကြိမ်မြောက်ရှိပြီပေ့ါ။ ဒီရုပ်ပွားတော်တွေဟာ ဘဘတို့ကြားသိရတာတော့ အင်္ဂလိပ်ခေတ်ကတောင် ဒီရုပ်ပွားတော်တွေကို မြေကျင်းလုပ်တူးပြီး သိမ်းထားရတယ်"လို့ တပ်တွင်းဓမ္မာရုံဂေါပကဥက္ကဋ္ဌ ဦးလှသောင်းက ပြောပြပါတယ်။

ဆက်လက်ပြီး "ပွဲတော်ကျင်းပတဲ့နေရာမှာ နယ်ပရိသတ်၊ မြို့ပေါ်ပရိသတ်နဲ့ ဂေါပကအဖွဲ့၊ မြို့ပေါ်မှာ တာဝန်ရှိပုဂ္ဂိုလ်များရဲ့ ပံ့ပိုးကူညီပေးမှုကြောင့် ဒီပွဲတော်ဟာ နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာနဲ့ အောင်မြင်ခဲ့တယ်။ အနှောင့်အယှက်မရှိခဲ့ဘူး။ သာမန်တစ်ယောက်နဲ့တစ်ယောက် အပျော်ကျူးပြီး စကားများတာလောက်ပဲရှိတယ်။ ဒီပွဲတော်ကြီးကို အမြို့မြို့အနယ်နယ်ကလည်း လာရောက်ကြတယ်။ ပွဲတော်ကြီးကို အမှီပြုပြီးတော့ အခုလို စတိတ်ကားတွေနဲ့ ပျော်ပွဲရွှင်ပွဲတွေ လုပ်လာကြတယ်။ ဗုဒ္ဓဘာသာဝင်တွေအားလုံး၊ လူသားအားလုံး စိတ်ချမ်းသာမှုတွေရရှိဖို့အတွက် ဒေသစာရီ ကြွချီလှည့်လည်ပေးတယ်။ အဲဒီအတွက် အန္တရာယ်ကင်းတယ်လို့ ယုံကြည်ကြတယ်။

"ရှေးလူကြီးတွေလုပ်ခဲ့တဲ့ အစဉ်အလာကို လက်ဆင့်ကမ်းတဲ့ပုဂ္ဂိုလ်တွေက ဆက်လက်အောင်မြင်အောင် လုပ်သွားတယ်လို့ ပြောရမှာပါပဲ။ မြို့နယ်အာဏာပိုင် အဖွဲ့အစည်းက တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေကလည်း လိုအပ်တဲ့နေရာကို လိုအပ်သလို ကူညီပေးတယ်။ လုံခြုံရေးကအစ ရဲလုံခြုံရေး၊ မီးသတ်လုံခြုံရေး၊ ကြက်ခြေနီဆိုလည်း ကျန်းမာရေးကအစ ဆောင်ရွက်ပေးတယ်။ ဒီပွဲတော်ကြီးကို စည်စည်ကားကားဖြစ်အောင် ကူညီကြပါတယ်။

"အသင်းရှစ်သင်းရဲ့ ပူဇော်ကိုးကွယ်တဲ့ ရုပ်ပွားတော်တွေကို ဘုရားရှင် ကိုယ်တော်မြတ်ကြီးတွေ စံကျောင်းတော်မှာပဲ ကိန်းဝပ်စံပယ်တာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီတပ်တွင်းဓမ္မာရုံဟာ အဓိကစတင်ပြီးရှိခဲ့တယ်ဆိုလည်း မမှားပါဘူး။

"ဒီပွဲတော်ကြီးဟာ ဗုဒ္ဓဘာသာဝင်များရဲ့ ပွဲတော်ကြီးဖြစ်ပေမယ့် တခြားဘာသာဝင်တွေလည်း စိတ်ဝင်စားကြတယ်။ လာပြီးလည်း ကူညီကြတယ်။ ပွဲတော်ကြီးရဲ့ ရည်ရွယ်ချက်ကလည်း ဘာသာ၊ သာသနာတည်တံ့ခိုင်မြဲဖို့၊ ဗုဒ္ဓဘာသာဝင်တွေအားလုံး ကိုယ့်ဘာသာ၊ သာသနာကို ထိန်းသိမ်းစောင့်ရှောက်ပြီး အနှစ် (၅၀၀၀)ထပ်ပြီး တည်ပါစေသတည်းဆိုပြီး ဆုတောင်းတာမျိုးပေ့ါ။ လူတွေသာတစ်ယောက်ပြီး တစ်ယောက် သေသွားမယ်။ ဘာသာသာသနာကတော့ တည်တံ့နေရမယ်ဆိုတဲ့ သဘောပါ။ ဘဘတို့လည်း ဘဘတို့ရဲ့ နောင်တော်ကြီးတွေက အဲဒီလို လက်ဆင့်ကမ်းပေးခဲ့တာ။ ဘဘတို့ မရှိတော့ရင်လည်း နောက်ထပ် လက်ဆင့်ကမ်းအမွေအဖြစ် ရှိနေမှာပါ။ အဓိကကတော့ ဗုဒ္ဓဘာသာရဲ့ အညွန့်အဖူး မတိမ်ကောမပျောက်ပျက်ရအောင်လို့ လက်ဆင့်ကမ်း ထိန်းသိမ်းခြင်း ဖြစ်ပါတယ်"လို့ ဦးလှသောင်းက ပြောပြပါတယ်။

"ဦးကြီးတို့ ကလေးဘဝက ဝတ်အသင်းစလိုက်တုန်းက တီးဝိုင်းဆိုတာမပါဘူး။ နောက်မှတဖြည်းဖြည်းနဲ့ ဆိုင်းဝိုင်းတွေ၊ ဒုံမင်းဝိုင်းတွေ ပါလာတယ်။ နောက်တစ်ဆင့် လေမှုတ်တူရိယာတွေနဲ့ တိုးတက်လာတယ်။ အခုနောက်ပိုင်းရောက်တော့ ကာရာအိုကေခေတ်ပေါ်လာချိန်မှာ သီချင်းဆိုတဲ့သူတွေကို အခကြေးငွေပေးပြီး ဆိုခိုင်းလာကြတာ။ ဟိုတုန်းကတော့ တီးတဲ့သူပဲပိုက်ဆံပေးပြီး ငှားရတာ၊ ဝါသနာပါတဲ့ အဆိုရှင်တွေက ဝတ်လှည့်တဲ့အချိန်မှာ နောက်ကလိုက်ပြီး ဆိုကြတယ်။ အရင်တုန်း ကတော့ ဟွန်းတစ်လုံးနဲ့ လှည့်တာ။ အခုအချိန်မှာတော့ ဘောက်တွေ ပေါ်လာတဲ့အတွက် ငွေကြေးကုန်ကျမှုလည်း များလာတယ်။ ဒါပေမယ့် ခေတ်အခါနဲ့ ဒီလိုလုပ်မှ ရမယ်ဆိုတဲ့အတိုင်း ဝတ်အသင်းတွေက အပြိုင်အဆိုင် လုပ်လာကြရတယ်။

"ပျဉ်းမနားမြို့ ဝတ်အသင်းတွေရဲ့ ထူးခြားချက်က ဝတ်အသင်းမှ အဖွဲ့တွေက ဦးထုပ်မဆောင်းရဘူး။ ဖိနပ်မစီးရဘူး။ ပိတ်ဖြူဝတ်ပြီး လိုက်ရတယ်။ ဝါသနာရှိလို့သာ လိုက်ကြတာ၊ နေပူကျဲကျဲမှာ လျှောက်ရတာ တော်ရုံလူဆိုမခံနိုင်ဘူး။ အရင်ခေတ်ကတော့ အောက်လင်းမီးခေါ်တဲ့ လက်ဆွဲဓာတ်မီးကြီးတွေကို အသုံးပြုပြီး နံနက်သုံးနာရီ လေးနာရီလောက် ဆွမ်းချက်ဖို့ အမျိုးသမီးတွေကို စုပြီးနှိုးဖို့ အောက်လင်းဓာတ်မီးကြီးတွေကို အသုံးပြုခဲ့ကြတဲ့ခေတ်ပေ့ါ။ အခုနောက်ပိုင်းတော့ ဘွန်ဘောကို ဟွန်းနဲ့ တပ်ပြီး ဘွန်ဘောသီချင်းဖွင့်လိုက်တာ" လို့ ခေတ်စနစ်ပြောင်းလဲလာပုံကို ဦးအောင်မြင့်က ပြောပြပါတယ်။

"အရင်ခေတ်တွေက ပျဉ်းမနား နှစ်ကျိပ်ရှစ်ဆူဘုရားပွဲ လှည့်လည်ရာမှာ မြေဝိုင်းအက၊ ဓားယိမ်း၊ ဘိုးသူတော်ယိမ်းတွေနဲ့ ကပြဖျော်ဖြေကြပြီး နှစ်ကျိပ်ရှစ်ဆူဘုရားတွေကို ပခုံးပေါ်ထမ်းလှည့်ရကြောင်း၊ ထိုမှတစ်ဆင့် ဆိုက်ကားပေါ်တင်ပြီး လှည့်လည်ရကြောင်း၊ အခုနောက်ပိုင်းမှာ ခေတ်ပေါ်တူရိယာတွေ၊ ကားကြီးတွေနဲ့ငွေကုန်ကြေးကျခံကာ စည်ကားသိုက်မြိုက်စွာ လှည့်လည်လာကြတာကိုသိရပါတယ်။

"ပဥ္စာန်းဓမ္မာရုံ ဝတ်ဖြူတော်အသင်းကတော့ တာဝတိံသာသို့ မြတ်စွာဘုရားကိုပင့်ဆောင်ပြီး လှည့်လည်ရမှာဖြစ်တဲ့အတွက် လပြည့်နေ့မှာ ဒေသစာရီ ကြွတော်မူမှာဖြစ်ပါတယ်။ ထုံးတမ်းအစဉ်အလာအရ ကျင်းပလာတာဖြစ်တဲ့အတွက် ထူးထူးခြားခြားတော့ သိပ်မရှိပါဘူး။ ဒီနှစ်မှာ ထူးခြားတာကတော့ ဘုရားကားဆုကြေးကိုအရင်နှစ်က ငါးသိန်းပဲ သတ်မှတ်ပေးထားတာ။ ဒီနှစ်မှာတော့ ဆုကြေးကို ပထမဆုငွေကျပ်သိန်း ၃၀၊ ဒုတိယဆု ငွေကျပ် ၂၅ သိန်းနဲ့ တတိယဆုကို ငွေကျပ်သိန်း ၂၀ ချီးမြှင့်သွားမယ်လို့ သတ်မှတ်ထားတဲ့အတွက် ဘုရားကားတွေက တစ်သင်းနဲ့ တစ်သင်း ထူးခြားမှုတွေ အများကြီးရှိလာပါမယ်"လို့ ရွှေချီရပ် ပဥ္စာန်းဓမ္မာရုံ ဝတ်ဖြူတော်အသင်းဂေါပကဥက္ကဋ္ဌ ဦးအောင်နိုင်က ပြောပြပါတယ်။

(၉၇)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်ကြီးကို သီတင်းကျွတ်လဆန်း ၁၄ ရက်ကစပြီး လပြည့်ကျော်တစ်ရက်နေ့အထိ သုံးရက်တိုင်တိုင် ကျင်းပသွားမှာဖြစ်ပြီး ဝတ်ဖြူတော်အသင်းရှစ်သင်း၊ ပရဟိတအသင်းရှစ်သင်းနဲ့ ဌာနဆိုင်ရာ အသင်း ၁၂ သင်းတို့က ဘုရားတစ်ဆူကို ကားတစ်စီးနှုန်းနဲ့ လှည့်လည်ကြွချီမှာလို့ သိရပါတယ်။

"မြန်မာတစ်နိုင်ငံလုံးမှာ ထင်ရှားတဲ့ပွဲတော်တွေ ရှိတဲ့အလျောက် အထင်ရှားဆုံး ပွဲတော်တွေထဲမှာ ကျွန်တော်တို့ ပျဉ်းမနားမြို့က နှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲတော်ကလည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။ ဟိုတုန်းကတည်းက သမိုင်းဝင်ပါ။ ဒီပွဲက တစ်နှစ်နေမှတစ်ခါ ကျင်းပတဲ့အတွက် လူငယ်တစ်ယောက်အနေနဲ့ ပျော်တာပေ့ါ။ လူငယ်တွေသဘာဝကတော့ ပွဲရှိရင်ပျော်ပါတယ်။

"ဒီပွဲကျတော့ ကျွန်တော်တို့ လူငယ်တွေအတွက် မိုးလင်းပေါက်ပျော်ရတဲ့ပွဲပေ့ါ၊ ကိုယ့်ဆီမှာလာကြတဲ့အငြိမ့်ပွဲတွေလည်း သွားကြတာဆိုတော့ ဒီပွဲကကိုယ့်မြို့ရဲ့ အထင်ကရပွဲတော်ဆိုတော့ လူငယ်တစ်ယောက်အနေနဲ့ ပျော်ပါတယ်။

"လူငယ်တွေ အားလုံးကိုလည်း ပျော်တာကပျော်၊ စည်းကမ်းရှိဖို့ လိုပါတယ်။ မူးယစ်သေစာတွေ မသောက်စားကြဖို့၊ ဆိုင်ကယ်တွေလည်း ဖြည်းဖြည်းမောင်းကြဖို့၊ ပျော်တာကိုမပျက်စေချင်တဲ့ ဆန္ဒလေးရှိပါတယ်။ ဒီပွဲတော်ကို ကြိုဆိုတယ်။ နောက်ပိုင်း ကိုယ်တိုင်လူကြီးဖြစ်လာရင်လည်း ဒီနေရာက ကျွန်တော်တို့ပဲ လက်ဆင့်ကမ်းထမ်းဆောင်ရမှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ လက်ထက်မှာလည်း ဒီထက်မက စည်ကားသိုက်မြိုက်အောင် လုပ်ဆောင်သွားပါမယ်" လို့ ရွှေချီရပ်မှ မောင်ကြည်သာမျိုးနိုင်က သူ့ရဲ့ရည်ရွယ်ချက်ကို ပြောပြပါတယ်။

(၉၇)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်ကြီးတွင် တပ်တွင်း၊ ပဥ္စာန်း၊ ရန်အောင်(၁)၊ ရန်အောင်(၂)၊ ရွာကောက်၊ မြို့ဦး၊ နံတော်စဉ်နှင့် တောင်သာ ဝတ်ဖြူတော်အသင်းများက မြို့အတွင်းသို့ စည်ကားသိုက်မြိုက်စွာ လှည့်လည်အပူဇော်ခံ သွားမယ်လို့ သိရပါတယ်။



ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ (၉၇)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်တွင် ပရိသတ်များ စည်ကားသိုက်မြိုက်စွာ တွေ့ရစဉ်။ (ဓာတ်ပုံ-မျိုးဇေယျာ)

# ရွှေကျင် သီတင်းကျွတ်မီးမျှောပွဲတော် စည်ကား

**ရွှေကျင် အောက်တိုဘာ ၂၇**

မြန်မာသက္ကရာဇ် ၁၂၁၃ ခုနှစ်တွင် စတင်ကျင်းပခဲ့သည့် ရွှေကျင် သီတင်းကျွတ် မီးမျှောပွဲတော်သည် ၁၃၇၇ ခုနှစ်တွင် ၁၆၄ နှစ်ပြည့်ပြီဖြစ်သည်။ ယခုနှစ် ရွှေကျင် မီးမျှောပွဲတော်ကိုလည်း အောက်တိုဘာ ၂၁ ရက်မှ ၂၉ ရက်အထိ ကိုးရက်တိုင်တိုင် ကျင်းပနေဆဲဖြစ်သည်။

ယခုနှစ် မီးမျှောပွဲတော်တွင် ပွဲတော် စတင်သည့်ရက်ကပင် လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည် မိသားစုများ၊ ဒေသခံပြည်သူများနှင့် ဈေးဆိုင်ခန်းများဖြင့် စည်ကားလျက်ရှိနေပြီး အောက်တိုဘာ ၂၆ ရက် နံနက် ၈ နာရီက ရွှေတောင်ဦးဘုရားလမ်းဆုံ၌ ရွှေကျင်သီတင်းကျွတ် မီးမျှောပွဲတော် မုခ်ဦးဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။



ရွှေကျင်သီတင်းကျွတ်မီးမျှောပွဲတော်မုခ်ဦးဖွင့်ပွဲအခမ်းအနားနှင့် ကုန်းပွဲတော် ကျင်းပနေမှုကို တွေ့ရစဉ်။

ထို့နောက် ရွှေကျင်မြို့အတွင်းသို့ ရဟန္တာအရှင်မြတ်ကြီးအား လှည့်လည် အပူဇော်ခံခြင်းကို ကျင်းပပြီး ထိုမှတစ်ဆင့် ရွှေကျင်ချောင်းအတွင်းရှိ ကရဝိက်ဖောင်တော်ပေါ်သို့ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား ပင့်ဆောင်ကာ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။

ထိုအခမ်းအနားမှ စတင်၍ သီတင်းကျွတ်လ မီးမျှောပူဇော်ပွဲ၏ ကုန်းပွဲတော်ကို စတင်ကျင်းပလျက်ရှိပြီး ရွှေကျင်မြို့သည် လှုပ်ရှားသက်ဝင်လာကာ ပွဲတော်ကျင်းပရာ နေရာတစ်ဝိုက်၌ ဓမ္မတေးသံများ လွှမ်းခြုံလျက်ရှိနေသည်ကို တွေ့ရသည်။ **သိန်းညွှန့်(ပိန်းဇလုပ်)**

**ဓာတ်ပုံ-ကိုကိုနေ**

# ရှေးဟောင်းသမိုင်းဝင် ရွှေသာလျောင်းဘုရားကြီး နှစ်(၁၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

**မြောင်းမြ အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ပြည်လုံးချမ်းသာ ဆုတောင်းပြည့်ရွှေသာလျောင်းဘုရားကြီး၏ နှစ် (၁၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကို အောက်တိုဘာ ၂၆ ရက်က ရွှေသာလျောင်းဘုရားကြီးမုခ်ဦးရှေ့၌ ကျင်းပသည်။

ထို့နောက် မြို့နယ်သံဃနာယကဆရာတော်များနှင့် မြို့ပေါ်ကျောင်းတိုက်များမှ သံဃာတော်အပါး ၁၀၀ တို့က ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ကြကာ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ မြို့မိမြို့ဖများက ဆရာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

ရွှေသာလျောင်းဘုရားကြီး နှစ်(၁၀၀)ပြည့်ပူဇော်ပွဲကို အောက်တိုဘာ ၂၀ ရက်ကစတင်ကာ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲများဖြင့် စတင်ဖွင့်လှစ်ခဲ့သည်။ အောက်တိုဘာ ၂၃ ရက်ကစတင်၍သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူဆရာတော်ကြီးအပါအဝင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တို့မှ ဆရာတော်ကြီးများက ညစဉ် အထူးတရားပွဲများဖြင့် ဟောကြားခဲ့ကြပြီး သီတင်းကျွတ်လပြည့်နေ့(အောက်တိုဘာ ၂၈ ရက်)တွင် ရပ်ကွက်များ၊ ရုံးဌာနဆိုင်ရာများ၌ ပင့်ဆောင်ပူဇော်ထားရှိသော နှစ်ကျိပ်ရှစ်ဆူဘုရားများကို ပင့်ဆောင်၍ မြို့တွင်းသို့ဒေသစာရီကြွချီအပူဇော်ခံလှည့်လည်ကြမည်ဖြစ်ကာ အကောင်းဆုံးပင့်ဆောင်ပူဇော်နိုင်သော နှစ်ကျိပ်ရှစ်ဆူပင့်ဆောင်သည့် အဖွဲ့အစည်းများကို ဆုငွေကျပ်သုံးသိန်း၊ နှစ်သိန်း၊ တစ်သိန်းနှင့် အထူးဆုများ ပြန်လည်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မင်း(ပြန်/ဆက်)**

○ *ရှေ့ဖုံးမှ*

ကျင်းပလာခဲ့သည့် ပွဲတော်ကြီးဖြစ်ကြောင်း၊ ဆင်ကပြိုင်ပွဲကြီးတွင် နှစ်ပေါင်း ၂၄ နှစ်ကြာ စဉ်ဆက်မပျက်ပြိုင်ပွဲဝင်ခဲ့သော ပိတောက်မြိုင် ရိုးရာဆင်အကအဖွဲ့မှ ကိုဖိုးသားက ပြောသည်။

"ကျောက်ဆည်သားမှန်ရင် ရိုးရာဆင်အကကို ဝါသနာပါကြတာဆိုတော့ မဖြစ်မနေ ဝင်ပြိုင်ချင်ကြတာပါ။ ဆုရရင် ပျော်ပေမယ့် မရခဲ့လည်း ကျွန်တော်တို့မြို့ရဲ့ ရိုးရာဆင်အကပွဲတော်ကြီး ဖျော်ဖြေတင်ဆက်မှုတွေကို တကူးတက လာရောက်ကြည့်ရှုကြသူတွေ ပျော်ရွှင်ကျေနပ်တယ်ဆိုရင် ဝမ်းသာရပါတယ်"ဟု ပြောသည်။

ယခုနှစ် ဆင်လှူပွဲတော်ကြီးတွင် ပြိုင်ပွဲဝင်ဆင်အဖြစ် ရိုးရာဆင်အကပြိုင်ပွဲတွင် ၁၆ စီး၊ ဘော်ကြယ်ဆင်အကပြိုင်ပွဲတွင် လေးစီး၊ ကလေးဆင်ပြိုင်ပွဲတွင် ငါးစီး စုစုပေါင်း ၂၅ စီး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆင်ပွဲတော်ကြီးတွင် အနော်ရထာမင်းကြီးကို ကျေးဇူးဆပ်သောအားဖြင့် ဆင်အစီးရေ ၆၀ ကျော်က မြို့မဈေးကြီးကို သုံးပတ်ပတ်ကာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ဆင်ပွဲတော်ကြီးကို တစ်ရက်တည်း ဆုချီးမြှင့်ပွဲ ကျင်းပနိုင်ရန်အတွက် ပြိုင်ပွဲကျင်းပရေး ကော်မတီသည် ပြိုင်ပွဲဝင်ဆင်များနှင့် ပါဝင်ဖျော်ဖြေသော ဆင်များကို လမ်းကြောင်းခွဲခြားကာ ပြိုင်ပွဲဝင်ဆင်များသည် မြို့မဈေးကြီးကို သုံးပတ်ပတ်ရန်မလိုဘဲ မြို့တွင်းသို့ လှည့်လည်ကာ အမှတ်ပေးဒိုင် သုံးဒိုင်တွင် အလှည့်ကျ ယှဉ်ပြိုင်ကြရသည်။

"ဒီနှစ် ပြိုင်ပွဲဝင်ဆင်တွေကို ပွဲမတိုင်ခင်ကတည်းက အမှတ်ပေးစည်းမျဉ်းတွေကို ကြိုတင်ပြီးပေးထားပြီး ပွင့်လင်းမြင်သာမှုရှိအောင် စီစဉ်ဆောင်ရွက်ထားပါတယ်။ ဒီနှစ်ပြိုင်ပွဲကိုလည်း နံနက် ၁၀ နာရီက စတင်မှာပါ။ နောက်ပြီး နံပါတ်စဉ်အတိုင်း ယှဉ်ပြိုင်ဖို့နဲ့ ဆင်ဦးစီး(ဆင်ထိန်း) အကကိုလည်း ဒီနှစ်ကြည့်ပြီး အမှတ်ပေးဖို့ စည်းကမ်းထပ်ဖြည့်ထားတယ်" ဟု ဒိုင်ချုပ်အဖွဲ့ဝင် ဦးသိန်းက ပြောပြသည်။



ကျောက်ဆည်မြို့ ဆင်ပွဲတော်ကြီး၌ ဆင်အကပြိုင်ပွဲဝင်ရန် စောင့်ဆိုင်းနေကြသည့် ပြိုင်ပွဲဝင်များကို တွေ့ရစဉ်။ ဓာတ်ပုံ-ထွန်းထွန်းနိုင်(ကျောက်ဆည်)

ဆင်ပြိုင်ပွဲတွင် ဆင်များသည် အမှတ်ပေးဒိုင်သုံးဒိုင်တွင် လှည့်လည်ကပြယှဉ်ပြိုင်ကြရပြီး ဒိုင်ချုပ်အဖွဲ့က ဆုံးဖြတ်သွားကြရမည်ဖြစ်ကာ ယခုနှစ်ပြိုင်ပွဲတွင် ဒိုင်ချုပ်အဖွဲ့က ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် ပြိုင်ပွဲဝင်ဆင်တိုင်းကို ဗီဒီယိုဖြင့် မှတ်တမ်းတင်ကာ ကြည့်ရှုသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ကျောက်ဆည်ဆင်ပွဲကတော့ နယ်သူနယ်သားတိုင်း ပါဝင်ဆင်နွှဲကြတယ်။ နှစ်တိုင်း ကြုံနေကြပေမယ့် ဘယ်တော့မှမရိုးနိုင်ဘူး။ ကျောက်ဆည်မြို့ရဲ့ ဆင်ပွဲတော်ကို ပြည်တွင်းကသာမက ပြည်ပနိုင်ငံခြားခရီးသွားအများဆုံးလာတာ ဒီပွဲတော်ပါ။ ဒါကြောင့် မြန်မာသာမက ကမ္ဘာပါကျော်တဲ့ ဆင်ပွဲတော်ဖြစ်တဲ့အတွက် ကျောက်ဆည်သားဖြစ်ရတာ ဂုဏ်ယူတယ်"ဟု ကျောက်ဆည်နယ်ခံတစ်ဦးက ပြောပြသည်။

ကျောက်ဆည် ဆင်ပွဲတော်ကို ဂျာမနီနိုင်ငံမှ လာရောက်လေ့လာကြည့်ရှုသည့်အဖွဲ့မှ Mr. Dregrich က "ကျောက်ဆည်ဆင်ပွဲဆိုတာ မြန်မာ့ရိုးရာဓလေ့ကို ဖော်ထုတ်တဲ့ပွဲမို့ အဓိကကြည့်ဖို့အတွက် လာခဲ့ကြတာပါ။ ဒါကို မဖြစ်မနေကြည့်ရဖို့အတွက် Tour ကုမ္ပဏီတွေနဲ့ ကြိုတင်စီစဉ်ခဲ့တာပါ။ ရိုးရာအစစ်ကို ဖော်ထုတ်ပြီး အပြိုင်ကကြတဲ့အတွက် ပျော်ဖို့လည်း ကောင်းပါတယ်။ ကျွန်တော်တို့အဖွဲ့အားလုံးလည်း ဝမ်းသာပျော်ရွှင်မိပါတယ်" ဟု ပြောပြသည်။

ပြိုင်ပွဲတွင် ဆုရရှိသော ဘော်ကြယ်ဆင်များအား ပထမဆု ငွေကျပ် ရှစ်သိန်း၊ ဒုတိယဆု ငွေကျပ် ခြောက်သိန်း၊ တတိယဆု ငွေကျပ် လေးသိန်း၊ ကလေးဆင်များအား ပထမဆု ငွေကျပ် ခြောက်သိန်း၊ ဒုတိယဆု ငွေကျပ် လေးသိန်း၊ တတိယဆု ငွေကျပ် နှစ်သိန်း ချီးမြှင့်သွားမည်ဖြစ်ပြီး ရိုးရာကို ထိန်းသိမ်းလိုသောကြောင့် ရိုးရာ ဆင်အဖွဲ့များအား ဆုကြေးပိုကာ ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ရှစ်သိန်းနှင့် တတိယဆု ငွေကျပ် ခြောက်သိန်းဖြင့် ပြိုင်ပွဲ ကျင်းပရေးကော်မတီက ချီးမြှင့်မည့်အပြင် ကမ္ဘောဇဘဏ်(ကျောက်ဆည်)ကလည်း ယင်းဆုကြေးအတိုင်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်ဆည် နယ်သူ နယ်သားများသည် ဆင်အကအလှူပြိုင်ပွဲ(ဆင်ပွဲတော်ကြီး)ကို သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့တွင် တစ်ချိန်တည်း တစ်ရက်တည်း တစ်နေရာတည်း၌ ကျင်းပခြင်းကြောင့် ကြက်ပျံမကျ စည်ကားလှသကဲ့သို့ အနော်ရထာမင်းကြီး၏ ကျေးဇူးတော်ကို ဆပ်သောအားဖြင့် သီတင်းကျွတ်လပြည့်နေ့တွင် ရွှေသာလျောင်းတောင်ပေါ်သို့ တက်ကာ ရွှေဆင်ရုပ်၊ ငွေဆင်ရုပ်များလှူပြီး အနော်ရထာမင်းကြီးနှင့် ဆင်မယဉ်သာ(ဆင်ဖြူ)ကို အမျှအတန်းပေးရာတွင်လည်း အထူးစည်ကားလှပေသည်။





ကျောက်ဆည်ဆင်ပွဲတော်တွင် ပျော်ရွှင်စွာ ကြည့်ရှုအားပေးနေကြသည့် ကမ္ဘာလှည့်ခရီးသွားများကို တွေ့ရစဉ်။
ဓာတ်ပုံ-ထွန်းထွန်းနိုင်(ကျောက်ဆည်)

# တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၌ ထားရှိရန် ဂျပန်နိုင်ငံမှ ပင်ဂွင်ငှက် ၁၀ ကောင်ဝယ်ယူမည်

**သတင်း-ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-သီဟစည်သူ**

**နေပြည်တော် အောက်တိုဘာ ၂၇**


တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၌ ပြသရန်လိုအပ်လျက်ရှိသော ပြည်ပ တိရစ္ဆာန်မျိုးစိတ်များဖြစ်သည့် (Hamboldt)အမျိုးအစား ပင်ဂွင်ငှက် ၁၀ ကောင်ကို ဂျပန်နိုင်ငံ ကိုဘေးမြို့ရှိ တိရစ္ဆာန်ဥယျာဉ်မှ ဝယ်ယူမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပင်ဂွင်ငှက်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ထူးကုမ္ပဏီမှ Nature Resources Network အဖွဲ့အစည်းအကူအညီဖြင့် ဝယ်ယူမည်ဖြစ်ကြောင်း နေပြည်တော် တိရစ္ဆာန်ဥယျာဉ် တာဝန်ခံအုပ်ချုပ်ရေးမှူး ဦးသန်းစိုးအေးက ပြောသည်။



နေပြည်တော် တိရစ္ဆာန်ဥယျာဉ် အဝင်ဝမုခ်ဦးနှင့် တိရစ္ဆာန်ဥယျာဉ်သို့ အပန်းဖြေလာရောက် ကြည့်ရှုလေ့လာကြသည့် ပြည်သူများကို တွေ့ရစဉ်။

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၌ ယခင်ဖွင့်ခါစက ပြသထားရှိသည့် ပင်ဂွင်ငှက်များမှာ နည်းပညာအရ ထိန်းသိမ်းမှုနည်းစနစ်များ အားနည်းမှုကြောင့် သေဆုံးသွားသည့်အတွက် အသစ်ထပ်မံဝယ်ယူပြီး ပြသသွားမည်ဖြစ်သည်။ အသစ်ထပ်မံဝယ်ယူမည့် ပင်ဂွင်ငှက် ၁၀ ကောင် အတွက် တစ်ကောင်လျှင် ယူရို ၇၅၀၀ ကျသင့်မည်ဖြစ်ပြီး စုစုပေါင်း ပင်ဂွင်ငှက် ၁၀ ကောင်အတွက် ယူရိုခုနစ်သောင်းခွဲ တန်ဖိုးရှိကြောင်း သိရသည်။



နေပြည်တော် တိရစ္ဆာန်ဥယျာဉ်သို့ လာရောက်ကြသည့် ပြည်သူများအပန်းဖြေကြည့်ရှုလေ့လာနိုင်ရန် မွေးမြူထားသည့် သမင်များကို တွေ့ရစဉ်။

Spheniscus humboldti ဟု သိပ္ပံအမည်ရှိသော ပင်ဂွင်ငှက်အမျိုးအစားများမှာ ကိုယ်ထည်အလျား ၂၆ လက်မမှ ၂၈ လက်မ၊ အမြင့် ၁၈ လက်မနှင့် အလေးချိန် ၁၀ ပေါင်ခန့်နှင့် ဦးခေါင်းနားရွက်နောက်မှ မျက်လုံးနားအထိ အမည်းရောင်ရှိသည်။ ယင်းဟမ်းဘို့ ပင်ဂွင်ငှက်များကို တောင်အမေရိကတိုက် အရှေ့တောင်ဘက် ပီရူး၊ ချီလီနိုင်ငံ ကမ်းခြေတစ်လျှောက်နှင့် ပစိဖိတ်သမုဒ္ဒရာ အရှေ့တောင်ဘက်ကမ်းခြေပိုင်းတွင်တွေ့ရပြီး ဖိုမစုံတွဲဖြစ်စေ၊ အုပ်စုဖွဲ့ဖြစ်စေ နေထိုင်တတ်ကြောင်း သိရသည်။ အသက် နှစ်နှစ်မှ ခုနစ်နှစ်အတွင်း အရွယ်ရောက်ပြီး ကျောက်ဆောင်၊ ကျောက်ကြားများနှင့် ကျောက်လိုဏ်ဂူငယ်များအတွင်း အသိုက်ပြုလုပ်ပြီး တစ်ကြိမ်လျှင် ဥ နှစ်လုံး၊ သုံးလုံးခန့် ဥသည်။ ရက်ပေါင်း ၄၀ မှ ၉၀ခန့်အတွင်း သားပေါက်လေ့ရှိပြီး သက်တမ်း နှစ် ၂၀ ရှိကာ ပင်လယ်ရေငန်ငါးများနှင့် ကျန်ရေသတ္တဝါငယ်များကိုလည်း စားသုံးတတ်ကြောင်း သိရသည်။

အဆိုပါ ပင်ဂွင်ငှက်များနှင့် ပတ်သက်ပြီး အုပ်ချုပ်ရေးမှူးက "ကျွန်တော်တို့ အခုဝယ်ယူမယ့် ပင်ဂွင်ငှက်တွေအတွက် ဒီမှာထားနေကျအကောင် ၂၀ အထိ ထားလို့ရတဲ့ ပြခန်းတစ်ခုရှိပါတယ်။ အခုဝယ်ထားတဲ့ ပင်ဂွင်ငှက် ၁၀ ကောင်ကတော့ အထီးအမငါးစုံဖြစ်ပြီးတော့ ၂၀၁၆ ဇန်နဝါရီ လဆန်းပိုင်းလောက်ရောက်မှာပါ။ သူတို့ကို ပြခန်းထဲမှာ ထားမယ်ဆိုရင် အပူချိန် ၈ ဒီဂရီကနေ ၁၂ ဒီဂရီအတွင်း ရှိအောင်ထားရမယ်။ အရင်တုန်းကအကောင်တွေကျတော့ အထဲမှာရှိတဲ့ရေကို လဲလှယ်တဲ့စနစ်နဲ့ထားတာ၊ အဲဒီမှာဘာဖြစ်လဲဆိုတော့ ရေရဲ့အပူချိန်က အပြင်က ရေဝင်လာတာနဲ့ ပြောင်းသွားတယ်။ အဲဒီတော့ ရေရဲ့အပူချိန် မမှန်တာတွေကော နောက်ဆေးပညာပိုင်းမှာ အားနည်းတာတွေကြောင့် သေသွားတယ်။ အခုနောက်ပိုင်းမှာ ဝန်ထမ်းတွေလည်း အတွေ့အကြုံရနေပြီ။ နောက်ပြီး ပြခန်းကိုလည်း နောက်ဒီလိုမဖြစ်အောင် အဆင့်မြှင့်တာတွေ၊ နောက်ရေပေးတဲ့စနစ်ကိုလည်း Recycle စနစ်နဲ့ ရေအေးပေးတဲ့စနစ်ပါ ပြောင်းတပ်ထားတာတွေနဲ့ နောက်လိုအပ်တာတွေကို ၂၀၁၅ ခုနှစ် ဧပြီလအတွင်းမှာပဲ အပြီးဆောင်ရွက်ထားပြီးပါပြီ။ နောက်ပြီး ဒီတစ်ခေါက်ရောက်လာတဲ့ အကောင်တွေကို သူတို့နေထိုင်တတ်တဲ့ သဘာဝနဲ့ အနီးစပ်ဆုံးဖြစ်အောင် ဆောင်ရွက်သွားမှာပါ။ အစာကျွေးတဲ့ စနစ်မှာလည်း အရင်က ပြင်ပအစာတွေပဲကျွေးတာ၊ အခုကတော့ ကိုယ့်တိရစ္ဆာန်ဥယျာဉ်ထဲမှာပဲ တချို့ရနိုင်အောင် လုပ်ထားတာတွေရှိတယ်။ ပင်ဂွင်ငှက်တစ်ကောင်ကို တစ်ရက်ကို အစာတစ်ကီလိုဂရမ် ကျွေးရတယ်။ အစာကျွေးတဲ့အခါမှာလည်း ရောဂါပိုးပါတာတွေ၊ ဘေးဥပဒ်မဖြစ်စေတဲ့အစာတွေကို အထူးဂရုစိုက်ဆောင်ရွက်သွားမှာပါ။ နောက်ပြီး တိရစ္ဆာန်ဥယျာဉ်အတွက် ဆရာဝန်လေးယောက် ထားရှိပါတယ်" ဟု ပြောကြားသည်။



ယခုအခါ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)အတွင်းရှိ ပြခန်းများကို ဆေးဝါးနည်းပညာပိုင်းနှင့် ထိန်းသိမ်းမှု နည်းစနစ်ပိုင်းများကို အဆင့်မြှင့်တင်နိုင်ရေး ဂျပန်နိုင်ငံရှိ တိရစ္ဆာန် စောင့်ရှောက်ရေးအဖွဲ့(ZPO)နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့ အစီအစဉ်ဖြင့် Workshop များ၊ သင်တန်းများကို ဥယျာဉ်မှဝန်ထမ်းများ စေလွှတ်တက်ရောက်စေခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့အပြင် Animals Exchange Plan ကိုလည်း ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမတိုင်မီ ဂျပန်နိုင်ငံZPOအဖွဲ့နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး မြင်းကျား တစ်စုံ၊ သစ်ကုလားအုတ် တစ်စုံ၊ ပင်လယ်ဖျံလေးကောင်အပါအဝင် တိရစ္ဆာန်အကောင် ၂၀ ကို ချစ်ကြည်ရေးအနေဖြင့် လဲလှယ်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ပြခန်းများပြင်ဆင်ခြင်း၊ ထိန်းသိမ်းခြင်း၊ နည်းပညာပိုင်းအရ အဆင့်မြှင့်တင်ခြင်းများအတွက် အကြီးစားပြုပြင် ဆောင်ရွက်ခြင်းများ၊ ဝန်ထမ်းစရိတ်များနှင့် အခြားအသုံးစရိတ်များ အပါအဝင် စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၁၁၅၀၀ ကျော် ကျခံသုံးစွဲထားကြောင်း သိရသည်။ စစ်တမ်းကောက်ယူမှုများအရ ရပ်ဝေးရပ်နီးမှ လာရောက်လည်ပတ်သူ တစ်လလျှင် ပျမ်းမျှ ငါးသောင်းကျော် လာရောက်လေ့ရှိပြီး ကျောင်းပိတ်ရက်နှင့် အခါကြီးရက်ကြီးများတွင် ပိုမိုစည်ကားလေ့ရှိကြောင်း၊ ယခု ဘဏ္ဍာနှစ်အတွက် အောက်တိုဘာလအထိ လာရောက်လည်ပတ်သူ စုစုပေါင်း သုံးသိန်းသုံးသောင်းကျော် ရှိပြီး ငွေကျပ်သိန်းပေါင်း ၅၆၀၀ ကျော်နှင့် ဒေါ်လာ ၂၀၀၀ ကျော်သာရရှိပြီး ယခင်နှစ်များထက် လာရောက်သူ ထက်ဝက်လျော့နည်းနေသေးကြောင်း သိရသည်။

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ကို ပိတ်ရက်မရှိ ဖွင့်လှစ်ထားရှိပြီး တစ်ဦးလျှင် ငွေကျပ် ၁၀၀၀ ဝင်ကြေးပေးရပြီး လည်ပတ်သူများ အဆင်ပြေစေရေး လည်ပတ်ရန် ကားငှားဝန်ဆောင်မှုပေးခြင်း၊ ဆင်စီးလုံးငှားလျှင် ငွေကျပ် ၈၀၀၀ ကျသင့်ပြီး ဥယျာဉ်အတွင်း ရေကန်တွင် ဘဲလှေများအပျော်စီးခြင်း၊ ကလေးကစားကွင်းများဖြင့် ပြည်သူများ အပန်းဖြေလည်ပတ်ရာနေရာတစ်ခုအဖြစ် ၂၀၀၈ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သည်။

နေပြည်တော် တိရစ္ဆာန်ဥယျာဉ်နှင့် ဆာဖာရီအပါအဝင် မြေဧက ၅၉၀ ကျော်အတွင်း တိရစ္ဆာန်များကို လွှတ်ပေးသည့်စနစ်နှင့် ခြံလှောင်စနစ်ဖြင့် ပြသထားရှိပြီး ပြခန်းများရှိ တိရစ္ဆာန်များကို ရန်ကုန်နှင့် မန္တလေးရှိ တိရစ္ဆာန်ဥယျာဉ်များကဲ့သို့ ပြသရုံမဟုတ်ဘဲ မျိုးဆက်ပွားစေပြီး ရှားပါးတိရစ္ဆာန်မျိုးစိတ်များကို ဆက်လက်ထိန်းသိမ်းထားရှိနိုင်ရေး ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တွင် နို့တိုက်သတ္တဝါ ၃၈ မျိုး၊ ကျေးငှက်သတ္တဝါ ၃၄ မျိုးနှင့် တွားသွားသတ္တဝါ ကိုးမျိုး စုစုပေါင်း ၈၁ မျိုး ပြသထားရှိကြောင်း သိရသည်။



ပင်ဂွင်ငှက်များ ထားရှိမည့် ပြခန်းနေရာကို တွေ့ရစဉ်။

## အင်းလေးဒေသ အင်းရေပြင် သန့်ရှင်းရေးဆောင်ရွက်

**ညောင်ရွှေ အောက်တိုဘာ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဟိုတယ်လုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုအဖွဲ့မှဥက္ကဋ္ဌ ဦးအောင်သိုက်နှင့် ဒုတိယဥက္ကဋ္ဌ ဦးထွန်းဝင်းအေးတို့ ဦးဆောင်၍ စက်လှေ ၁၀ စင်းဖြင့် အဖွဲ့ဝင်စုစုပေါင်း ၁၆၇ ဦးသည် အောက်တိုဘာ ၂၇ ရက်နေ့ နံနက် ၉ နာရီက အင်းလေးကန်ရေလယ်စခန်းအနီးတစ်ဝိုက်ရှိ ပလတ်စတစ်စသော အမှိုက်သရိုက်များကို ဆယ်ယူရှင်းလင်းကြကြောင်း သိရသည်။ (ဝ၅၄)

# အလျှုခံယာဉ် ဘရိတ်ချွတ်ယွင်းပြီး အလှူခံကျောင်းသားငယ်များကို ဝင်တိုက်

**တောင်ငူ အောက်တိုဘာ ၂၇**

အလှူခံအဖွဲ့တစ်ဖွဲ့ မြို့တွင်းသို့ လှည့်လည်စဉ် အဖွဲ့တွင်ပါဝင်သော တီးဝိုင်းကားဘရိတ်ချွတ်ယွင်းကာ ရှေ့တွင်တန်းစီအလှူခံသွားနေသော ကျောင်းသားငယ်များကို ဝင်တိုက်မိခြင်းကြောင့် တစ်ဦးနေရာတွင် သေဆုံးသွားပြီး ၁၂ ဦး ဒဏ်ရာရရှိကြသည့်အနက် သုံးဦးမှာ စိုးရိမ်ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောင်ငူမြို့ ကေလဇာတိဘုံ ဆွမ်းလောင်းပိတ်ပွဲ အလှူခံအဖွဲ့ မြို့တွင်းအလှူခံလှည့်လည်စဉ် ယနေ့ညနေ ၆ နာရီခွဲက ၁၅ ရက်ကွက် ၁၁ လမ်းနှင့် ဘုရားလမ်းထောင့်အရောက် အလှူခံအဖွဲ့မှ အိုးစည်ဗုံမောင်းများ တင်ဆောင်တီးမှုတ်လိုက်ပါလာသည့် လိုက်ထရပ်ယာဉ် ဘရိတ်ချွတ်ယွင်းမှုဖြစ်ပွားပြီး ရှေ့မှ အလှူခံကျောင်းသားငယ်များကို ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သည်။ အဆိုပါ ယာဉ်တိုက်မှုကြောင့် မောင်ကျော်စိုးမိုး (၁၃ နှစ်)မှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ၁၂ ဦး ဒဏ်ရာရရှိခဲ့သည့်အနက် မောင်ဖိုးလပြည့်(၎င်းနှစ်)၊ မောင်ကျော်ဇေယျာလင်း (၁၂ နှစ်)၊ မောင်နေလင်းထူး (ခုနစ်နှစ်)တို့မှာ စိုးရိမ်ရကြောင်း သိရသည်။

ဒဏ်ရာရရှိသူများကို တောင်ငူဆေးရုံကြီးသို့ ပို့ဆောင်ထားပြီး ယာဉ်မောင်း ဦးဝင်းစိန် (၆၀ နှစ်)ကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။



**ကိုလွင်(ဆွာ)**

# မြစ်ကြီးနားမြို့နယ် အောင်နန်းရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား

**မြစ်ကြီးနား အောက်တိုဘာ ၂၇**

မြစ်ကြီးနားမြို့နယ် အောင်နန်းရပ်ကွက် ဈေးကြီးလမ်း မြကန်သာ တည်းခိုခန်း၌ အောက်တိုဘာ ၂၇ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်က တည်းခိုခန်းအပေါ်ထပ်ရှိ လျှပ်စစ်ပန်ကာဖွင့်ထားရာမှ အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါတည်းခိုခန်း၏ သွပ်မိုး၊ နံကပ်နှစ်ထပ်၊ ယင်းတည်းခိုခန်းနှင့် ကပ်လျက်တည်ရှိသော ရွှေပြည်တော်တည်းခိုခန်း၊ သွပ်မိုး၊ နံရံကပ်အပေါ်ထပ်နှင့် မြကန်သာတည်းခိုခန်း၏ ညာဘက်တွင်ကပ်လျက်ရှိသော သွပ်မိုး၊ ပျဉ်ကာလူနေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူ၊ တိရစ္ဆာန်ဆုံးရှုံးမှုမရှိကြောင်းနှင့် မြစ်ကြီးနားမြို့ မီးသတ်၊ မြို့နယ်စည်ပင်၊ အရန်မီးသတ်တပ်ဖွဲ့တို့က မီးငြိမ်းသတ်ယာဉ်လေးစီး၊ ရေသယ်ယာဉ်ခုနစ်စီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မီးညွန့်ကျိုးခဲ့ပြီး မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် တည်းခိုခန်းမန်နေဂျာ ဒေါ်ခင်မြင့်အား သက်ဆိုင်ရာရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မိတ္ထီလာခရိုင်၌ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၂၁၀၀ ဖိုး စံချိန်တင်ဖမ်းဆီးရမိ

**မိတ္ထီလာ အောက်တိုဘာ ၂၇**

နေပြည်တော် ပေါင်းလောင်း မူးယစ်စစ်ဆင်ရေးမှ ဒုရဲမှူး ဝင်းလှိုင်ဦးစီး၍ သာစည်မြို့နယ်ရဲစခန်းမှ ရဲအုပ် အောင်ကျော်သိန်းနှင့် အသိသက်သေများသည် အောက်တိုဘာ ၂၀ ရက်က သာစည်မြို့နယ် ကျွဲတပ်ဆုံရွာအနီး မိတ္ထီလာ-တောင်ကြီး သွားကားလမ်း မိုင်တိုင်အမှတ်(၃၀/၇) အနီး၌ ည ၁၀ နာရီခွဲက သတင်းအရ တောင်ကြီးမှ မိတ္ထီလာသို့ လဲချားမြို့နယ် နောင်လုံရွာနေ စိုင်းပန်(၂၄ နှစ်)မောင်းနှင်၍ ယာဉ်နောက်လိုက် ညောင်ရွှေမြို့နယ် ကျောက်တိုင်ရွာနေ ထွန်းဝင်း(ခ) အိုက်ဝင်း(၃၂ နှစ်)တို့ လိုက်ပါလာသည့် YGN-1H/---- တိုယိုတာကိုရိုလာ ခဲရောင်ယာဉ်ကို ရှောင်တခင် စစ်ဆေးဖမ်းဆီးခဲ့သည်။

ကား၏ နောက်ခန်း ဝဲယာအံဝှက်အတွင်းသို့ ဝှက်ယူဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀၀ အလေးချိန် ခုနစ်ဂရမ်၊ ကာလတန်ဖိုးငွေကျပ် သိန်း၂၁၀၀ နှင့် မူးယစ်ဆေးဝါးရောင်းဝယ်ရာတွင် အသုံးပြုသော လက်ကိုင်ဖုန်းနှစ်လုံး၊ မြန်မာငွေကျပ် ၂၀၀၀၀၀ တို့ကို ရှာဖွေဖမ်းဆီးရမိခဲ့သည်။



စိုင်းပန်နှင့် ထွန်းဝင်း(ခ)အိုက်ဝင်းတို့က ယင်းစိတ်ကြွရူးသွပ်ဆေးပြားများကို တောင်ကြီးမြို့ ဖရဲရပ်ကွက်နေ စိုင်းလျှံ(၃၀ နှစ်)က တောင်ကြီးမှ ရန်ကုန်သို့ သယ်ယူခငွေကျပ်သိန်း ၃၀ ပေးပြီး စရန်အဖြစ်ငွေကျပ် ငါးသိန်းပေးခဲ့သည်ဟု ဆိုသည်။ ထို စိတ်ကြွရူးသွပ်ဆေးပြားများကို ရန်ကုန်အဝင် ထောက်ကြန့်အရောက်၌ စိုင်းလျှံထံ ဖုန်းဆက်၍ ၎င်းရပ်ရမည့်နေရာကို ပြောမည်ဖြစ်ကြောင်း အစစ်ခံခဲ့သည်။ စိုင်းပန်နှင့် ထွန်းဝင်း(ခ)အိုက်ဝင်းတို့ကို အမှုဖွင့် အရေးယူထားပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူ တောင်ကြီးမြို့မှ စိုင်းလျှံကို ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# အောင်ရော အဝေးပြေးယာဉ်ရပ်နားစခန်းသစ်ဖွင့်

**မြန်အောင် အောက်တိုဘာ ၂၇**

မြန်အောင်မြို့နယ် ပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်း ယာဉ်များ စနစ်တကျ ပြေးဆွဲရေးကြီးကြပ်မှုကော်မတီ၏ အောင်ဧရာ အဝေးပြေးယာဉ်ရပ်နားစခန်းအသစ်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ ရက်က ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် တက်ရောက်အားပေးသည်။

ရှေးဦးစွာ အောင်ဧရာ အဝေးပြေးယာဉ်ရပ်နားစခန်း အသစ်ဖွင့်ပွဲအခမ်းအနားကို အဝင်မုခ်ဦးရှေ့၌ ကျင်းပရာ အောင်ဧရာအဝေးပြေးယာဉ်ရပ်နားစခန်းဆိုင်းဘုတ်ကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများသည် အဝေးပြေးယာဉ်ရပ်နားစခန်းဝင်းအတွင်း ကြည့်ရှုပြီး အခမ်းအနားသို့တက်ရောက်လာသော ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲကျင်းပရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ်(မြန်အောင်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ကွင်းဆင်းစစ်ဆေး

**ဇန်းမော် အောက်တိုဘာ ၂၇**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းညွန့်နှင့် ကျေးရွာတာဝန်ခံစာရေးများအဖွဲ့သည် အောက်တိုဘာ ၂၆ ရက် နံနက် ၈ နာရီက ဗန်းမော်မြို့နယ်အတွင်းရှိ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်စီမံကိန်းကျေးရွာများသို့ သွားရောက်စစ်ဆေးသည်။

မအူပင်၊ နန့်လှိုင်၊ မလူလာနှင့် နောင်လိုက်ကျေးရွာများသို့ သွားရောက်၍ စီမံကိန်းရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ လူနေမှုဘဝ မြင့်မားတိုးတက်လာစေရေးအတွက် မြေပြင်၌ လက်တွေ့ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဝါဝါ(ဗန်းမော်)**

# (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၂၇**

ရေနံချောင်းဒေသကောလိပ် ၁၉၇၇-၁၉၈၂ အထိ ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်(စနေနေ့) ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့ M3 Restaurent ၌ ကျင်းပမည်ဖြစ်ပြီး ကန်တော့ခံဆရာကြီး ဆရာမကြီးများ ကြွရောက်ကန်တော့ခံပေးကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အလှူငွေများကို ရန်ကုန်မြို့ ဦးမြင့်ငွေး ၀၉-၅၁၄၃၆၁၄၊ ဒေါ်မြင့်မြင့်ငွေး ၀၉-၇၉၉၉၉၀၈၈၈၊ ဒေါ်ငွေးငွေးရီ(ဘီကျူး) ၀၉-၇၃၀၀၇၂၀၅၊ နေပြည်တော် ဦးဝင်းအောင် ၀၉-၅၀၃၅၀၅၂၊ ဒေါက်တာဝင်းသန့် ၀၉-၄၉၂၂၁၆၇၀၊ မန္တလေးမြို့ ဒေါက်တာအောင်ကျော့ဘုန်း ၀၉-၉၁၀၄၃၈၈၇၊ ဦးအောင်မြတ်ခိုင် ၀၉-၂၀၂၈၃၀၀၊ ဦးသန်းလှ ၀၉-၆၈၀၀၇၁၂၊ မကွေးမြို့ ဒေါ်သန္တာမြင့် ၀၉-၄၀၁၅၆၀၆၆၃၊ ရေနံချောင်းမြို့ ဦးမောင်မောင်စိုး ၀၉-၅၃၃၇၃၁၅၊ ချောက်မြို့ ဦးဝင်းနိုင် ၀၉-၃၃၂၄၇၄၉၁၊ တောင်တွင်းကြီးမြို့ ဒေါ်ခင်အုန်းသန်း ၀၉-၂၅၃၇၂၃၄၆၈၊ အောင်လံမြို့ ဒေါ်မြမြဝင်း ၀၆၉-၂၀၀၄၂၉၊ နတ်မောက်မြို့-မြို့သစ်မြို့ ဒေါ်အေးအေးဝင်း ၀၉-၉၆၀၁၀၀၄၁၆၊ သရက်မြို့ ဦးမင်းသူ ၀၉-၅၁၀၈၃၃၆၊ ပြည်မြို့-ကံမမြို့ ဒေါက်တာကျော်မင်း ၀၉-၅၃၁၂၃၉၇၊ မင်းဘူးမြို့-စကုမြို့-မင်းလှမြို့ ဦးကျော်စိုးလွင် ၀၉-၅၁၈၈၃၆၉၊ ပွင့်ဖြူမြို့-စလင်းမြို့-ဆင်ဖြူကျွန်းမြို့ ဒေါက်တာချစ်ကိုကို ၀၉-၄၀၁၅၇၂၀၅၆၊ ကျောက်ပန်းတောင်းမြို့ ဦးဇော်မင်းစိုး ၀၉-၄၃၀၆၃၂၇၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# အောက်တိုဘာ ၂၇ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၂၇ ရက်၊ အင်္ဂါနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၀၆၀၀ မှ ၅၀၀၀၀ |
| ၂ | ဇီရာ/ညှော့မထ(ဆန်) | | တစ်တင်းခွဲ | ဆန်စပါးကုန်စည်ဒိုင်ဘုရင့်နောင် | ၁၉၅၀၀ မှ ၂၂၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဆန်စပါးကုန်စည်ဒိုင်ဘုရင့်နောင် | ၁၉၅၀၀ မှ ၂၁၀၀၀ |
| ၄ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၉၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၇၀၀၀ |
| ၆ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၂၁၂၅၀၀ |
| ၇ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၂၀၀ မှ ၂၆၆၅ |
| ၈ | ကြက်သွန်နီ | ဆိပ်ဖြူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၅၀ မှ ၂၀၀၀ |
| ၉ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၆၅ မှ ၂၆၀၀ |
| ၁၀ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၄၀၀ မှ ၃၂၅၀ |
| ၁၁ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၅၀ မှ ၉၇၀ |
| ၁၂ | ကျွဲကောသီး | တိုက်ကြီး | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၂၀၀ မှ ၇၀၀ |
| ၁၃ | ထောပတ်သီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၈၀၀၀ မှ ၁၂၀၀၀ |

**လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။**

# စိုက်ပျိုးရေး အသိပညာပေး ဟောပြော

**ရန်ကုန် အောက်တိုဘာ ၂၇**

စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့ရသူများအသင်း(ရန်ကုန်)ရုံးခွဲက ကြီးမှူး၍ အောက်တိုဘာ ၃၁ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာဥယျာဉ်သင်တန်းခန်းမ၌ ဒေါက်တာချစ် (ဒုတိယဝန်ကြီး-ငြိမ်း)က “မိုးကောင်းသောက် စိုက်ပျိုးရေး” ခေါင်းစဉ်ဖြင့် စိုက်ပျိုးရေး အသိပညာပေးဆိုင်ရာ ဗဟုသုတများကို ဖြန့်ဝေဆွေးနွေး ဟောပြောမည်ဖြစ်ရာ မည်သူမဆို တက်ရောက် လေ့လာနိုင်ကြောင်း သိရသည်။

**ကိုချစ်**


**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**အဆောက်အဦဦးစီးဌာန**
**တည်ဆောက်ရေးအဖွဲ့(၂)**
**အဆောက်အဦအထူးအဖွဲ့(၆)**
**(တင်ဒါအမှတ်-၅)**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၆) မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့် ဟားခါးကောလိပ်တည်ဆောက်ခြင်းလုပ်ငန်းများအတွက် လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

၁။ **တင်ဒါပိတ်မည့်ရက်အချိန်** - ၁၆-၁၁-၂၀၁၅ ရက် မွန်းတည့် ၁၂:၀၀ နာရီ

၂။ **တင်ဒါစိစစ်ဖွင့်မည့်ရက်နှင့်အချိန်** - ၁၆-၁၁-၂၀၁၅ ရက် မွန်းလွဲ ၁:၃၀ နာရီ

၃။ **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - လမ်းအထူးအဖွဲ့(၁၀)ရုံး၊ လမ်းဦးစီးဌာန၊ ဟားခါးမြို့။

၄။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အဆောက်အဦအထူးအဖွဲ့(၆)၊ မန္တလေးမြို့တွင် ၂-၁၁-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဖုန်း-၀၂-၇၆၃၆၄၊ ၀၂-၇၆၀၀၁ တို့သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

# လူလူချင်း စာနာပါ၊ ကြင်နာပါ၊ သနားပါ

ခင်မောင်တင်(ဓာတ်ရောင်ခြည်)



'မနုဿတ္တဘာဝေါ ဒုလ္လဘော'
'လူဖြစ်ရတာ မြင့်မြတ်သည်' ဟု
ရှင်တော်မြတ်ဘုရား မိန့်တော်မူခဲ့သည်။

လူဖြစ်ရကျိုးနပ်အောင် ကျွန်ုပ်တို့ ဘာလုပ်ပြီးကြပြီလဲ။

အဖြေကတော့ အမျိုးမျိုးပေးကြမည်ထင်သည်။

တချို့ကလည်း လှူကြတန်းကြ၊ တချို့ကလည်း အလှူရေစက် လက်နှင့် မကွာရှိကြသည်လို့ ဆိုသူလည်းရှိသည်။ တချို့ကလည်း ဆန့်ကျင်ဘက်အတွေးအခေါ်နှင့် လူ့ဘဝမှာ အသက်ရှင်ခိုက် ပျော်ပျော်သာနေကြစို့ ဆိုသူလည်းရှိသည်။ အလှူအတန်းဆိုတာလည်း ကံ ကံ၏အကျိုးပေးအပေါ် မူတည်ပြီး တမလွန်အကျိုးကိုမျှော်ပြီး အလှူဒါနပြုကြသည်။ တချို့ကလည်း ယခင်ကံမပါလာတော့ လှူချင်လျက်နှင့် မလှူနိုင်၊ မူးစု ပဲစုဖြင့် လှူကြသည်။ ချွေးနဲ့စာဖြင့် လှူကြသည်။ မည်မျှပင် လှူလှူ အလှူအပေါ်မှာ မိမိထားသောစိတ်ထားသာလျှင် အဓိကဖြစ်ပြီး အကျိုးပေးကြပါသည်။

လူဖြစ်ရကျိုးနပ်အောင် အခြေခံမှာ လူတိုင်း လူတိုင်း ငါးပါးသီလမြဲသင့်သည်။ အကြောင်းမှာမူ လူသားတို့၏ နေ့စဉ်ကျင်လည်နေရသော ပတ်ဝန်းကျင်တွင် လောဘ၊ ဒေါသ၊ မောဟ တရားများ ကိန်းဝပ်ကျက်စားနေကြသည်။ ထို့ကြောင့် စာဆိုတစ်ဦးက "ဒေါသတရား ပွားများလတ်သောအခါ ဓားမိုးရှာသို့၊ သတ္တဝါဖုံဖုံ ပြောဟုန်အမျက် လက်နက်ပြိုင်ခင်းချင်းချင်း သတ်ကြ သွေးချောင်းကျ၏" ဟု စာပလွေ့ကွန့်မြူးခဲ့ပါသည်။ လူတစ်ဦး တစ်ယောက်လောဘကြောင့် ဒေါသတွေဖြစ်ရမည်။ ဒေါသကြောင့် မောဟတွေဖြစ်ရသည်။ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ် ဖြစ်ပေါ် လာသည့် သဏ္ဍာန်၌ လူတစ်ဦး၏ စိတ်သည် တိမ်သလ္လာဖုံးသကဲ့သို့ဖြစ်ပေါ်ပြီး ဒီစိတ်များကို ပေါ်မလာအောင် ငါးပါးသီလလုံခြုံဖို့ လိုပေသည်။

လူသားတို့တွင် လောဘ၊ ဒေါသ၊ အမိုက်မှောင်ကပ်နိုင်သကဲ့သို့ သဘာဝကပ်ကြီးသုံးပါးသည်လည်း ဆက်စပ်ပြီး လူသားများကို ဒုက္ခပေးနိုင်ပါသည်။ ယခုအခါ သဘာဝရာသီဥတု ဖောက်ပြန်မှုကြောင့် လေမုန်တိုင်းတိုက်၊ ရေတွေကြီး၊ ငလျင်လှုပ်၊ လူအများအပြား သေကျေပျက်စီးရသလို၊ နေအိမ်၊ အိုးအိမ်တွေလည်း ဆုံးရှုံးကြရသည်။ ဤသို့ ဒုက္ခ အငတ်ဘေးဆိုက်ရောက်လာသည့်အခါ လူ့သဘာဝမှာ ဝတ်ရဖို့လည်း ဝန်မလေး၊ ခိုးစားရဖို့လည်း ဝန်မလေး၊ လုယူစားသောက်ဖို့လည်း ဝန်မလေးဘဲ ဒုက္ခိတ္တနရကပ်မှ သတ္တန္တရကပ်သို့ ကူးပြောင်းသွားသည်။

အမှန်တကယ် ဆာလောင်ငတ်မွတ်လာသည့်အခါ အစားအသောက်ကို ကျန်းမာရေးနှင့်သင့်လျော်သည် မလျော်သည်ကို မရွေးတော့ဘဲ ကြုံရာစားရ၊ ကြုံရာနေရသဖြင့် ကူးစက်ရောဂါများ စွဲကပ်လာသည့်အခါ ရောဂန္တရကပ်သို့ ဆိုက်ရောက်လာပါတော့သည်။

မြတ်ဗုဒ္ဓ၏ အဆိုအမိန့်တစ်ခုရှိပါသေးသည်။ "အာရောဂျပရမံလာဘံ "၊ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်၏။ လူတိုင်းသည် ဤလာဘ်ကို အစဉ်အမြဲ ရယူလိုကြသည်။ သို့သော် "ဖြစ်ခြင်း၊ ပျက်ခြင်း" ဆိုသော နိယာမအရ လူတို့သည် " အို နာ သေ " မှုနှင့် လွတ်ကင်း၍မရပေ။

အိုလာလျှင်နာရမည်၊ မအိုဘဲနာသူလည်းရှိကြသည်။ အိုနာသေမှုကို အမြဲကြုံတွေ့နေရသူများတွင် ကျန်းမာရေးဝန်ဆောင်မှုပေးသူများလည်းပါသည်။ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မိမိတို့ထံ အားကိုးတကြီးနှင့်လာသူတို့ကို စာနာစိတ်ဖြင့် မိမိတို့မိသားစု ဆွေရင်းမျိုးရင်းနှင့်မခြား ပြုစုယုယဆောင်ရွက်ပေးခြင်းသည် လူကြိုက်၊ နတ်ကြိုက် သာဓုအနုမောဒနာ ထောမနာပြုခြင်းကို ခံရမှာမလွဲပင်။ မိမိတာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းတွင် မိမိသည် မည်မျှရာထူးကြီးပါစေ လူနာများလာရောက်ပါက လူနာတင်တွန်းလှည်းတွန်းရန်ရှိလျှင် တွန်းနိုင်ရပါမည်။ ယုတ်စွအဆုံး ကျင်ကြီးကျင်ငယ်ကို သုတ်သင့်လျှင် သုတ်သင်ပေးရပါလိမ့်မည်။

ဗုဒ္ဓမြတ်ဘုရားက တပည့်ရဟန်းတော်များအား ဆုံးမရာမှာ " ဂိလာန၊ နာမကျန်းသူရဟန်းတို့ကို ပြုစုခြင်းသည် ငါဘုရားကို ပြုစုခြင်းကဲ့သို့" ဖြစ်သည်ဟု မိန့်ကြားချက်ရှိခဲ့ပါသည်။ သို့ဖြစ်၍ နာမကျန်းသူကို ပြုစုခြင်းသည် မြတ်စွာဘုရား၏ အဆုံးအမကို လိုက်နာသူမည်ပါသည်။ သူတော်ကောင်းများ သာဓုခေါ်ဆိုကြမည်ဖြစ်ပါသည်။ လူနာများကိုပြုစုသူသည် လောဘ၊ ဒေါသ၊ မောဟကင်းကာ ငါးပါးသီလလုံခြုံပြီးပြုစုလျှင် မိမိမျက်နှာသည် အလိုအလျောက် အပြုံးပန်းများဖြစ်ပေါ်ကာ မိမိ၏ အပြုံးသည် လူနာ၏ရင်ကို အေးမြစေပါသည်။ ခံစားနေရသောရောဂါဘယ လျော့ပါးစေပါသည်။

မကျန်းမာသော ပုဂ္ဂိုလ်များရှိပါက ကျေးဇူးရှင်လယ်တီဆရာတော်ကြီးပင်လျှင် မကျန်းမာသူများကို ဆေးဝါးပေးခြင်း၊ ဓာတ်စာကျွေးခြင်း၊ ညဥ့်အိပ်ညဥ့်နေ ကိုယ်တိုင်ကိုယ်ကျ စောင့်ရှောက်ပေးရမည့် လူနာဖြစ်ပါက စောင့်ရှောက်ပေးခြင်း၊ သူနာရဟန်း၏ သက်န်းအခင်းစသည်တို့ကိုလည်း ကိုယ်တော်တိုင် လျှော်ဖွပ်ပေးခြင်း၊ သန့်စင်ပေးခြင်းကို ပြုလုပ်ပေးခဲ့ကြောင်း စာပေများတွင် ဖတ်ဖူးခဲ့ပါသည်။

ကျန်းမာရေးဝန်ဆောင်မှုပေးသူတစ်ဦးသည် မိမိ၏ လုပ်ငန်းကျွမ်းကျင် မှုရှိရမည့်အပြင် စေတနာ၊ သနား ကြင်နာတတ်စိတ်၊ ကိုယ်ချင်းစာနာစိတ်များလည်းရှိရန် လိုသည်။

ထို့ပြင် ၄င်းသည် လုပ်ငန်းကိုကြိုးစားတတ်သူ၊ စည်းကမ်းလိုက်နာသူ၊ အများနှင့်ပူးပေါင်းဆောင်ရွက်တတ်သည့် အရည်အချင်းများလည်း ရှိဖို့လိုပါသည်။ ငါ၊ ငါသာ၊ ငါသာလျှင်ဟူ၍ " ငါ " ဆိုသည့် မာန်မာနတရား ရှေ့တန်းမတင်ဘဲ လက်ရှိလူ့ပတ်ဝန်းကျင်၊ လုပ်ငန်းခွင်ဝန်းကျင်နှင့် လိုက်လျောညီထွေနေတတ်အောင် ကြိုးစားကာ လူလူချင်းစာနာစိတ်ဖြင့် ကျန်းမာရေးဝန်ဆောင်မှုပေးမည်ဆိုပါက လူသာဓုခေါ်၊ နတ်သာဓုခေါ် ဘုရားအကြိုက်ဖြစ်ပေမည်။

ထို့ပြင် ကျန်းမာရေးဝန်ဆောင်မှုပေးသူများသည် ငယ်သူက ကြီးသူတို့၏ ဆုံးမဩဝါဒများ လိုက်နာရမည်ဖြစ်သလို ကြီးသူကလည်း ငယ်သူတို့၏စကားကို လက်ခံအသိအမှတ်ပြုဖို့လိုသည်။ လုပ်ငန်းအတွင်း သဟဇာတဖြစ်သော စုပေါင်းလုပ်ဆောင်မှု ( Harmonized Team Work ) ရှိရန်လိုပါသည်။ သို့မှသာ မိမိတို့၏ ထမင်းရှင်ဖြစ်သော "လူနာ"များ စိတ်ချမ်းသာမှုရှိစေရန် ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်သည်။

ကျန်းမာရေးဝန်ဆောင်မှုပေးသူသည် လူတစ်ဦးတစ်ယောက်၏ ကျန်းမာရေးသာမက စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာတို့ပါ ပြုစုယုယဖို့လိုပါသည်။ ကျန်းမာရေးဝန်ဆောင်မှုပေးသူသည် Good Listening Skill ရှိရန်လိုသည်။ လူတစ်ဦးသည် မိမိထံ အားကိုးတကြီးလာသည့်အခါ ၄င်း၏ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ ခံစားချက်များကို ဖွင့်ဟဆွေးနွေးတိုင်ပင်လိုစိတ်ရှိကြသည်။ ထိုအခါ ကျန်းမာရေးဝန်ဆောင်မှုပြုသူအနေဖြင့် လူတစ်ဦး၏ ဖွင့်ဟပြောကြားချက်များကို စိတ်ပါဝင်စားစွာ နားထောင်ပေးခြင်း ပြုလုပ်သင့်ပါသည်။ မည်သည့်အခါမျှ လူတစ်ဦး၏ ပြောကြားချက်ကို စိတ်မဝင်စားသည့် သဏ္ဍာန်မပြသဖို့ ဂရုစိုက်ရပေမည်။

ဆေးဘက်ဆိုင်ရာ ကုသမှုဝန်ဆောင်မှုပေးသည့်အခါ ရိုင်းပျခြင်း၊ လူနာကို ရိုသေလေးစားမှုမရှိခြင်းမှာ အကြီးဆုံးအမှားပင်ဖြစ်သည်။

လူတိုင်းသည် နွေးထွေးစွာ ပြောဆိုဆက်ဆံခြင်းကို နှစ်သက်ကြသည်။ လူနာတစ်ဦး ဆေးရုံလာသည့်အခါ နွေးထွေးစွာ ပြောဆိုဆက်ဆံခြင်း၊ ကြင်နာသောစိတ်ထားဖြင့် အားပေးစကားပြောဆိုခြင်းကို လူနာမှာ အမြဲအမှတ်ရနေမည့်အပြင် ကျန်းမာရေး ဝန်ဆောင်မှုပြုသူ၏ ရင်ကိုလည်းအေးမြစေမည်ဖြစ်ပါသည်။ ထို့ကြောင့် " Be Kind and Courteous " ဆိုသည့် ဆောင်ပုဒ်ကို နှလုံးတွင် အမြဲစွဲမြဲမှတ်ယူရန်လိုသည်။

ဆေးပညာလောကတွင် ရိုးသားဖြောင့်မတ်ခြင်းသည် အရေးပါဆုံးဖြစ်သည်။ လူတစ်ဦး၏ အခြေအနေမှန်ကို မဖုံးမကွယ်ရှင်းပြပြီး ကျန်းမာရေး ဝန်ဆောင်သူအနေဖြင့် မိမိတို့အတတ်နိုင်ဆုံး ပြုစုယုယကုသမှုပေးမည်ကို လူနာနှင့်လူနာရှင်တို့ကို အသိပေးရန်လိုပါသည်။ မဖြစ်နိုင်သည့်ကိစ္စကို ဖြစ်နိုင်ပါသည်ဟု ပြောဆိုခြင်းသည် မရိုးသားရာရောက်သည်။ ထို့ကြောင့် ကျွန်ုပ်တို့အမြဲ သတိရနေရမည့်အချက်မှာ " Honesty is the Best Policy" ဆိုသော ဆောင်ပုဒ်ပင်ဖြစ်သည်။

ကျန်းမာရေးဝန်ဆောင်မှု ပြုသူတစ်ဦးသည် လူတိုင်းအပေါ် အတူတူဟူ၍ သတ်မှတ်၍ မရ။ တစ်ဦး၏ဆန္ဒနှင့် နောက်တစ်ဦးက ဆန္ဒတူချင်မှတူပေမည်။ အကောင်းဆုံးနည်းမှာ လူတစ်ဦးချင်းစီအလိုက် ဆက်ဆံဖို့လိုသည်။ " Treat Every one as an Individual "

နွေးထွေးပြုစုဆက်ဆံခြင်းဖြင့် ဘုရားအကြိုက်၊ နတ်အကြိုက် ၊ လူအများ အကြိုက်လုပ်ဆောင်ကြပါရန် တိုက်တွန်းအပ်ပါသည်။

**ဗုဒ္ဓမြတ်ဘုရားက တပည့်ရဟန်းတော်များ ဆုံးမရာမှာ "ဂိလာန၊ နာမကျန်းသူ ရဟန်းတို့ကိုပြုစုခြင်းသည် ငါဘုရားကို ပြုစုခြင်းကဲ့သို့" ဖြစ်သည်ဟု မိန့်ကြားချက်ရှိခဲ့ပါသည်။ သို့ဖြစ်၍ နာမကျန်းသူကို ပြုစုခြင်းသည် မြတ်စွာဘုရား၏ အဆုံးအမကို လိုက်နာသူမည်ပါသည်။**

နေပြည်တော်(၁) ဖုန်း - 251277 251288
မင်္ဂလာ(၁) သိမ်ကြီးဈေး 01-243057 01-243058
မင်္ဂလာ စံပြ ဖုန်း - 09260887035 01 2303165 09 73176000




နေပြည်တော်(၂) ဖုန်း - 251277 251288
မင်္ဂလာ စံပြ ဖုန်း - 09260887035 01 2303165 09 73176000
မင်္ဂလာဒိုင်းမွန်း နိုင်းမွန်းပလာဇာ(၅)လွှာ၊ မန္တလေး




ရွှေဆောင်(၁) 01-252113 01-388034
မင်္ဂလာ (၂) ဒဂုံစင်တာ(၂) မြေနီကုန်း
မင်္ဂလာ စံပြ ဖုန်း - 09260887035 01 2303165 09 73176000



# တမလန်းစားရွေတုံးများ ဖမ်းဆီးရမိ



**ကျွန်းလှ အောက်တိုဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ပိတောက်မြိုင်ရပ်ကွက် မြောက်ဘက် မောင်းတံဂိတ်တွင် အောက်တိုဘာ ၂၆ ရက်က တမလန်းစားရွေတုံးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ကျွန်းလှမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များအဖွဲ့သည် သတင်းအရ မောင်းတံဂိတ်တွင် စောင့်နေစဉ် ကန့်ဘလူမြို့နယ် တောင်ပေကုန်းရွာဘက်မှ မောင်းနှင်လာသော တိုယိုတာဒိုင်နာအဖြူ ယာဉ်ကို စစ်ဆေးရာ ယာဉ်မောင်း အေးမင်းထွန်းနှင့် ယာဉ်နောက်လိုက် ကျော်ဇေယျထူးတို့ကို တွေ့ရှိရပြီး ယာဉ်ပေါ်တွင် တရားမဝင် တမလန်းစားရွေတုံး ၁၈ တုံး ၃ ဒသမ ၁၅၁၂ တန် တန်ဖိုးငွေကျပ် ၇၈၇၈၀၀ ခန့် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ တရားမဝင်တမလန်းစားရွေတုံးများ သယ်ဆောင်လာသူ နှစ်ဦးအား ကျွန်းလှမြို့မရဲစခန်းက အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# ထိုင်းနိုင်ငံအတွင်း တရားမဝင်နေထိုင်သူများအား စတင်အရေးယူ

**ဗန်ကောက် အောက်တိုဘာ ၂၇**

ထိုင်းနိုင်ငံအတွင်း တရားမဝင် နေထိုင်သူများအား (ပထမအကြိမ်)အဖြစ် စတင်၍ ထိုင်းလူဝင်မှုကြီးကြပ်ရေးရဲတပ်ဖွဲ့က လိုက်လံဖမ်းဆီးလျက်ရှိရာ အောက်တိုဘာ ၂၅ ရက်က ပထမအသုတ်အဖြစ် ၉၂၆၅ ဦး ဖမ်းဆီးရမိခဲ့ကြောင်း ထိုင်းလူဝင်မှုကြီးကြပ်ရေး ရဲမှူးမစ္စတာနတ်ထောင်ဖရော့စွန်ထောင်က အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

ယင်းသို့ ဖမ်းဆီးရာတွင် အာဖရိကတိုက်သား ဝရမ်းပြေးနှစ်ဦး၊ ဘတ်ငွေငါးသန်း လိမ်လည်တိမ်းရှောင်နေသူ ရုရှားဘဏ်မန်နေဂျာတစ်ဦး၊ တရားမဝင် အွန်လိုင်းလောင်းကစားဖွင့်လှစ်သူ ကိုရီးယားလူမျိုးစသည့် နာမည်ကြီး ရာဇဝတ်သားများမှအစ အခြား ရာဇဝတ်မှုကျူးလွန်သူများအထိ ပါဝင်ကြောင်း၊ အထောက်အထားမဲ့ဝင်ရောက်သူများ၊ ဗီဇာသက်တမ်းကုန်၍ နေထိုင်သူများ၊ ရက် ၉၀ ညှော်စာရင်းတိုင်ရန် ပျက်ကွက်သူများ၊ တရားမဝင် လာရောက်အလုပ်လုပ်ကိုင်သူ မြန်မာနိုင်ငံသားများစသည်တို့ အပါအဝင် ၉၂၆၅ ဦးအား စတင်ဖမ်းဆီး အရေးယူခဲ့ကြောင်း၊ ဆက်လက်၍ နိုင်ငံနှင့်အဝန်း ဖမ်းဆီးအရေးယူမှုများ ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း ထိုင်း-မြန်မာချစ်ကြည်ရေး ရုပ်/သံသတင်းဌာနမှ ထုတ်လွှင့်ဖော်ပြခဲ့မှုကို လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် သိရသည်။ **ကျော်စိုး(ပြန်/ဆက်)**

# လင်မယားချင်းရန်ဖြစ်ရာမှ အိမ်နီးချင်းကို ဓားဖြင့်ခုတ်၍သေဆုံး

**ဖြူး အောက်တိုဘာ ၂၇**

တောင်ငူခရိုင် ဖြူးမြို့နယ် ရွာတန်းရှည်ကျေးရွာတွင် အောက်တိုဘာ ၂၅ ရက် ညက လင်မယားချင်းစကားများရန်ဖြစ်ပြီးနောက် ဇနီးဖြစ်သူကို လိုက်ရှာရင်း အိမ်နီးချင်းဖြစ်သူအား ဓားဖြင့်ခုတ်သတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖြူးမြို့အရှေ့ဘက် တစ်မိုင်ခန့်အကွာရှိ ရွာတန်းရှည်ကျေးရွာနေ စိုးမင်းသည် ၎င်း၏ဇနီးဖြစ်သူနှင့် ရန်ဖြစ်စကားများခဲ့ပြီး ဇနီးဖြစ်သူမှာ နေအိမ်မှ ထွက်သွားခဲ့သည်။

ထိုသို့ထွက်သွားခဲ့ပြီးနောက် စိုးမင်းက အိမ်နီးချင်းနေ ကိုဇော်လင်း၏ နေအိမ်ဝင်းအတွင်း ဝင်ရောက်ရှာဖွေမည်ပြုစဉ် အိမ်ရှင်ကိုဇော်လင်းက ခြံပေါက်ဝမှ ဟန့်တားခဲ့ရာ စိုးမင်းက အသင့်ယူဆောင်လာသော ဓားဖြင့်ခုတ်ခဲ့ရာ ကိုဇော်လင်း၏လည်ပင်း၌ ပြတ်ရှဓားဒဏ်ရာတစ်ချက်ရရှိကာ သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

အမှုကို ဖြူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



# တရားမဝင်သစ်များ ပိုင်ရှင်မဲ့ဖမ်းဆီးရမိ

**ကျောက်တံခါး အောက်တိုဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးမှူး ဦးစောဂျင် မီနီမြို့ချောင်း ဘိနယ်တာဝန်ခံတောအုပ်ကြီး ဦးစောလတ်နှင့်သစ်တော ဝန်ထမ်းများသည် အောက်တိုဘာ ၂၆ ရက်က သတင်းအရ သွားရောက်ရှာဖွေခဲ့ရာ ရဲနွယ်ဆည်ရေပိုလွှဲအနီးတရားမဝင်စုပုံထားသောသစ်များတွေ့ရှိ၍ ပိုင်ရှင်မဲ့သိမ်းဆည်းခဲ့သည်။ သိမ်းဆည်းရမိသည့် ကျွန်းခွဲသားနှင့် အခြားသား ၃၄ ချောင်း၊ ၂ ဒသမ ၈၉၇၀ တန်စုစုပေါင်း ၃ ဒသမ ၁၁၇၆ တန်အား ပိုင်ရှင်မဲ့သိမ်းဆည်း၍ အဆိုပါသစ်များအား မြို့ချောင်းဘိနယ် သစ်တောစခန်းရုံးသို့ သယ်ယူခဲ့ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

# ကျောက်ကြီး၌ အရက်မူးစကားများရန်ဖြစ်ရာမှ လူသတ်မှုဖြစ်

**ကျောက်ကြီး အောက်တိုဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် နတ်သံကွင်းရဲစခန်းအပိုင် တောကြောင်ပေါက် အထက်ရွာနှင့် အလယ်ရွာကြား သောက်ရေကန်အနီးတွင် အောက်တိုဘာ ၂၅ ရက်က လူသတ်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောကြောင်ပေါက် အောက်ရွာနေ သန်းဝင်းသည် အရက်မူးပြီးပြန်လာစဉ် တောကြောင်ပေါက်အထက် သောက်ရေကန်အနီးတွင် တောကြောင်ပေါက် အလယ်ရွာနေ ငွေသူအောင်နှင့် တွေ့ဆုံစကားများ ရန်ဖြစ်ကြရာမှ သန်းဝင်းထံမှ ပါလာသောဓားဖြင့် ငွေသူအောင်က ခြောက်ချက်ဆင့်ထိုးခဲ့ခြင်းဖြစ်သည်။

အမှုကို နတ်သံကွင်းနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(၀၄၅)**

**လူကိုလူချင်း ကုန်ကူးမှု ပတ်ဝန်းကျင်တွင် ဂရုပြု**

# ဆိုင်ကယ်ချင်း မျက်နှာချင်းဆိုင်တိုက် အမျိုးသားတစ်ဦးသေဆုံး

**မင်းဘူး အောက်တိုဘာ ၂၇**

မင်းဘူးခရိုင် ငဖဲမြို့နယ် မရိုးကန်ကျေးရွာအနီးတွင် အောက်တိုဘာ ၂၆ ရက်ညနေပိုင်းက ဆိုင်ကယ်ချင်းမျက်နှာချင်းဆိုင်တိုက်မိရာ အမျိုးသားတစ်ဦးသေဆုံးသွားခဲ့ပြီး အမျိုးသမီးသုံးဦး ဒဏ်ရာများရရှိခဲ့ကြောင်း ငဖဲမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှသိရသည်။

ဖြစ်စဉ်မှာ မရိုးကန်ကျေးရွာမှ ပဒါန်းကျေးရွာဘက်သို့ မတင်ဌေး မောင်းနှင်ပြီး နောက်မှသမီးဖြစ်သူ မယွန်းမီမီလှိုင်နှင့် မဖြိုးပပအောင်တို့ လိုက်ပါလာသော ၁၂၅ ဖြူပြာရောင်ဆိုင်ကယ်နှင့် ပဒါန်းကျေးရွာဘက်မှ မရိုးကန်ကျေးရွာသို့ ဇော်မင်းထွန်း မောင်းနှင်လာသည့် ၁၂၅ အနက်ရောင်ဆိုင်ကယ်တို့ ကားလမ်းအလယ်တွင် မျက်နှာချင်းဆိုင်တိုက်မိရာ မတင်ဌေး၊ မယွန်းမီမီလှိုင်တို့နှစ်ဦးတွင်(စိုးရိမ်ရ)ဒဏ်ရာများနှင့် မဖြိုးပပအောင်တွင်(မစိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့ကြပြီး ဇော်မင်းထွန်းတွင် ဒဏ်ရာများရရှိကာအခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းနှစ်ဦးအား ငဖဲမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**


**လပြည့်** 09-50-37438 532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ် ကားမျိုးစုံ ငှားရန်အသင့်ရှိသည် ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

**ပျောက်ဆုံး**

ဦးစိုးလှိုင်သန်း ၁၂/ဗဟန(နိုင်)၀၈၅၉၈၈ ၏ သမီး ကျွန်မ မေမိုးဦး၏ နိုင်ငံကူးလက်မှတ် (ပတ်စ်ပို့နံပါတ်မမှတ်မိ) စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန် မေတ္တာရပ်ခံပါသည်။
ဖုန်း-၀၉-၂၅၄၀၁၁၉၈၅၊ ၀၉-၉၇၁၆၀၉၁၉၀

**အများသိစေရန်ကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၈၅၄/က၊ မြေကွက်တည်နေရာအမှတ် ၈၅၄၊ ရတနာပုံ ၃ လမ်း၊ ၉ ရပ်ကွက်၊ သာကေတမြို့ နယ် ဦးအောင်မင်း (TKA-၀၂၅၅၄၃) အမည်ပေါက် နှစ် ၆၀ ဂရန်ကို ဦးအောင်မင်း ကိုယ်တိုင်မှ (ဂရန်)မူရင်း ခြကိုက်ပျက်စီးကြောင်း တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလဂရန် ထုတ်ပေးထားသည့် မြေငှားစာချုပ်အမှတ် (သကတ/၉/၆၀-၉၂) (၁၇-၁-၉၃) ဦးအောင်မင်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေငှားစာချုပ် ဂရန် (မူရင်း)စာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**မွေးနေ့မင်္ဂလာဆုမွန်ကောင်းတောင်းခြင်း**

၂၈-၁၀-၂၀၁၅ ရက်တွင် ကျရောက်သော မွေးသမိခင်ကျေးဇူးရှင် ဒေါ်မေရီရှိန်၏ (၆၄)နှစ်မြောက် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နှစ်ပေါင်း (၁၀၀)ကျော်သည့်တိုင်အောင် ချစ်သောမိသားစုနှင့်အတူ ဘဝခရီးကို ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။
**သား ဦးအောင်ကို-ဒေါ်ချိုလှဲ့လှဲ့ဝင်း**
**သမီး မသဒ္ဓါဆု၊ မခိုင်ဆုသျှင် မိသားစု**
**စစ်ကိုင်းမြို့**

**မွေးနေ့မင်္ဂလာဆုမွန်ကောင်းတောင်းခြင်း**

၂၈-၁၀-၂၀၁၅ ရက်တွင် ကျရောက်သော တူလေး မောင်ဘုန်းပြည့်သူ၏ (၅) နှစ်မြောက် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နှစ်ပေါင်း (၁၀၀)ကျော်သည့်တိုင်အောင် အမျိုးဘာသာ သာသနာအကျိုးကို ထမ်းရွက်သယ်ပိုးနိုင်သော သားကောင်းတစ်ယောက်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။
**ဦးလေး ဦးအောင်ကို-ဒေါ်ချိုလှဲ့လှဲ့ဝင်း**
**သမီး မသဒ္ဓါဆု၊ မခိုင်ဆုသျှင် မိသားစု**
**စစ်ကိုင်းမြို့**

**ပျောက်ဆုံးကြောင်း**

ကျွန်တော်မောင်မျိုးမင်းအောင် ၅/ခဥန(နိုင်)၀၉၂၅၃၂၏ PASSPORT MA 378932 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၆၇၆၁၇၂၇**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်မျက်ဇဒို (၅/ကလထ(နိုင်)၁၄၇၅၃၁) ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။
ဖုန်း - ၀၉ ၄၃၀၄၂၀၉၁

**ဖခင်အမည်မှန်**

ပခုက္ကူမြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဝင့်မာန်ဟိန်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ဦး ဖြစ်ပါသည်။
**ဦးကျော်ဦး**
**၈/ပခက(နိုင်)၀၁၉၆၄၀**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၂)မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် ချင်းတွင်းတံတား(ကလေးဝ)၏ အပေါ်ထည်သံပေါင်လုပ်ငန်းများဆောင်ရွက်ရန် သံပေါင်တန်ချိန် (၃၃၀၉)တန်အား ရန်ကုန်မြို့ရှိ J & M နှင့် MEC စက်ရုံများမှ ချင်းတွင်းတံတား(ကလေးဝ)လုပ်ငန်းခွင်အရောက် သယ်ယူလိုပါသည်။

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၄-၁၁-၂၀၁၅ ရက်
**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ချင်းတွင်းတံတား(ကလေးဝ)

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ချင်းတွင်းတံတား(ကလေးဝ)နှင့် တံတားအထူးအဖွဲ့(၂) ဒုညွှန်ကြားရေးမှူးရုံး၊ မုံရွာမြို့တို့တွင် ၂၆-၁၀-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၉-၆၄၇၂၆၅၂၊ ၀၉-၈၅၂၂၃၂၅၊ ၀၉-၂၆၃၆၈၀၆၉၆၊ ၀၉-၄၃၀၅၆၁၆၅**

**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၁၁၉၁၅)၏ မြေကွက်နေရာချထားပေးသည့် စလစ်မူရင်းပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ထုတ်ပေးပါရန် အမည်ပေါက် ဦးစိန်သောင်း ၉/ပမန(နိုင်)၀၆၀၄၂၉(ဘ)ဦးကုလားပုမှ မြေကွက်စလစ်မူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်ဆိုချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ရဲစခန်းထောက် ခံချက်မူရင်းများတင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနလုပ်ထုံးလုပ်နည်းများနှင့်အညီ ပျောက်ဆုံးသွားသော မြေကွက်နေရာချထားပေးသည့် စလစ်မူရင်းအားပယ်ဖျက်၍ မိတ္တူမှန်ထုတ်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# မြန်မာ့ယွန်းအတတ်ပညာတန်ဖိုးကို ဖော်ပြနေသော အမြင့်မြို့ဝန် မင်းလက်ဝါးကြီး၏ ယွန်းသေတ္တာ

**နေပြည်တော် အောက်တိုဘာ ၂၇**

မြန်မာလူမျိုးတို့၏ ယွန်းအတတ်ပညာ တန်ဖိုးမြင့်မားမှုကို ဖော်ပြနေသော အမြင့်မြို့ဝန် မင်းလက်ဝါးကြီး၏ ယွန်းသေတ္တာကြီးတစ်လုံးကို ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ယွန်းပြတိုက်၌ အများပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန် ခင်းကျင်းပြသထားကြောင်း သိရသည်။

"ဒီယွန်းသေတ္တာကြီးက မြန်မာလူမျိုးတို့ရဲ့ ယွန်းအတတ်ပညာ အဆင့်အတန်း မြင့်မားမှုတွေကို ဖော်ပြနေတဲ့ ယွန်းသေတ္တာကြီး ဖြစ်ပါတယ်။ စာတိုက်ယွန်းသေတ္တာတွေထဲမှာ အများစုက မှန်စီရွှေချတွေ များပါတယ်။ ဒီယွန်းသေတ္တာကြီးကတော့ တကယ့်ကို ရှားရှားပါးပါး မျက်နှာပြင်ငါးခုစလုံးမှာ မြတ်စွာဘုရားဖွားတော်မူခန်းမှ ဘုရားဖြစ်တဲ့အထိ ကညစ်ယွန်း ဒီဇိုင်းတွေ ရေးဆွဲထားတာ တွေ့ရမှာဖြစ်ပါတယ်။ ဘုရားဖြစ်တော်စဉ်တွေကို သူ့အကွက်လိုက် အကွက်လိုက် ရေးဆွဲထားတာဖြစ်ပါတယ်။ ပြီးတော့ ဒီယွန်းသေတ္တာကြီးက မြန်မာ့ယွန်းအတတ်ပညာရဲ့ အဆင့်အတန်း မြင့်မားမှုကိုပါ လေ့လာနိုင်မှာဖြစ်ပါတယ်" ဟု ပြတိုက်တာဝန်ခံ ဦးစီးအရာရှိ ဒေါ်အိအိဟံက ရှင်းပြသည်။

အဆိုပါ ယွန်းသေတ္တာကြီးကို ချောင်းဦးမြို့နယ် အမြင့်ကျေးရွာ ဘုံပျံဘုန်းကြီးကျောင်းမှ တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ၁၉ ရာစုခေတ်က ယွန်းသေတ္တာကြီးတစ်လုံးဖြစ်ကြောင်း၊ ပြုလုပ်ရာ ဒေသမှာ ပုဂံဒေသဖြစ်ကြောင်း သိရသည်။




"ဒီယွန်းသေတ္တာကြီးကို အရင် ညွှန်ကြားရေးမှူးချုပ်ဟောင်းဖြစ်တဲ့ ဒေါက်တာသန်းထိုက်က ချောင်းဦးမြို့နယ် အမြင့်ကျေးရွာ ဘုံပျံဘုန်းကြီးကျောင်းမှာ သွားယူလိုက်ကြလို့ ပြောခဲ့ပြီးနောက် ပုဂံယွန်းပြတိုက်က သွားယူခဲ့ပြီး ပြသထားတာပါ" ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ရှေးအခါက ယင်းကဲ့သို့ ယွန်းသေတ္တာကို စာတိုက်ဟူ၍ လည်းကောင်း၊ ဇတိုက်ဟူ၍လည်းကောင်း ခေါ်ဆိုကြောင်း သိရသည်။ ကုန်းဘောင်ခေတ် မင်းတုန်းမင်းကြီးလက်ထက် အမြင့်မြို့ဝန် မင်းလက်ဝါးကြီးက အမြင့်မြို့ ဘုံပျံကျောင်း ဆရာတော်အား လှူဒါန်းခဲ့သော စာတိုက်သေတ္တာကြီး ဖြစ်သည်။ ယင်းစာတိုက်သေတ္တာကြီးကို အမြင့်ကျေးရွာမှ မြန်မာ့ယွန်းသိပ္ပံသို့ ၁၉၉၆ ခုနှစ် မတ်လ ၁၃ ရက်တွင် ယွန်းအတတ်ပညာများ ကြည့်ရှုလေ့လာနိုင်ရန် ထပ်မံလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

မြန်မာ့ယွန်းအတတ်ပညာသည် ခက်ခဲနက်နဲကာ ပန်းချီ၊ ပန်းပု အနုပညာလက်ရာများ ပေါင်းစပ်ထားပြီး ယွန်းအတတ်ပညာ ဖန်တီးသူတို့၏ စိတ်ကူးစိတ်သန်းများနှင့်အတူ အနုပညာလက်ရာမြောက်စွာ ဖန်တီးထားသော လက်ရာယွန်းများ ဖြစ်သည်။ မြန်မာနိုင်ငံတွင် ယွန်းအတတ်ပညာကို အစောဆုံးအနေဖြင့် ပုဂံခေတ်မှစ၍ ထွန်းကားခဲ့ကြောင်း သမိုင်း အထောက်အထားများအရ သိရသည်။ ၁၆ ရာစုခေတ်မှ ၁၉ ရာစုအတွင်း မြန်မာ့ယွန်းအတတ်ပညာသည် လျင်မြန်စွာ ဖွံ့ဖြိုးလာခဲ့ပြီး ဘာသာရေးအသုံးအဆောင်နှင့် လူမှုရေးအသုံးအဆောင်များတွင် ယွန်းထည်ပစ္စည်းများကို တွင်ကျယ်စွာ အသုံးပြုခဲ့ကြသည်။ လွန်ခဲ့သော နှစ် ၅၀ ဝန်းကျင်က ပလတ်စတစ်၊ စတီးပစ္စည်းများ ကောင်းစွာမပေါ်ပေါက်မီက ကျေးလက်ဒေသများ၌ ရေအိုးစင်များတွင် ယွန်းရေခွက်များကို တွင်တွင်ကျယ်ကျယ် အသုံးပြုခဲ့ကြောင်းလည်း သိရသည်။

ယခုအခါ ပုဂံယွန်းကောလိပ်ရှိ ယွန်းပြတိုက်အတွင်း မြန်မာ့သမိုင်းတစ်လျှောက် အသုံးပြုခဲ့သော ယွန်းထည်ပစ္စည်း အမျိုးမျိုးကို ရှေးဟောင်းအမွေအနှစ်များအဖြစ် ခင်းကျင်းပြသထားရာ ယွန်းအတတ်ပညာကို တန်ဖိုးထား လေ့လာလိုသူများအနေဖြင့် တစုတဝေးတည်း လေ့လာနိုင်သည့်နေရာဖြစ်ပါကြောင်း။ ။

# အတုလမာရဇိန်သွန်းဘုရားကြီးကို ဆီမီး၊ ပန်း ၉၀၀၀ ထွန်းညှိပူဇော်မည်

**ညောင်တုန်း အောက်တိုဘာ ၂၇**

ညောင်တုန်းမြို့ အမှတ်(၂)ရပ်ကွက် လမ်းမတော်လမ်းရှိ အတုလမာရဇိန် သွန်းဘုရားရုပ်ပွားတော်မြတ်ကြီးကို ၁၂၅၃ ခုနှစ်က စတင်တည်ထောင်ခဲ့ရာ နှစ်ပေါင်း ၁၂၀ ကျော်တိုင်တိုင် ရှိခဲ့ပြီဖြစ်သည်။

အဆိုပါ သွန်းဘုရားကြီးတွင် နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့နှင့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တို့၌ အမှတ်(၂)အမျိုးသားလူငယ်အသင်းနှင့် ဘုရားဂေါပကအဖွဲ့တို့က ကြီးမှူး၍ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် သီတင်းကျွတ် မီးထွန်းပွဲတော် ဆီမီး/ပန်း ၉၀၀၀ ကျော် ပူဇော်ကန်တော့ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိရာ ယခုနှစ်တွင်လည်း စတုဒိသာ အကျွေးအမွေးများဖြင့် လှူဒါန်းလျက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သွန်းဘုရားကြီးကို ဘက်စုံမွမ်းမံပြင်ဆင်လျက်ရှိရာ ဘုရားအဝင်မုခ်ဦး၊ အာရုံခံတန်ဆောင်းတော်ကြီးအတွင်းရှိ ကျောက်တိုင် ကျောက်ပြားများ၊ လျှပ်စစ်မီးသီးများ၊ ဘုရားမျက်နှာရှေ့ အုတ်တံတိုင်းနှင့် ကျောက်တိုင်များ လှူဒါန်းနိုင်ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

# ဒေသရာသီဥတုနှင့် ကိုက်ညီသော ခရမ်းချဉ်မျိုးများ စမ်းသပ်စိုက်ပျိုး

**ချောင်းဦး အောက်တိုဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်အတွင်းရှိ ခရမ်းချဉ်သီးစိုက်တောင်သူများအနေဖြင့် ဒေသရာသီဥတုနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစိုက်ပျိုးနိုင်ရေး ရည်ရွယ်ကာ ချောင်းဦးမြို့နယ် ကင်ပွန်းတော်ကျေးရွာအုပ်စု ရှမ်းထူးကျေးရွာတွင် စတင်စမ်းသပ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မုံရွာခရိုင်အတွင်းရှိ ခရမ်းချဉ်စိုက်တောင်သူများအနေဖြင့် အာမခံချက်လည်းရှိမည့်မျိုးကို ဒေသအတွင်းစမ်းသပ်စိုက်ပျိုးပြီး ထွက်ရှိသော ခရမ်းချဉ်မျိုးစေ့များကို ဖြန့်ဝေ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိပြည်တွင်းမှာ ဖြန့်ဝေနေတဲ့ ကုမ္ပဏီတွေက မှတ်ပုံတင်ပြုလုပ်ပြီး ဖြန့်ဝေကြတာ၊ မျိုးမှားလို့ ပျက်စီးမှုရှိခဲ့ရင်လည်း ပြန်လည်သိမ်းပေးတယ်၊ အခုဖြန့်ဝေမယ့်ကုမ္ပဏီအနေနဲ့လည်း အာမခံချက်ရှိဖို့လိုမယ်၊ တာဝန်ယူမှုရှိဖို့လိုမယ်။ ဒါမှ ကျွန်တော်တို့တောင်သူတွေအနေနဲ့လည်း အသုံးပြုရဲမှာပါ။ ဒီမှာလာပြီး ဒေသနဲ့ကိုက်ညီတဲ့မျိုးတွေထုတ်လုပ်မယ့်အတွက် အလွန်အဆင်ပြေပါတယ်"ဟု မင်းခေါင်ကျေးရွာမှ ခရမ်းချဉ်စိုက်တောင်သူတစ်ဦးက ပြောသည်။

**ဖိုးချမ်း(မုံရွာ)**

## အိတ်ဖွင့်တင်ဒါကြော်ငြာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကော့မှူးမြို့နယ်၊ မြို့ရေပေးရေးလုပ်ငန်းများအတွက် အောက်ဖော်ပြပါလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ကော့မှူးမြို့နယ်၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီရုံး(ကော့မှူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး)တွင် ၁၃-၁၁-၂၀၁၅ရက် မွန်းတည့် ၁၂နာရီမတိုင်မီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ဂါလန်(၆၀၀၀၀)ဆံ့ သံကူကွန်ကရစ် ရေစုကန်(၁)ကန်တည်ဆောက်ခြင်း၊
(ခ) ဂါလန်(၇၅၀၀၀)ဆံ့ သံကူကွန်ကရစ် ရေစုကန်(၁)ကန်တည်ဆောက်ခြင်း၊
(ဂ) ဂါလန်(၁၂၀၀၀)ဆံ့ သံကူကွန်ကရစ် အမြင့်တင်ရေစင်(၃)စင် တည်ဆောက်ခြင်း၊
(ဃ) ၆ လက်မ PVC ပိုက်လုံး(၁၀၀၀)ဝယ်ယူခြင်း၊

၂။ စိတ်ပါဝင်စားသူများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းလိုပါက ကော့မှူးမြို့နယ် အထောက်အကူပြုကော်မတီရုံးတွင် ရုံးဖွင့်ရက်များအတွင်း တင်ဒါစည်းကမ်းအား ဆက်သွယ်ရယူနိုင်ပါသည်။

**(ကော့မှူးမြို့နယ် ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ)**

**ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၁၀၇၈၁၅၁၊ ၀၉-၄၃၀၃၉၂၅၆၊ ၀၉-၇၉၉၄၀၉၈၅၄**

ပညာအရည်အချင်းရှိဖို့မလို၊ လစာ (၁၅)သိန်းဝန်းကျင်ခန့်ဖြင့် သင် သူတို့လို ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်လိုပါသလား။



E.P.S (TOPIK) အလုပ်သမားစာမေးပွဲ

၂၀၀၈ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း Skill Test ဖြေဆိုခွင့်ရ ထူးချွန် ကျောင်းသားထောင်ကျော် မွေးထုတ်ပေးခဲ့သော သင်တန်းကျောင်း တစ်ကြိမ်တည်းနှင့် အောင်ပို့လိုပါသည်။

ကိုထွေး - ကိုရီးယားဘာသာ သင်တန်းကျောင်း

အမှတ်(၂၃၅)၊ ဒုတိယထပ်၊ ၃၇ လမ်း(အထက်ဘလောက်)၊ ကျောက်တံတားမြို့နယ်။
☎ ၀၁-၃၈၉၇၄၀၊ ၀၉-၄၅၀၀ ၂၀ ၃၃၇၊ ၀၉-၄၂၀၂၄၃၅၈၇



# နှစ်ပေါင်း ၃၂၇ နှစ်သက်တမ်းရှိ မြိတ်မြို့မှ ရှေးဟောင်းသမိုင်းဝင် တောကျောင်းတိုက်ကြီး

**နေရာဒေသများစွာတို့တွင် တစ်ခေတ်တစ်ခါ၏အရိပ်တို့ကိုထင်ဟပ်စေသော ရှေးဟောင်းသမိုင်းဝင်နေရာများစွာတည်ရှိနေပေရာ နှစ်ပေါင်း ၃၂၇ နှစ်ခန့်သက်တမ်းရှိ တောကျောင်းတိုက်ကြီးမှာလည်း မြိတ်မြို့၏ ရှေးဟောင်းသမိုင်းဝင်နေရာတစ်ခုအဖြစ် တည်ရှိနေသည်။**



ရှေးဟောင်းသိမ်အတွင်းဖူးတွေ့ရသော ရှေးဟောင်းဘုရားများ

ယနေ့အချိန်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လျက်ရှိသော ကမ်းရိုးတန်းမြို့တော်အဖြစ်ထင်ရှားသည့် မြိတ်မြို့သည် ယခင်က တံငါရွာငယ်လေးတစ်ရွာသာဖြစ်ပြီး ရှေးမြန်မာမင်းတို့လက်ထက်တွင် ခံတပ်မြို့ငယ်လေးတစ်ခုဖြစ်ခဲ့ရာ ထိုအချိန်ကတည်းက တည်ရှိလာခဲ့သည့် တောကျောင်းတိုက်ကြီးသည် တစ်ခေတ်တစ်ခါက ဗိသုကာလက်ရာများဖြင့် ယနေ့တိုင်တည်ရှိနေသည်။

မြန်မာသက္ကရာဇ် ၁၀၂၈ ခုနှစ် (လွန်ခဲ့သောနှစ်ပေါင်း ၃၄၉)နှစ်ခန့်က ပင်လယ်ရေမျက်နှာပြင်အမြင့် ပေ ၁၅၀ ခန့်တွင် အလျားပေ ၃၀၀ ကျော်ခန့် ကျယ်ပြန့်သည့် ပုန်းညက်ပင်များပေါများစွာ ပေါက်ရောက်နေသဖြင့် ပုန်းညက်တောင်ဟုခေါ်တွင်သည့် ကုန်းမြင့်ပေါ်တွင် ဒေသခံများက တောများခုတ်ထွင်ရှင်းလင်းပြီး စေတီတော်ငယ်တစ်ဆူကို တည်ထားကိုးကွယ်ခဲ့ကြသည်။ ထို့နောက် ၂၂ နှစ်အကြာ မြန်မာသက္ကရာဇ် ၁၀၅၀ ပြည့်နှစ် တန်ခူးလဆန်း ၁၀ ရက်နေ့တွင် အရှင်ယပ်တောင်ဘွဲ့အမည်ရ မထေရ်တစ်ပါးသည် အဆိုပါစေတီအနီးတွင် ကျောင်းဆောက်တည်ပြီး သိတင်းသုံးခဲ့ရာမှ တောအတွင်းကျောင်းဆောက်တည်သီတင်းသုံးသည်ကို အစွဲပြု၍ တောကျောင်းဟုအမည်တွင်ခဲ့လေရာ ယခုအခါ အဆိုပါ တောကျောင်းသည် (ယခု သက္ကရာဇ် ၁၃၇၇ခုနှစ်)အရ နှစ်ပေါင်း ၃၂၇ နှစ်တိုင်ခဲ့ပြီဖြစ်သည်။

ထိုစဉ်က မြိတ်မြို့သည် မာရိတ်မြို့ဟုခေါ်တွင်နေသည့်အချိန်ဖြစ်ပြီး ထို့နောက်တွင်မှ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် မာရိတ်မြို့ကိုအောင်နိုင်ပြီး ၎င်း၏သားတော်ကြီးဖြစ်သည့် နောင်တော်ကြီးမင်းလက်ထက် သက္ကရာဇ် ၁၁၂၃ ခုနှစ် တန်ခူးလဆန်း ၅ ရက်နေ့တွင် မာရိတ်မြို့မှ မြိတ်မြို့ဟု အမည်အသစ်ကိုပြောင်းလဲခေါ်ဝေါ်ခဲ့ရာ တောကျောင်းတိုက်ကြီးမှာ မြိတ်မြို့ဟုအမည်မတွင်မီ နှစ်ပေါင်း ၇၃ နှစ်ခန့်စော၍ တည်ရှိခဲ့သည်ကို သမိုင်းမှတ်တမ်းများအရ သိရှိရပြီး အဆိုပါ ကျောင်းတိုက်ကြီးတွင် ထိုခေတ်အခါမှစ၍ ခေတ်အဆက်ဆက် ဗိသုကာလက်ရာတချို့ကို ယနေ့တိုင်တွေ့ရှိလေ့လာနိုင်လေသည်။

အဆိုပါကျောင်းတိုက်ကြီးတွင် သက်တမ်း ၂၇၄ နှစ်ခန့်ရှိ ရှေးဟောင်းသိမ်တစ်ခုရှိပြီး ထိုခေတ်အခါက ဗိသုကာလက်ရာများ၊ ထူးခြားသည့်



တောကျောင်းတောင်ပြာသာဒ်အား အဝေးမှလှမ်းမြင်ရပုံ

ရုပ်လုံးရုပ်ကြွများ၊ နတ်ရုပ်တုများ၊ မှန်စီရွှေချထားသော ကျောင်းဆောင်နံရံများ၊ ရှေးဟောင်းဆင်းတုတော်များကို ရှေးမူအတိုင်း လေ့လာနိုင်သည်။

ထို့အပြင် သိမ်၏အပြင်ဘက်ပတ်ပတ်လည်တွင် ရှေးဟောင်းထိုင်တော်မူဗုဒ္ဓဆင်းတုတော်များကို ဖူးမြော်လေ့လာနိုင်ကာ အဆိုပါတောင်ပေါ်တွင် လွန်ခဲ့သောနှစ်ပေါင်း ၃၄၉ နှစ်ခန့်က တည်ထားခဲ့ပြီး အနည်းငယ်မျှပြန်လည်ပြုပြင်မွမ်းမံထားသည့် စေတီတော်ကိုလည်း ဖူးတွေ့နိုင်မည်ဖြစ်ပြီး အတိဘဝနာထအတုလရုံသီရုပ်ပွားတော်မြတ် ကိန်းဝပ်စံပယ်ရာကျောင်းဆောင်၏ ဘုံခုနစ်ဆင့်ရှိသည့် လက်ယာမြောက် ဘုရားတန်ဆောင်းကြီးရှိပြီး အဆိုပါ ဘုရားတန်ဆောင်းပြာသာဒ်ကြီးမှာ မြိတ်မြို့၏ မည်သည့်ကုန်းမြင့်များမှမဆို လှမ်းကြည့်လျှင် မြင်တွေ့နိုင်ပေရာ တောကျောင်းတိုက်ကြီး၏ အဓိကပုံရိပ်တစ်ခုပင်ဖြစ်နေသည်။

တောကျောင်းတိုက်ကြီးသည် အစဉ်အလာတစ်လျှောက်တွင် ပထမဆုံးသီတင်းသုံးသည့် ကျောင်းထိုင်ဆရာတော်မှာ အရှင်ယပ်တောင်မထေရ်ဖြစ်ကာ သုံးဆက်မြောက်ဖြစ်သည့် စတိန်ဆရာတော်ဦးဇာဂရအား အင်းဝဆင်ဖြူရှင်မင်းတရားကြီးက ဂုဏာသာရဓဇ မဟာဓမ္မရာဇာဂုရုဘွဲ့တော်ကိုလည်းကောင်း၊ ခြောက်ဆက်မြောက် ဆရာတော်ဦးဂုဏမဟာထေရ်အား မန္တလေးနေပြည်တော် မင်းတုန်းမင်းတရားကြီးက ဂုဏဓမ္မရာဇမာလာဘွဲ့တော်ကိုလည်းကောင်း၊ ဆယ့်နှစ်ဆက်မြောက်ဆရာတော် ဦးပဒုမမဟာထေရ်အား တော်လှန်ရေးကောင်စီနိုင်ငံတော်သမ္မတက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဆယ့်သုံးဆက်မြောက်ဆရာတော် ဦးသောဘဏအား မြန်မာနိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ခေတ်အဆက်ဆက် ဆက်ကပ်ချီးမြှင့်ခဲ့ကြသည်။

ယခုအခါ အဆိုပါတောကျောင်းတိုက်ကြီးတွင် ဆယ့်လေးဆက်မြောက်ဆရာတော်ဖြစ်သည့် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇောဘာသမဟာထေရ်ဆရာတော်ကြီးက ကျောင်းထိုင်သီတင်းသုံးကာ စာသင်စာချ သံဃာတော် ၁၅ ပါးနှင့် ရှင်သာမဏေ ၃၅ ပါးတို့ကို ပရိယတ္တိစာပေများသင်ကြားပို့ချပေးကာ သာသနာအကျိုးထမ်းပိုးဆောင်ရွက်လျက်ရှိပေရာ တစ်ခေတ်တစ်ခါမှ ယနေ့အချိန်အထိ အစဉ်အလာကြီးမားလှသော မြိတ်မြို့၏ ပုန်းညက်တောင်ပေါ်ရှိ တောကျောင်းပရိယတ္တိစာသင်တိုက်ကြီး၏ ရှေးဟောင်းဘုရားများနှင့် ရှေးဟောင်းဗိသုကာလက်ရာများကို ခရီးသွားပြည်သူများ ဖူးမြော်လေ့လာနိုင်စေရန် ရေးသားတင်ပြလိုက်ပါသည်။

**ဇော်မျိုးနိုင်(ခရိုင်/ပြန်ဆက်)**

## အမှတ် ၅၇၊ ၅၈ မန္တလာ အထူးအမြန်ရထားလက်မှတ် မော်လူးဘူတာတွင် ရောင်းချပေး

**မော်လူး အောက်တိုဘာ ၂၇**

စစ်ကိုင်းတိုင်း ဒေသကြီး အင်းတော်မြို့နယ် မော်လူးဘူတာတွင် အောက်တိုဘာ ၂၆ ရက်မှစကာ အမှတ် ၅၇၊ ၅၈ မန္တလာ အထူးအမြန်ရထား အစုန်၊ အဆန်ရပ်ပြီး လက်မှတ်များ ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

မန္တလေးဘူတာမှ ညနေ ၄ နာရီ ထွက်ခွာသော အမှတ် ၅၇ အဆန် မန္တလာ အထူးအမြန်ရထားသည် မော်လူးဘူတာသို့ နံနက် ၈ နာရီ ၄၇ မိနစ်တွင် ဆိုက်ရောက်ပြီး နှစ်မိနစ် ရပ်နားကာ ၈ နာရီ ၄၉ မိနစ်တွင် ပြန်လည်ထွက်ခွာသည်။ အမှတ် ၅၈ အစုန်ရထားသည် မြစ်ကြီးနားဘူတာမှ မွန်းလွဲ ၂ နာရီ ၄၅ မိနစ် စတင်ထွက်ခွာပြီး မော်လူးဘူတာသို့ ည ၁၀ နာရီ ၃၃ မိနစ်က ဆိုက်ရောက်ကာ နှစ်မိနစ်ရပ်နားပြီး ဆက်လက်ထွက်ခွာသည်။

ယင်းကဲ့သို့ အစုန်၊ အဆန် အထူးအမြန်ရထားများ မော်လူးဘူတာတွင်ရပ်နားသဖြင့် လက်မှတ်များဝယ်ယူနိုင်ပြီဖြစ်ပြီး အောက်တိုဘာ ၂၆ ရက်က အဆန်ရထားအတွက် ထိုင်ခုံငါးခုံနှင့် အစုန်ရထားအတွက် ထိုင်ခုံငါးခုံ ရောင်းချပေးခဲ့ရကြောင်း မော်လူးဘူတာရုံပိုင်ကြီး ဦးစိုးလင်းက ပြောသည်။

(၁၇၁)

**နေပြည်တော်ကောင်စီနယ်မြေ အမျိုးသမီးရေးရာအဖွဲ့က အဖွဲ့ဝင် အဆိုပြုလွှာနှင့် ဝတ်စုံများ ပေးအပ်ခြင်းကို အောက်တိုဘာ ၂၅ ရက်က လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော် အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးက အဖွဲ့ဝင်များအား အဆိုပြုလွှာနှင့် ဝတ်စုံများပေးအပ်စဉ်။**

မျိုးဇေယျာ(ပျဉ်းမနား)





# အထူးရဲတပ်ဖွဲ့ဝင်သင်တန်းဖွင့်

**မိုးညို အောက်တိုဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်တွင် ရွေးကောက်ပွဲ၌ မဲရုံလုံခြုံရေးဆောင်ရွက်မည့် အထူးရဲတပ်ဖွဲ့ဝင်များ သင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ စတုတ္ထပတ်က မိုးညိုမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သာယာဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင် အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်က အမှာစကားပြောကြားပြီး မိုးညိုမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးခင်မောင်လွင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် အထူးရဲတပ်ဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဥက္ကဋ္ဌ ဦးစောထွန်းဦးက ရွေးကောက်ပွဲဆိုင်ရာဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် "၄၅ တာ၊ ၁၄ခန်း ဇရပ်နှင့် ၇ သံချိုညချမ်း" အမည်နှင့် ရတနာပုံစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# မိကျောင်းတံတားလမ်း ၁၄-ခန်းဇရပ်နှင့် အိမ်တော်ရာ

**ဆူးငှက်**



***ယခင်အပတ်မှအဆက်***

စက်ဘီးစီးတတ်ခါစလူတစ်ဦးအဖို့ ထိုလမ်းကြားလေးမှာ တောင်းနှင့်ဈေးသည်တွေ၊ ကယ်ရီယာမှာ ထင်းတွေတင်လာသည့် မျက်နှာချင်းဆိုင်စက်ဘီးတွေ၊ ကလေးလက်ဆွဲလာသည့် သားအမိတွေ၊ ထီးကြီးဆောင်းလာသည့် ဘုန်းတော်ကြီးတွေကို အထိအခိုက်မရှိ စက်ဘီးပေါ်မှမဆင်းရဘဲ စီးလာနိုင်လျှင် စက်ဘီးစီးတတ်ကြောင်း သာမန်ဆင့် အောင်လက်မှတ်ရပါ၏။ အထူးအောင်လက်မှတ်ကိုတော့ မိကျောင်းတံတားပေါ်မှာဆင်းစရာမလိုဘဲ လိုရာခရီး အထိအခိုက်မရှိစွာ စီးနိုင်မှရပေမည်။ အဘယ်ကြောင့်ဆိုသော် မိကျောင်းတံတား လမ်းသည် များသောအားဖြင့် ယာဉ်တွေ ပိတ်ဆို့နေတတ်သည်။ သစ်တွေတင်ထားသည့် အမိုးဖွင့်မြင်းလှည်း. . .။ ပါစင်ဂျာနှင့်ဆိုက်ကား။ ဆန်အိတ်တွေနှင့် ထော်လာဂျီ၊ ခရမ်းချဉ်သီးတောင်းတွေနှင့် ချယ်ဂါလီ၊ အမိုးဝါးကတ်တွေတင်ထားသည့်ဘတ်စ်ကား။ သကာရည်ပိုင်းများနှင့် ခေါက်တိုယာဉ်၊ မင်္ဂလာပွဲအမီကိတ်မုန့်ပို့ဂျစ်ကား ။ အသံချဲ့စက်သံ တညံညံနှင့် အလှူခံလေးဘီး။ ဗိုက်နာကိုယ်ဝန်နှင့် ဆေးရုံပို့ သုံးဘီးယာဉ်၊ ဆေးလိပ်ပုံးကြီးတွေတင်ထားသည့် စက်ဘီး၊ ဟွန်းသံတညံညံပေးကာ ရှေ့တိုးမရ နောက်ဆုတ်မရဖြစ်နေသော ယူဒီဆယ်ဘီးကားကြီး။ ထပ်ခိုးထည့်ကာ လူအပြည့်တင်ထားသည့် ဘုရားဖူးယာဉ်။ နှာတဖူးဖူးမှုတ်ကာ ပေကပ်ကပ်လုပ်နေသည့် လွှစာတင် နွားလှည်း။ မန္တလေးမြို့ပေါ်ရှိ ယာဉ်အမျိုးအပေါင်း အစုံအလင်ကို ဤမိကျောင်းတံတားလမ်းပေါ်တွင် ကျပ်ညပ်ပိတ်ဆို့နေတာအမြဲမြင်ရ၏။ သည်ယာဉ်တွေကို ကျော်ဖြတ်ကာ လိုရာခရီးသွားနိုင်သည့် စက်ဘီးသမားသည် အထူးအောင်လက်မှတ်ရသင့်ပါပေ၏။

ဟော. . . အခုလည်းကြည့်၊ လမ်းပေါ်မှာ မြင်းသံ၊ နွားသံ၊ ဟွန်းသံ၊ စက်သံ၊ ဂီယာပြောင်းသံ၊ အင်ဂျင်သံဆူညံစွာဖြင့် ပိတ်ဆို့နေပြန်သည်။ ကျွန်တော်သည် လမ်းပေါ်မှဆင်းကာ မိုးကောင်းတိုက်အုတ်တံတားနံဘေးက ကုက္ကိုရိပ်တွင်ခဏရပ်လိုက်ရ၏။ မိကျောင်းတံတားလမ်းဘေးမှာ မိုးကောင်းတိုက် အုတ်တံတိုင်းတစ်လျှောက် ကုက္ကိုရိပ်ကြီးတွေ ကောင်းလှ၏။ နေပြောက်မထိုးဟု ဆိုရမလို. . .။ သည်သစ်ပင်ရိပ်ကြီးတွေအောက်မှာ ဖျော်ရည်သည်လေးတွေလည်း ရှိသည်။

မိုးကောင်းကျောင်းတိုက်ကြီးကလည်း နာမည်ကျော်ကျောင်းတိုက်ကြီးဖြစ်သည်။ ညောင်ရမ်းဆရာတော်ဘုရားကြီး၊ ဒေးဝန်းဆရာတော်ဘုရားကြီးတို့ သီတင်းသုံးခဲ့ဖူးသည်။ အရှေ့တောင်ထောင့်မှာ ဘုန်းတော်ကြီးသင်မူလတန်းကျောင်းလည်းရှိ၏။ မင်းကြီးကျောင်းဟု ခေါ်၏။ ကျွန်တော်တို့က ဒက္ခိဏဝန်တိုက် ဦးပဏ္ဏဝံကျောင်းသားများဖြစ်သည်။ ကျွန်တော်တို့ ဦးပဏ္ဏဝံကျောင်းနှင့် မင်းကြီးကျောင်းကအပြိုင်. . .။

မိုးကောင်းတိုက်မှာ အလယ်တိုက်ကြီးရှိသည်။ အလယ်တိုက်၏ အပေါ်ထပ်မှာက တိုင်လုံးကြီးများသည် ရွှေပိန်းချ မှန်စီရွှေချ တိုင်လုံးကြီးများဖြစ်သလို. . .၊ မျက်နှာကြက်နှင့် အခန်းနံရံများကိုလည်း ရွှေပိန်းချထား၏။ နန်းတော်ကြီးတမျှ ခမ်းနားလှသည်။ ရွှေပိန်းချထားသည်က ရှေးလက်ရာ ရွှေအစစ်များမို့ အဖိုးတန်လှသည်။

မိုးကောင်းအလယ်တိုက်ကြီးပေါ်မှာ ကျွန်တော်သည် မဂ္ဂဇင်းမျက်နှာဖုံးတစ်ခုအတွက် ၁၉၈၄ ခုနှစ်လောက်က ဓာတ်ပုံရိုက်ဖူးခဲ့တာ သတိရမိသည်။ မိုးကောင်းတိုက်နှင့် မျက်နှာချင်းဆိုင် အရှေ့ဘက်တွင် အိမ်တော်ရာဘုရားရှိသည်။ မဟာလောကရံသီ အိမ်တော်ရာစေတီတော်ဖြစ်သည်။ ပုဂံမင်းကောင်းမှု ဖြစ်၏။

မိကျောင်းတံတားလမ်းနှင့် အိမ်တော်ရာဘုရား အုတ်တံတိုင်းအကြား မြောက်ဘက်ခြမ်းသည် ကွက်လပ်ကြီးဖြစ်၏။ သီတင်းကျွတ်လဆန်း ၁၁ ရက်၊ ၁၂ ရက် ၊ ၁၃ ရက် အိမ်တော်ရာ ဘုရားပွဲတွင် ဇာတ်ပွဲခင်းကြီးဖြစ်၏။ အခုတော့ ဂျပန်ဂိုးကျဉ်း ဘောလုံးကွင်းနှင့် ရပ်ကွက်ကောင်စီရုံး တည်ဆောက်ထားသည်။ အိမ်တော်ရာ ဂျပန်ဂိုးကျဉ်းဘောလုံးကွင်းတွင် ယခုအခါ ပြိုင်ပွဲများလည်း ကျင်းပပေးနေသည်။ ထိုနေရာတွင် အိမ်တော်ရာဘုရား ပရိဝုဏ်အတွင်းဝင်သော မော်တော်ကားဝင်ပေါက်ရှိသည်။ ယခု ကားဝင်ပေါက်သည် လှပခံ့ညားသော မုခ်ပေါက်ကြီးနှင့်ဖြစ်နေပြီ။

၁၉၈၀ ဝန်းကျင် ကာလများက လေဘေးထည်ဟုခေါ်သည့် ဘေထုပ်အဟောင်းထည် ဈေးကွက်ကြီးတစ်ကွက် အိမ်တော်ရာဘုရားဝင်းအတွင်း ရှိခဲ့ဖူးသည်။ ယာယီဆိုင်ခန်းများနှင့် တိုးမပေါက်အောင် စည်ကားကာ အရောင်းအဝယ် ဖြစ်ထွန်းခဲ့ကြသည်။ ဤဈေးတန်းကြီးကား အိမ်တော်ရာဘုရား အနောက်မြောက်ထောင့်မှာ ရှိခဲ့သည်။ သည်တုန်းက အိမ်တော်ရာ အနောက်ဘက် ကားဝင်ပေါက်နှင့် ယခု ဂျပန်ဂိုးကျဉ်း ဘောလုံးကွင်းနေရာတွင် ကားတွေ၊ ဆိုင်ကယ်တွေ ၊ စက်ဘီးတွေ အစီအရီ. . .။

မိကျောင်းတံတားလမ်းမှ ဝင်ရသော အိမ်တော်ရာ အနောက်ဘက်စောင်းတန်းမှာတော့ ဘုန်းကြီးစီးဖိနပ်လုပ်ငန်းများ အကြီးအကျယ် ရှိခဲ့ဖူး၏။ နာမည်ကျော် အိမ်တော်ရာ ထီးလုပ်ငန်းတွေကတော့ အရှေ့မုခ်မှ သွားရသော ဆင်တံတားမှာရှိသည်။

အိမ်တော်ရာစေတီသည် ပုဂံမင်း မင်းသားအဖြစ် စံနေတော်မူသော မင်္ဂလာအိမ်တော်နေရာတွင် မင်းဖြစ်သောအခါ စေတီတည်ထားခြင်းဖြစ်၏။ သက္ကရာဇ် ၁၂၀၉ ခု နတ်တော်လဆန်း ၁၁ ရက်တွင် ဖိနပ်တော်အချင်း ၅၆ တောင် နှစ်မိုက်၊ အရပ်တော် ၆၁ တောင် မိုက်ငါးသစ်ရှိကာ ထီးတော် ကိုးတောင်တစ်မိုက်၊ ထီးဝလေးတောင်ရှိ အချိုးအစားကျနသပ္ပာယ်လှသော စေတီတော်ကို တည်တော်မူခဲ့သည်။

အိမ်တော်ရာဘုရား၏ မဟာရာမ်အတွင်း ထောင့်လေးထောင့်တွင်လည်း စလင်းမြို့စားမိဖုရား၊ ခမည်းတော် မင်းတရားကြီး၊ မိဖုရား၊ စလေမြို့စား၊ အထိန်းတော် တောင်ပြုန်းမြို့နှင့် ဟသ်ာတမြို့စား၊ ကျီဝန်၊ အတွင်းဝန်၊ မင်းကြီး၊ မဟာသက်တော်ရှည်တို့က စေတီရံလေးဆူ တည်ထားကိုးကွယ်ခဲ့ကြသည်။

၁၉၈၁ ခုနှစ် မေလ ၁၀ ရက်နေ့က ဆိုင်းတန်းရပ်တွင် မီးကြီးလောင်သောကြောင့် မီးဘေးဒုက္ခသည်များကို အိမ်တော်ရာဘုရားအတွင်းတွင် နှစ်ချီ၍ ဒုက္ခသည်စခန်းအဖြစ် နေရာပေးခဲ့သည်။ မီးဘေးဒုက္ခသည်များ ထွက်ခွာသွား၍ စေတီတော်အတွင်း သန့်ရှင်းရေး ပြုလုပ်ကြသောအခါ မြောက်ဘက်စောင်းတန်း၊ အရှေ့ဘက်ရှိ အုတ်ပြာသာဒ်ငယ်တစ်ခုအတွင်းမှ အုတ်အင်္ဂတေရုပ်ပွားတော်ကို ရေသပ္ပာယ်တိုက်ချွတ်သန့်စင်ကြသည်။ ထိုအခါ အုတ်အင်္ဂတေဖတ်တချို့ ကွာသွားသောအခါ ထူးဆန်းဖွယ်ရာကြေးသားကိုယ်ထည်ကို တွေ့ရသည်။ ဆက်လက်သန့်ရှင်းရာ လက်ရာမြောက် အံ့မဆုံးလှသော ပဥ္စလောဟာ ပေါ်တော်မူရုပ်ပွားတော်ကို ဖူးတွေ့ကြရတော့သည်။ ယခုအခါ ပွင့်တော်မူ ဘုရားဘွဲ့တော်ဖြင့် ဘုရားဖူးများစည်ကားလှ၏။

အနောက်တောင်ထောင့် ဇရပ်တွင်လည်း ဘကြီးတော်လက်ထက် မဇ္ဈိမဒေသ မဟာဗောဓိပင်အရပ်မှ ပင့်ဆောင်ခဲ့ကာ အင်းဝမြို့တွင် တန်ဆောင်းဖြင့် ကိုးကွယ်ခဲ့ပြီး ရွှေဘိုမင်းလက်ထက်တွင် အမရပူရ ဇောင်းကလေးကန်ဦး လောကမဏိစူဠာစေတီသို့ ပင့်ဆောင်ကိုးကွယ်ခဲ့သော ဉာဏ်တော် သုံးတောင်နှစ်မိုက်ရှိ မဟူရာရုပ်ပွားတော်တစ်ဆူ ရှိသည်။ ထိုဆင်းတုတော်ကို မန္တလေးပျက်ပြီး နှစ်နှစ်အကြာ ၁၂၄၉ ခုနှစ်တွင် မိုးကောင်းတိုက်ဆရာတော်နှင့် အုတ်ဝန်သံတော်ဆင့် ဦးဖိုးကြီးတို့က အိမ်တော်ရာဘုရားအတွင်းသို့ ပင့်ဆောင်ခဲ့ခြင်းဖြစ်၏။

အိမ်တော်ရာဘုရားအတွင်းတွင် နာမည်ကြီးဇရပ်တစ်ခုလည်းရှိသည်။ ၁၄ ခန်းဇရပ်ဟု ခေါ်၏။ မန္တလေးသားများက အိမ်တော်ရာ ၁၄ ခန်းဇရပ် ခေါ်ကြသည်။ ထိုဇရပ်ကြီးက ဘုရားပရိဝုဏ်၏ အနောက်မြောက်ထောင့်မှာရှိပြီး မြောက်ဘက်စောင်းတန်း အာရုံခံဇရပ်၏ အနောက်ဘက်မှာရှိသည်။ ဇရပ်က အသားဇရပ်ကြီးဖြစ်၏။ မူလဇရပ်ကြီးပျက်သွားသောအခါ ၁၃၁၀ ခုဝါဆိုလပြည့်နေ့တွင် ရွှေကုန်သည်ကျောင်းအစ်မကြီးဒေါ်စိုး၊ သမီး ကြည်ကြည်၊ မြေး တင်တင်ဦးတို့က ပြန်လည် ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်၏။ ၁၄ ခန်း ဇရပ်ကြီးသည် မန္တလေးမြို့လုံးဆိုင်ရာ ဘာသာရေး၊ လူမှုရေးနှင့် နိုင်ငံရေးအစည်းအဝေးကြီးများ ကျင်းပခဲ့သဖြင့် သမိုင်းမှတ်တမ်းဝင် အောင်မြေနေရာကြီးလည်း ဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် လှည်းနေလှေအောင်း မြင်းဇောင်းမကျန် လှုပ်ရှားတိုက်ပွဲဝင်ကြရာ၌ ၁၃၀၀ ပြည့်နှစ်၏ သမိုင်းမျက်နှာစာကိုလည်း အိမ်တော်ရာ ၁၄ ခန်းဇရပ်က ရေးထိုးပေးခဲ့သေးသည်။ ၁၃၀၀ ပြည့်နှစ်သည် ရေနံမြေသပိတ်ကြီးအပါအဝင် မြန်မာတစ်နိုင်ငံလုံး နိုင်ငံရေးရေချိန်အမြင့်ဆုံးကာလလည်း ဖြစ်၏။

မန္တလေးမြို့ရှိ ရဟန်းသံဃာများ ကျောင်းသားကျောင်းသူများနှင့် မြို့လူထုက တစ်ပြည်လုံးရှိ အထွေထွေသပိတ်ကြီးကို ထောက်ခံရန် ၁၃၀၀ ပြည့်နှစ် တပို့တွဲလဆုတ် ၆ ရက် (၉-၂-၃၉) နေ့၌ အိမ်တော်ရာ ၁၄ ခန်း ဇရပ်ကြီးတွင် မြို့လုံးကျွတ် အစည်းအဝေးကြီးကျင်းပရန် ဆင့်ခေါ်ခဲ့သည်။ ထိုအခါ အင်္ဂလိပ်အစိုးရကလည်း မြို့ကို ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသလို ဈေးချိုတော်ကြီးမှာလည်း ပုဒ်မ ၂၃ (၇) ထုတ်ပြန်လိုက်သည်။ ဈေးချိုတော်ရှိ ဈေးသူ ဈေးသားများကလည်း အင်္ဂလိပ်အစိုးရ၏ အမိန့်ကို ဆန့်ကျင်ကာ အိမ်တော်ရာဘုရားတွင် ဈေးဖွင့်ခဲ့ကြသည်။

***(၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***



# အင်းလေးဖောင်တော်ဦးဘုရား လေးဆူဇရပ်ကြီးကျောင်းတော်မှ ဒေသစာရီဆက်လက်ကြွချီ

**ညောင်ရွှေ အောက်တိုဘာ ၂၇**

မြန်မာပြည်တွင် နိုင်ငံခြားသားခရီးသွားများကို ဆွဲဆောင်လျက်ရှိသော အင်းလေးဒေသရှိ ဖောင်တော်ဦးဘုရားလေးဆူသည် အောက်တိုဘာ၁၄ ရက်မှစ၍ အင်းလေးဖောင်တော်ဦးစံကျောင်းတော်မှ အင်းလေးဒေသဝန်းကျင်ရှိ ကျောင်းပေါင်း ၂၁ ကျောင်းသို့ ဒေသစာရီလှည့်လည် အပူဇော်ခံခဲ့ရာ အောက်တိုဘာ ၂၆ ရက်တွင် ဇရပ်ကြီးကျောင်းတော်မှ အလိုတော် ပေါက်ကျောင်းတော်သို့ ဆက်လက်ကြွချီတော်မူလျက်ရှိကြောင်း သိရသည်။

ယခုနှစ်ဘုရားပွဲတော်ကို ယမန်နှစ်များကဲ့သို့ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး အောက်တိုဘာ ၂၀ ရက်တွင် ညောင်ရွှေမြို့ကျောင်းတော်သို့ ဆက်လက်ကြွချီတော်မူခဲ့သည့်အတွက် နှစ်စဉ်ကျင်းပလျက်ရှိသော ညောင်ရွှေဘုရားပွဲတော်မှာလည်း အမြို့မြို့အနယ်နယ်မှ ဈေးဆိုင်တန်းများဖြင့် နေ့ည သုံး ရက်တိုင်စည်ကားခဲ့သည်။အောက်တိုဘာ၂၇ ရက်တွင် နမ့်ပန်ကျောင်းမှ မန်ကျည်းဆိပ်ကျောင်းတော်သို့ ဆက်လက်ကြွချီပြီး ကျောင်းပေါင်းငါးကျောင်းကိုဆက်လက်ကြွချီအပူဇော်ခံမည်ဖြစ်၍အောက်တိုဘာ ၃၁ ရက်တွင် ရေသာကျောင်းမှတစ်ဆင့် အင်းလေးဖောင်တော်ဦးစံကျောင်းတော်သို့ ပြန်လည်ဝင်ရောက် စံပယ်မည်ဖြစ်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၏အစည်ကားဆုံးပွဲတော်ဖြစ်သော အင်းလေးဖောင်တော်ဦးဘုရားပွဲတော်ကို နှစ်စဉ်သီတင်းကျွတ်လဆန်း ၁ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်ထိ ကျင်းပလေ့ရှိပြီး အောက်တိုဘာ ၂၆ ရက်နေ့တွင် ဇရပ်ကြီးကျောင်းတော်မှအလိုတော်ပေါက်ကျောင်းတော်သို့ ဆက်လက်ကြွချီကာ ၂၇ ရက်တွင် မန်ကျည်းဆိပ်ကျောင်းတော်သို့ဒေသစာရီ ဆက်လက်ကြွချီမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# လက်ပံတန်း-ကြည့်မြင်တိုင်ရထားခရီးစဉ် အမြန်ဆုံးပြန်လည်ပြေးဆွဲပေးမည်

**ရန်ကုန် အောက်တိုဘာ ၂၇**

လက်ပံတန်း- ကြည့်မြင်တိုင် ပြေးဆွဲပေးနေသော မီးရထား၏ စက်ခေါင်းသည် အောက်တိုဘာ ၂၁ ရက်ညပိုင်းက ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်မှုဖြစ်ပွားပြီး အနည်းငယ်ပျက်စီးခဲ့သဖြင့် ရထားစီးခရီးသည်များ အခက်အခဲမဖြစ်စေရန်အတွက် ရထားစက်ခေါင်းကို အမြန်ဆုံးပြုပြင်ကာ ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရသည်။

ပြီးခဲ့သည့် အောက်တိုဘာ ၂၁ ရက် ည ၁၀ နာရီ မိနစ် ၂၀ ခန့်က မြန်မာ့မီးရထား တိုင်းအမှတ်(၇) ရန်ကုန်နယ်မြေ ကမာရွတ်ဘူတာနှင့် လှည်းတန်းဘူတာကြား မိုင်တိုင်အမှတ် (၄/၂၂-၂၃) နေရာအရောက်၌ အဆိုပါ အမှတ် (၇၀) လက်ပံတန်း- ကြည့်မြင်တိုင် လူစီးရထားစက်ခေါင်းအမှတ် DF-1248 ၏ စက်ခန်းအတွင်းရှိ မိန်းခလုတ် ဝိုင်ယာကြိုးမှာ Pannel Board ဖရိန်တန်းနှင့် ပွန်းစား၍ ဝိုင်ယာရှော့ခ်ဖြစ်ပွားကာ လျှပ်စစ်ပစ္စည်းများ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

ရထားစက်ခေါင်း ဝိုင်ယာရှော့ခ်ဖြစ်ပွားမှုအား စက်ခေါင်းတွင်ပါရှိသည့် မီးသတ်ဆေးဘူး ခုနစ်ဘူးနှင့် မီးသတ်ယာဉ် နှစ်စီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ ၁၀ မိနစ်အကြာတွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး အဆိုပါ ဝိုင်ယာရှော့ခ်ဖြစ်ပွားမှုအတွင်း နောက်ပါ လူစီးတွဲများသို့ ကူးစက်မှုမရှိကြောင်း၊ မြန်မာ့မီးရထားမှဝန်ထမ်းများအပါအဝင် ရထားစီးခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အဆိုပါရထားအား DF-1251 စက်ခေါင်းဖြင့် တွန်းခဲ့ရာ ကြည့်မြင်တိုင်ဘူတာသို့ ည ၁၁ နာရီ ၄၅ မိနစ်တွင် ရောက်ရှိခဲ့ပြီး ပုံမှန် ဆိုက်ရောက်ချိန်ထက် ၅၅ မိနစ်သာ နောက်ကျခဲ့ကြောင်းနှင့် ရထားစီးခရီးသည်များ အဆင်ပြေစေရေးအတွက် ရထားခရီးစဉ်ကို အမြန်ဆုံးပြန်လည် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရသည်။**စိုးဝင်း(SP)**

# သောက်သုံးရေကန် ကျိုးပေါက်မှု ပြင်ဆင်ပြီးစီး

**ကျွန်းလှ အောက်တိုဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် တောင်ယာဆိပ်ကျေးရွာအုပ်စုရှိ သောက်သုံးရေကန်သည် ပြီးခဲ့သည့် ဩဂုတ်လက မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် ရေကန်ကျိုးပေါက်သွားခဲ့ရာ အဆိုပါ သောက်သုံးရေကန်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၇၅ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ ပြုပြင်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**




## ရဲတပ်သားသစ်သင်တန်း အမှတ်စဉ်(၂၁၄/၂၀၁၅) သင်တန်းဆင်း

**နေပြည်တော် အောက်တိုဘာ ၂၇**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်း(ရမည်းသင်း) တွင် မေ ၁၁ ရက်မှ အောက်တိုဘာ ၂၃ ရက်ထိ ဖွင့်လှစ်သင်ကြားခဲ့သည့် ရဲတပ်သားသစ်သင်တန်း အမှတ်စဉ် (၂၁၄/၂၀၁၅) သီဟတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၂၃ ရက်က အဆိုပါ လေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ပြုလုပ်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲလေ့ကျင့်ရေးအရာရှိချုပ် ရဲမှူးချုပ် ဇော်မိုးသန်း တက်ရောက်၍ သင်တန်းဆင်းမိန့်ခွန်းပြောကြားခဲ့ပြီး ထူးချွန်ဆုရရှိသူများအား ဆုများအသီးသီးပေးအပ်ခဲ့သည်။ သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများ၊ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၄၆၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# မြစိမ်းရောင်စိမ်ကိန်းဝင် ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေး

**သရက် အောက်တိုဘာ ၂၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ်အတွင်းရှိ မြစိမ်းရောင်စိမံကိန်းဝင်ကျေးရွာ ၁၂ ရွာတွင် ပါဝင်သည့် တံတားကျေးရွာအုပ်စု လင်းလည်ကုန်းကျေးရွာနှင့် ဇီးတော(တံတား) ကျေးရွာများ၌ စီမံကိန်းလည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးထားသည့် စိမ်းစား ၃ စိုက်ခင်း၊ ဂေါ်ဖီစိုက်ခင်းများကို သရက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းကြည့်ရှုပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ငွေစာရင်းဇယားများ စနစ်တကျထိန်းသိမ်းထားရှိရေးကို စစ်ဆေးခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

# ဂန့်ဂေါခရိုင်၌ ရွေးကောက်ပွဲအတွက် အထူးရဲများခန့်အပ်

**ဂန့်ဂေါ အောက်တိုဘာ ၂၇**

၂၀၁၅ ခုနှစ်နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် လွှတ်တော်အသီးသီး၏ အထွေထွေရွေးကောက်ပွဲများတွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်၌ မဲရုံလုံခြုံရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကအထူးရဲ ၃၈၈ ဦးကို ခန့်အပ်တာဝန်ပေးထားကြောင်း သိရသည်။

ဂန့်ဂေါခရိုင်အတွင်း မြို့နယ်အလိုက် အထူးရဲခန့်အပ်တာဝန်ပေးထားမှုမှာ ဂန့်ဂေါမြို့နယ်တွင် ၁၈၄ ဦး၊ ထီးလင်းမြို့နယ်တွင် ၉၉ ဦးနှင့် ဆောမြို့နယ်တွင် ၁၀၅ ဦးတို့ကို အသီးသီးခန့်အပ်တာဝန်ပေးထားပြီး မဲရုံတစ်ရုံလျှင် အထူးရဲတစ်ဦးနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်လေးဦးကို ပူးတွဲတာဝန်ထမ်းဆောင် စေမည်ဖြစ်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# မဲရုံအဖွဲ့ဝင်များအား ဆင့်ပွားသင်တန်းပေး

**ရန်ကုန် အောက်တိုဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ မဲရုံ ၃၂ ရုံ၌ တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူးများက မဲရုံအဖွဲ့ဝင်များကို မဲရုံ၌ လုပ်ကိုင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ဆင့်ပွားသင်တန်းကို အောက်တိုဘာ ၂၆ ရက်က ရွေးကောက်ပွဲကာလ လုပ်ငန်းစဉ်အဆင်ပြေချောမွေ့စေရေးကို ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသားများကိုအသေးစိတ်သင်တန်းပေးခဲ့ကြောင်း သိရသည်။ **တင်မောင်ဦး(အလုံ)**

# ဝါးအခြေခံလက်မှုသင်တန်း စလင်း၌ ဖွင့်

**စလင်း အောက်တိုဘာ ၂၇**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ရှမ်းစုအုပ်စု ဝက်သိုက်ကျေးရွာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ဝါးအခြေခံလက်မှုထည်သင်တန်းကို အောက်တိုဘာ ၂၀ ရက်က ဖွင့်လှစ်ခဲ့ရာ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ပြီး သင်တန်းကာလ ၁၂ ရက်ကြာ ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာဆွေးနွေး

**စလင်း အောက်တိုဘာ ၂၇**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့မဈေးကြီးတွင် စီးပွားရေးနှင့်ကူသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ဈေးတာဝန်ခံတို့ပူးပေါင်းပြီး စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၁၉ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ မင်းဘူးခရိုင် တာဝန်ခံအရာရှိ ဦးခင်မောင်မြင့်နှင့် စလင်းမြို့နယ်တာဝန်ခံ ဦးစန်းလင်းမောင်တို့က ရှင်းလင်းပြောကြားသည်။ ထို့နောက် ဈေးအတွင်းတည်ခင်းရောင်းချလျက်ရှိသော ဈေးဆိုင်များကို လှည့်လည်ကြည့်ရှု၍ လက်တွေ့အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ပညာသင်စရိတ် ကျပ်သိန်း ၅၀၀ ကျော် ထောက်ပံ့

**တာမိုးညဲ အောက်တိုဘာ ၂၇**

မူဆယ်ခရိုင် တာမိုးညဲမြို့တွင် အောက်တိုဘာ ၂၆ ရက်က မုန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှု ခန်းမ၌ တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၂၅၁ ဦးကို မုန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့နှင့် တာမိုးညဲပြည်သူ့စစ်(ဌာနေ)အဖွဲ့တို့က ပညာသင်စရိတ်ထောက်ပံ့ပေးခဲ့သည်။ ထိုသို့ ထောက်ပံ့ပေးရခြင်းမှာ ဒေသခံပြည်သူများ၏ သား၊ သမီးများ အသိပညာ ဖွံ့ဖြိုးစေရန်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရစေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်ပြီး ကျောင်းသား ကျောင်းသူများ တစ်ဦးချင်း ကုန်ကျစရိတ်အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ငွေကျပ်သိန်း ၅၀၀ ကျော်အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**

## မြန်မာ့အလင်း စာတည်းထံပေးစာများ

### စည်းကမ်းမဲ့ ဈေးသည်များကြောင့် အနှောင့်အယှက်ဖြစ်

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် အမှတ်(၈) ရပ်ကွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် (အောင်သပြေဈေး)ဝင်ပေါက်ဘယ်/ညာတွင် ရောင်းချလျက်ရှိသော ပျံကျဈေးသည်များသည် စည်းကမ်းမဲ့စွာ ဈေးရောင်းချခြင်း၊ ထမင်းဟင်းချက်ပြုတ်စားသောက်ခြင်း၊ ညအိပ်ခြင်း၊ မကြားဝံ့မနာသာ အော်ဟစ်ဆဲဆိုခြင်းများပြုလုပ်နေရာ ဈေးသွား ဈေးလာများနှင့် ပတ်ဝန်းကျင်နေ ပြည်သူများ နေ့စဉ်နှင့်အမျှ စိတ်အနှောင့်အယှက်ဖြစ်နေရပါသည်။ သို့ဖြစ်၍ စည်းကမ်းပျက် ပျံကျဈေးသည်များအား အပြီးရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**အောင်သပြေဈေးဆိုင်ခန်းပိုင်ရှင်များ**

### သံပန်းတံခါးထုရိုက်သံများကြောင့် နားမခံသာ

လားရှိုးမြို့ ရပ်ကွက် (၁၁)နယ်မြေ (၇) အောင်စေတနာ ရပ်ကွက်သည် အငြိမ်းစားဝန်ထမ်း အများစုနေထိုင်ရာ ရပ်ကွက်ဖြစ်ပါသည်။ အဆိုပါ ရပ်ကွက်အတွင်းရှိ လူနေခြံဝင်းတစ်ခုအတွင်း၌ နံနက် ၇ နာရီမှ ညနေ ၆ နာရီထိ သံပန်းတံခါးများ၊ သွပ်မိုးများ ထုရိုက်နေပြီး သံချောင်းများကို ကားပေါ်တင်သံချသံ၊ သံဖြတ်စက်သံ၊ သံချောင်းပစ်ချသံများအပြင် အလုပ်သမားများ၏ အော်ဟစ် ဆူညံသံများကြောင့် အိမ်နီးချင်းများ နားမခံသာ ဖြစ်နေရပါသည်။ ရပ်ကွက်အတွင်း လသားကလေးငယ်များရှိသည့်အပြင် သက်ကြီးရွယ်အိုများလည်း ကျန်းမာရေးထိခိုက်မှု စိုးရိမ်ရပါသဖြင့် အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**အိမ်နီးချင်းများ**



### မုံရွာမြို့ နန္ဒဝန်အိမ်ရာအနီး အမှိုက်ပုံ ရှင်းလင်းပေးစေလို

မုံရွာမြို့ဒေသခံများမဟုတ်သော ဝန်ထမ်းများအတွက် အငှားချပေးထားသော မုံရွာနန္ဒဝန်အိမ်ရာအနီးရှိ အမှိုက်ပုံသည် နေ့စဉ်သိမ်းဆည်းပေးမှုမရှိသဖြင့် အမှိုက်များ ပြန့်ကျဲလျက်ရှိပြီး အဆိုပါ အိမ်ရာအတွင်းနေထိုင်သူများ အနံ့အသက်ဆိုးများ ခံစားနေရပါသည်။

အမှိုက်ပုံမှာ နေ့စဉ်သိမ်းဆည်းမည့်သူ မရှိသည့်အတွက် ခွေးများ လာရောက်ဆွဲသဖြင့် ပြန့်ကျဲနေရာ လမ်းမျက်နှာစာတွင် ရှိနေသဖြင့် လမ်းသွားလမ်းလာများ အမြင့်မတင့်တယ်သလို ပတ်ဝန်းကျင်မှာလည်း အနံ့အသက်ဆိုးများကြောင့် ကျန်းမာရေးထိခိုက်ရပါသည်။ ထို့ကြောင့် အမှိုက်ပုံကို သိမ်းဆည်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**အိမ်ရာနေဝန်ထမ်းတစ်ဦး**

### ဇာပန်းထိုးစက်ရုံကြောင့် နားမခံသာ

စီ-၂၄ မြို့တော် ၄ လမ်း ချမ်းသာရွှေပြည်အိမ်ရာ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်နေအိမ်တွင် ကွန်ပျူတာဇာပန်းထိုးစက်ရုံသည် နေ့ရောညပါ လုပ်ဆောင်လျက်ရှိသဖြင့် ဘေးပတ်ဝန်းကျင်မှ လူများသည် စက်သံများကြောင့် များစွာ အနှောင့်အယှက်ဖြစ်ရပါသည်။ ကျောင်းသား ကျောင်းသူများ စာကျက်ချိန် အနှောင့်အယှက်ဖြစ်ခြင်း၊ သက်ကြီးရွယ်အိုနှင့်ကလေးသူငယ်များ ညကောင်းစွာအိပ်စက်မရခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။ သို့ဖြစ်၍ လူနေရပ်ကွက်အတွင်း စည်းကမ်းမဲ့လုပ်ကိုင်လျက်ရှိသော အဆိုပါစက်ရုံအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**ချမ်းသာရွှေပြည်အိမ်ရာ ရပ်ကွက်သားတစ်ဦး**

### ကျူးကျော်ဆောက်လုပ်မှုဖယ်ရှားပေးစေလို

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(ဆိပ်ကမ်း)မြို့နယ် (၈၈)ရပ်ကွက် အပိုင်း(၁၁) အတွင်းရှိ ရွှေပြည်စိုးလမ်း၊ ရွှေဂျိုးဖြူလမ်း၊ ရွှေလင်းယုန်လမ်းတို့၏ အလယ်ပလပ်ကွင်းသည် နိုင်ငံတော်မှ လုပ်သားပြည်သူများအတွက် ပန်းခြံ၊ ကစားကွင်းများ စီမံကိန်းဖော်ဆောင်ထားသော နေရာဖြစ်ပြီး ဘာသာရေးပွဲ၊ လွတ်လပ်ရေးအားကစားပွဲများ နှစ်စဉ်ကျင်းပရာ ကွင်းဖြစ်သည်။ ယခုအခါ အဆိုပါ နေရာတွင် အဖွဲ့အစည်းတစ်ခုက အဆောက်အအုံကို ကျူးကျော်ဆောက်လုပ်နေပါသောကြောင့် ရှင်းလင်းဖယ်ရှားပေးရန် ရပ်မိရပ်ဖများက သက်ဆိုင်ရာသို့ အသိပေး တိုင်ကြားပါသော်လည်း ယနေ့တိုင် ဖယ်ရှားခြင်းမရှိပါသောကြောင့် သက်ဆိုင်ရာက အမြန်ဆုံးရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်နေပြည်သူတစ်ဦး**

# နိုင်ငံအကျိုးအတွက် အလေးအနက်ထားဆောင်ရွက်ပေးရမည့် မီဒီယာအရင်းအမြစ်များ

**ရဲရဲ(ပျဉ်းမနား)**

ယနေ့ကမ္ဘာပေါ်တွင် Globalization ကိုအခြေခံ၍ အင်အားကြီးနိုင်ငံအချို့သည် ဖွံ့ဖြိုးဆဲနိုင်ငံငယ်များကို လွှမ်းမိုးရန်အတွက် ညင်သာသိမ်မွေ့သော နည်းလမ်းများကို အသုံးပြုလာကြသည်။ မီဒီယာများမှတစ်ဆင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေး မှု၊ စာပေ၊ အနုပညာနယ်ပယ်အားလုံးတွင် လွှမ်းမိုးနိုင်ရန် ကြိုးပမ်းလာကြသည်။

ကမ္ဘာပေါ်တွင် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ သတင်းအချက်အလက် ပေါက်ကွဲမှုမှာ ပိုမိုမြန်ဆန်ပျံ့နှံ့လာပါသည်။ ကမ္ဘာပေါ်ရှိ Internet Website များကိုအသုံးပြု၍ သတင်းအချက်အလက်ရှာဖွေသူများ ပိုမိုများပြားလာပြီဖြစ်သည်။ ယနေ့မီဒီယာအင်အားမှာ ယခင်ကာလများထက်ပိုမို၍ နေရာယူစိုးမိုးလာချိန်တွင် အမှန်ဖြစ်စေ၊ အမှားဖြစ်စေ ပြည်သူများအကြားသို့ တစ်မုဟုတ်ချင်း အချိန်တိုအတွင်းရောက်အောင် မီဒီယာများက စွမ်းဆောင်နေပြီဖြစ်သည်။ တိုင်းပြည်နှင့်လူမျိုးအပေါ် အထင်အမြင်လွဲမှားအောင် ထိုးနှက်နိုင်ပေသည်။ တိုင်းပြည်အပေါ် ချစ်ခင်စိတ်ပျောက်အောင်၊ ယဉ်ကျေးမှုပပျောက်အောင် လွှမ်းမိုးနိုင်ပေသည်။ အမျိုးသားစရိုက်လက္ခဏာများ ပျောက်ဆုံးခြင်းသည် ခေတ်သစ်ကိုလိုနီဘဝသို့ ရောက်ရှိခြင်းပင် ဖြစ်သည်။ ထိုသို့သော် တားဆီး၍ မရနိုင်သည့် အခြေအနေများတွင် နိုင်ငံနှင့်လူမျိုးအတွက် ဆိုးကျိုးမဖြစ်ရအောင် လုပ်ဆောင်ရမည့် မီဒီယာသမားများ၏ အခန်းကဏ္ဍသည် အရေးကြီးလှပေသည်။

မီဒီယာသမားများအနေဖြင့် ပြည်သူကြားတွင် မှန်မှန်ကန်ကန် ရပ်တည်၍ ပြည်သူ့အကျိုးကို သယ်ပိုးရန်လိုအပ်ပေသည်။ ပြည်သူများအနေဖြင့် မီဒီယာများမှ ရရှိလာမည့် အချက်အလက်များကို မှန်မှန်ကန်ကန်ရွေးချယ်သုံးသပ်လက်ခံနိုင်စေရန် ကူညီရမည်ဖြစ်သည်။

မီဒီယာသမားကောင်းများအနေဖြင့် ပုဂ္ဂိုလ်ရေးအမြင်များ၊ လူမျိုးရေးအမြင်များ၊ အစွန်းရောက်မှုများကို ရှေ့တန်းမတင်ဘဲ ပြည်သူများ လမ်းမမှားအောင်၊ ရွေးချယ်မှုမမှားအောင် မျှတစွာ ရှုမြင်ရန် ကောင်းမွန်သော လမ်းညွှန်ချက်များ လုပ်ဆောင်ပေးသွားရမည်ဖြစ်သည်။

ယနေ့မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ကျင့်သုံးကာ လူတိုင်းလွတ်လပ်စွာမဲပေးနိုင်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို မကြာမီအချိန်တွင် ကျင်းပတော့မည်ဖြစ်သည်။ အဆိုပါ ရွေးကောက်ပွဲကြီးတွင် နယ်ပယ်ဒေသအသီးသီးမှ ဝင်ရောက်ရွေးချယ်ခံမည့်ပါတီများ၊ ကိုယ်စားလှယ်လောင်းများကို ပြည်သူများက ရွေးချယ်ပေးသွားမည်ဖြစ်သည်။

ထိုသို့ ရွေးချယ်ပေးရာတွင် အရည်အချင်းရှိသူ၊ အမြော်အမြင်ကြီးသူ၊ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို ရှေးရှုသူ၊ နိုင်ငံအကျိုးစီးပွားတိုးတက်ဖွံ့ဖြိုးစေရန် ထိရောက်ကောင်းမွန်သော စီမံကိန်းချမှတ်ပေးနိုင်သူ၊ မြန်မာနိုင်ငံသားတို့၏ ကောင်းမွေ၊ ဆိုးမွေကို အကောင်းဆုံးဖြစ်အောင် ဖန်တီးပေးနိုင်မည့် မည်သည့် ပုဂ္ဂိုလ်မျိုးကိုဖြစ်စေ၊ မည်သည့်ပါတီမျိုးကိုဖြစ်စေ အထပ်ထပ်အခါခါ စဉ်းစားပြီးမှ ပြည်သူများအနေဖြင့် အသည်းကြားမှ မဲတစ်ပြားအဖြစ် ရွေးချယ်ပေးရန်၊ မဲစာရင်းတွင် မိမိကိုယ်တိုင် ပါဝင်နေခြင်း ရှိ/မရှိ သွားရောက်မကြည့်ရှုသူ၊ မဲထည့်ရန် စိတ်မဝင်စားသူတို့သည် နိုင်ငံနှင့်လူမျိုးအပေါ် တာဝန်ကျေပွန်သူ မဟုတ်သလို မဲတစ်ပြားဆုံးရှုံးလျှင် မိမိအတွက်လည်း ဆုံးရှုံးသလို၊ ရွေးချယ်ခံရမည့် ပုဂ္ဂိုလ်အတွက်လည်း များစွာနစ်နာသွားနိုင်စေမည်ကို ပြည်သူများ သိရှိနားလည်စေရန် မီဒီယာကောင်းများက ဖော်ပြပေးသွားရန် အဓိကတာဝန်ဖြစ်သည်။

ပါတီစုံဒီမိုကရေစီကို မှန်မှန်ကန်ကန် ကျင့်သုံးနိုင်ရန်နှင့် အနှစ်သာရရှိစေရန် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ ထိုးနှက်တိုက်ခိုက်မှုတို့ကို မှန်မှန်ကန်ကန်သုံးသပ်နိုင်ရန်နှင့် ကမ္ဘာ့အခြေအနေ အရပ်ရပ်ကို မျက်ခြည်မပြတ် သိရှိနိုင်ရန်အတွက် ပြည်သူများတွင် အသိပညာ ဗဟုသုတပြည့်ဝရန် အရေးကြီးလှပေသည်။ ပြည်သူများ ကိုယ်ခံအားကောင်းရန်အတွက် သတင်းအချက်အလက်များကို လေ့လာရန် လိုအပ်သလို လေ့လာလိုစိတ်ဖြစ်ပေါ်လာအောင်လည်း မိမိကိုယ်တိုင်က မိမိအသိစိတ်ကိုနှိုးဆော်ပေးရမည် ဖြစ်သည်။

ထိုသို့ ပြည်သူများ အသိပညာတိုးတက်လာရန် ဗဟုသုတ အသိအမြင်ပိုမိုကျယ်ပြန့်လာစေရန်အတွက် ပြည်သူများထံသို့ မှန်ကန်တိကျဘက်မလိုက်သည့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီတင်ပြပေးစွမ်းရမည်က မီဒီယာကောင်းများ၏ တာဝန်သာဖြစ်သည်။ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် စတုတ္ထမဏ္ဍိုင်အဖြစ် နေရာယူပြီး သယ်ပိုးဆောင်ရွက်မှသာ မီဒီယာကောင်းပီသမည်ဟု တင်ပြအပ်ပါသည်။

# စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာသိကောင်းစရာများ ဟောပြော

**မိတ္ထီလာ အောက်တိုဘာ ၂၇**

စီးပွားရေးနှင့်ကူသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၂ ရက်က အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယင်းဟောပြောပွဲတွင် တိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး ဦးဆွေတင်ကြူးက စားသုံးသူအကာအကွယ်ပေးရေးဆိုသည်မှာ ကုန်စည် (သို့မဟုတ်) ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူအား ဥပဒေဆိုင်ရာ အကာအကွယ်ပေးခြင်း၊ ကျန်းမာရေးနှင့်ဘေးဥပဒ်အန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အာမခံချက်ပေးခြင်းဖြစ်ကြောင်း၊ တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ခု တည်းလုပ်ဆောင်၍ မရနိုင်ကြောင်း၊ အစိုးရဌာန၊ NGO အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်စားသုံးသူပြည်သူများ အားလုံးပူးပေါင်းပါဝင်မှသာလျှင် ထိရောက်အကျိုးရှိမည်ဖြစ်ကြောင်း ရှင်းပြခဲ့သည်။

ထို့နောက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဒေါက်တာကျော်ကျော်က စားသုံးသူများ၏အခွင့်အရေးများနှင့် သတိပြုရမည့်အချက်များကို ပြောကြားခဲ့ပြီး Myanmar Consumers Union မှ အတွင်းရေးမှူးဦးမောင်မောင်က စားသုံးသူများဆိုင်ရာ သိကောင်းစရာများ၊ ကုန်အမှတ်တံဆိပ်ကပြောသော စကားလုံးများစသည့် ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



ကော့သောင်းခရိုင် ကမ်းနီးငါး လုပ်ငန်းရှင်များ ပရဟိတအဖွဲ့မှ အောက်တိုဘာ ၂၅ ရက်က ကော့သောင်းခရိုင်ပြည်သူ့ဆေးရုံကြီး ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကို စေတနာဝန်ထမ်းလုပ်အားပေးဆောင်ရွက်ကြစဉ်။ ကျော်စိုး(ပြန်/ဆက်)

### ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်

**ကျောက်ဖြူ အောက်တိုဘာ ၂၇**

ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးတင်မောင်နှင့်အဖွဲ့သည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ပြည်ထောင်စုရန်ပုံငွေဖြင့် ရမ်းဗြဲကျွန်းသားကုမ္ပဏီက ဆောင်ရွက်မည့်ကျေးလက်ရေပေးရေးလုပ်ငန်းများဖြစ်သည့် စေပုတ်ကေကျေးရွာ၊ ပျားတဲကျေးရွာ၊ လယ်ဒါပြင်ကျေးရွာ၊ ကုလားဘာတောင်ကျေးရွာ၊ ငလ/ပွေ့ကျေးရွာနှင့် ဝက်ဆံကျေးရွာတို့၌ရေတွင်းများ တူးဖော်ဆောင်ရွက်နေမှုကို အောက်တိုဘာ ၂၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

**သက်ထက်**

# အနီကတ်စည်းမျဉ်းကို ပြောင်းလဲလိုတဲ့ ဆမ်လာဒို့က်စ်

အခြားတစ်ဖက်ကို ပယ်နယ်တီကန်ခွင့်ပေးပြီး အခြားတစ်ဖက်မှ ကစားသမားတစ်ဦးကို အနီကတ်ပြထုတ်ပယ်တဲ့ စနစ်ကိုတော့ ပြောင်းလဲသင့်ပြီလို့ ဆန်းဒါးလန်းနည်းပြ ဆမ်လာဒို့က်စ်က ပြောဆိုလိုက်ပါတယ်။ ဆန်းဒါးလန်းက နယူးကာဆယ်ကို သုံးဂိုးပြတ်နဲ့ နိုင်တဲ့ပွဲအပြီး ဆမ်လာဒို့က်စ်က ပြောဆိုလိုက်တာပါ။ ဒီပွဲမှာ ဖလက်ချာကိုတွန်းတဲ့ ကိုလိုနီနီကို အနီကတ်ပြထုတ်ပယ်ခဲ့တဲ့အတွက် နည်းပြ ဆမ်လာဒို့က်စ်က ဆိုတာပါ။ ဒီစနစ်ကြီးက အတော်လေး စိတ်မကောင်းစရာပါ။ ပယ်နယ်တီလည်း အပေးခံရသေးတယ်။ ကစားသမားတစ်ဦးလည်းအထုတ်ခံရသေးတယ်ဆိုတော့ စိတ်မကောင်းစရာပါပဲ။ ဒီစနစ်ကြီးကိုတော့ မကြိုက်ပါဘူး။ ပြောင်းလဲဖို့သင့်ပါပြီလို့ ဆိုပါတယ်။ ဖီဖာက ချမှတ်ထားတဲ့ ဒီဥပဒေဟာ တစ်ဖက်အသင်းကို အတော်လေးနစ်နာမှုကို ဖြစ်စေတယ်လို့ ဆိုပါတယ်။ တစ်ဖက်အသင်းကို ပယ်နယ်တီကန်ခွင့်ပေးပြီး အခြားတစ်ဖက်အသင်းမှာ ကစားသမားတစ်ဦးအထုတ်ခံရတာ အတော်လေး နစ်နာတယ်လို့ ဆိုပါတယ်။

# တည်ငြိမ်မှုကို ပြဖို့လိုတယ်ဆိုတဲ့ ဂျာဂျင်ကလော့




လီဗာပူးအသင်းအနေနဲ့ ပြိုင်ပွဲတိုင်းမှာ တည်ငြိမ်တဲ့ခြေစွမ်းကို ပြသဖို့လိုကြောင်း နည်းပြသစ် ဂျာဂျင်ကလော့က ပြောဆိုလိုက်ပါတယ်။ တစ်ပွဲ တစ်ဂိုးနဲ့ သရေပွဲတွေနဲ့ အဆုံးသတ်နေပေမယ့် အသင်းရဲ့တည်ငြိမ်မှု၊ ခြေစွမ်းတည်ငြိမ်မှုတွေနဲ့ ပြိုင်ဘက်အသင်းတွေကို ခြိမ်းခြောက်ကစားနိုင်ဖို့ အရေးကြီးပါတယ်လို့ ဆောက်သမ်တန်နဲ့ အိမ်ကွင်းမှာ တစ်ဖက်တစ်ဂိုးစီသရေပွဲနဲ့ အဆုံးသတ်ပြီးနောက် နည်းပြ ဂျာဂျင်ကလော့က ဆိုပါတယ်။ တစ်ပွဲတစ်ဂိုးနဲ့ သရေပွဲတွေနဲ့ အဆုံးသတ်နေတာဟာ ဖိအားပေးခံရတယ်လို့ မထင်ပါဘူး။ ဒီအခြေအနေကို ဆက်ထိန်းပြီး နိုင်ပွဲတွေဆီအရောက်သွားမှာဖြစ်ပါတယ်လို့လည်း သူက ဆိုပါတယ်။

နည်းပြ ရော်ဂျာနေရာမှာ အစားထိုးနည်းပြဖြစ်လာတဲ့ ဂျာမန်နည်းပြ ဂျာဂျင်ကလော့က သူ့ကစားသမားတွေတိုးတက်လာလိမ့်မယ်လို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ ကျွန်တော်တို့ တိုးတက်လာတာကို တွေ့နေရပါပြီ။ လာမယ့် ပြိုင်ပွဲတွေမှာတော့ ရလဒ်တွေကိုကြည့်ပြီး စိတ်ဓာတ်မကျဖို့ပါပဲလို့ ဒေါ့မွန်နည်းပြဟောင်း ဂျာဂျင်ကလော့က ဆိုပါတယ်။ လီဗာပူးနဲ့ ဘုန်းမောက်အသင်းတို့ဟာ လာမယ့်ဗုဒ္ဓဟူးနေ့မှာ ကတ်ပီတယ်ဝမ်း စတုတ္ထအဆင့်ပြိုင်ပွဲ ရှိပါတယ်။ ဒီပွဲဟာ ဂျာဂျင်ကလော့အတွက် ပထမဆုံး အနိုင်ပွဲဖြစ်လာနိုင်ပါတယ်။

# အနိုင်ဆိုတာ ဂျူဗင်တပ်စ်တို့အတွက်ပဲဖြစ်မယ့် စီးရီးအေပွဲစဉ်(၁၀)

မိုးမြင့်လင်းလက်




*ဒီတစ်ပတ်ကြားရက်မှာ စီးရီးအေပွဲစဉ်(၁၀)ကို အောက်တိုဘာ ၂၉ ရက်နဲ့ ၃၀ ရက်တွေမှာ ယှဉ်ပြိုင်ဦးမှာမို့ ပရိသတ်တွေအတွက် ပွဲမပြတ်သွားဘဲ ကြည့်ရှုအားပေးရပါဦးမယ်။ ဒီပွဲစဉ်တွေမှာ အသင်းကြီးတွေအခြေအနေကောင်းနဲ့ ကြုံတွေ့ရနိုင်သလို အိမ်ကွင်းမှာ လက်ခံကစားရမယ့် အသင်းငယ်တွေလည်း မျှော်လင့်ချက် ပြည့်ဝနိုင်တဲ့ အနေအထားရှိပါတယ်။*

**ရိုးမားနှင့် အူဒီးနိစ်**

ဒီနှစ်စီးရီးအေမှာ ရိုးမားတို့ အိမ်ကွင်းမှာ ရှုံးပွဲမရှိ ကစားထားနိုင်လို့ အူဒီးနိစ်တို့ ပွဲကျပ်ဖြစ်နေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ဒီနှစ်သင်းရဲ့ တွေ့ဆုံမှုရလဒ်ကိုကြည့်ရင်လည်း ရိုးမားတို့ ရှုံးပွဲမရှိခဲ့ပါဘူး။ အခုတလော သရေပွဲတွေများနေတဲ့ အူဒီးနိစ်တို့ ကစားအားကောင်းပေမယ့် ရိုးမားရဲ့ ကစားကွက်အောက်မှာ နစ်မွန်းရကိန်းဆိုက်သွားမယ့်ပွဲပါ။

**ဆက်ဆူအိုလိုနှင့် ဂျူဗင်တပ်စ်**

အင်တာမီလန်၊ ဂလာဘတ်အသင်းတွေကို ဆက်တိုက်သရေပွဲကြုံတွေ့နေတဲ့ ဂျူဗင်တပ်စ်အတွက် ဒီပွဲဟာ နိုင်ပွဲအတွက် ထိုက်တန်တဲ့ စွမ်းရည်ကိုပြသတော့မယ့်ပွဲပါပဲ။ ဆက်ဆူအိုလိုနဲ့ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် ဂျူဗင်တပ်စ်တို့ ရှုံးပွဲမရှိခဲ့ပါဘူး။ ဆက်ဆူအိုလိုဟာ လာဇီယိုကို အနိုင်ကစားခဲ့တဲ့ ခြေစွမ်းမျိုးရရင် ဂျူဗင်တပ်စ်တို့ ခက်ခဲနိုင်ပေမယ့် ဒီပွဲမှာ အားထည့်လာမယ့် ဂျူဗင်တပ်စ်ကိုပဲ ယုံကြည်ထားပေးရမှာ ဖြစ်ပါတယ်။

**အေစီမီလန်နှင့် ချီယေဗို**

အခုတလောရလဒ်တွေ ကမောက်ကမဖြစ်နေတဲ့ အေစီမီလန်တို့လည်း အခုပွဲ အိမ်ကွင်းမှာ ကစားရမှာမို့ ပြန်လည်ရုန်းထဖို့ အားထုတ်တော့မှာဖြစ်ပါတယ်။ အေစီမီလန်တို့က ချေယေဗိုနဲ့ ဆုံတိုင်း နိုင်ပွဲရခဲ့တာများတာမို့ အဲဒီအစဉ်အလာကို ဆက်လက်ထိန်းသိမ်းပါလိမ့်မယ်။ နိုင်ပွဲပျောက်ဆုံးနေတဲ့ ချီယေဗိုအတွက် ဒီပွဲမှာလည်း မျှော်လင့်ချက်ထားလို့ မရသေးပါဘူး။

**အတ္တလန္တာနှင့် လာဇီယို**

အတ္တလန္တာကွင်းမှာဆိုရင် နိုင်ဖို့ခက်ခဲတဲ့ လာဇီယိုတို့အတွက် အခုပွဲဟာ ရင်မောရဦးမယ့် အနေအထားရှိပါတယ်။ စီးရီးအေသမိုင်းမှာ ဒီနှစ်သင်း စုစုပေါင်း ၉၇ ပွဲ တွေ့ဆုံခဲ့ရာမှာ အတ္တလန္တာက ၃၁ ပွဲနိုင်ပြီး လာဇီယိုက ၂၈ ပွဲ အနိုင်ရကာ သရေ ၃၈ ပွဲဖြစ်ထားခဲ့ပါတယ်။ လက်ရှိခြေစွမ်းပိုင်းအရ အတ္တလန္တာက တည်ငြိမ်နေတာမို့ လာဇီယိုတို့ ရမှတ်ဗလာနဲ့ အိမ်ပြန်ရမှာပါ။

**နာပိုလီနှင့် ပါလာမို**

အိမ်ကွင်းမှာ အကောင်းဆုံးခြေစွမ်းရနေတဲ့ နာပိုလီကို ပါလာမိုတို့ ခြေကုန်ထုတ်ရင်တောင် သိပ်မလွယ်ပါဘူး။ ခံစစ်ပိုင်းအားနည်းတဲ့ ပါလာမိုဟာ အခုပွဲကို ဂိုးမပြတ်ဖို့ အာရုံစိုက်ရမှာဖြစ်ပြီး နာပိုလီကွင်းမှာ အိမ်ရှင်ပရိသတ်တွေရဲ့ အောင်ပွဲခံတေးသံ လွှမ်းမိုးမှုနဲ့ ကြုံတွေ့ရပါလိမ့်မယ်။

**တိုရီနိုနှင့် ဂျီနိုအာ**

တိုရီနိုကွင်းမှာ အိမ်ရှင်တို့ အသာစီးရအောင် ကစားနိုင်ပေမယ့် ဂျီအာနိုတို့ ပြီးခဲ့တဲ့ မေလက အိမ်ကွင်းမှာ တိုရီနိုကို ငါးဂိုးအထိ သွင်းယူပြီး အနိုင်ရအောင် ကစားခဲ့တာကို မေ့လို့မရပါဘူး။ ဒါပေမယ့် လက်ရှိအချိန်မှာ တိုရီနိုခြေစွမ်းကလည်း ကောင်းမွန်နေတာမို့ အနိုင်ဆိုရင် အိမ်ရှင်ကို သတ်မှတ်ချင်ပါတယ်။ ။




# ဝက်စ်ဟမ်းမှာ ဂိုးတွေသွင်းပေးမယ့် အင်ဒီကာရိုးလ်

ဒဏ်ရာတွေရပြီးပြန်ကောင်းလာတဲ့ ဝက်စ်ဟမ်းတိုက်စစ်မှူး အင်ဒီကာရိုးလ်ဟာ လာမယ့်ပြိုင်ပွဲတွေမှာ အသင်းအတွက် ဂိုးတွေသွင်းပေးလိမ့်ဦးမယ်လို့ နည်းပြ စလေဗင်ဘီလစ်က ပြောဆိုလိုက်ပါတယ်။ ဒဏ်ရာမှ ပြန်လည်ကောင်းမွန်လာတဲ့ တိုက်စစ်မှူး အင်ဒီကာရိုးလ်ဟာ ချယ်လ်ဆီးကို ဝက်စ်ဟမ်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရတဲ့ပွဲမှာ အနိုင်ဂိုးသွင်းယူပေးခဲ့သူ ဖြစ်ပါတယ်။

ဝက်စ်ဟမ်းအသင်းအတွက်ရော အင်္ဂလန်အသင်းအတွက်ပါ အင်ဒီကာရိုးလ်အနေနဲ့ ဂိုးတွေသွင်းပေးလိမ့်မယ်လို့ နည်းပြ ဘီလစ်က ဆိုပါတယ်။ တိုက်စစ်မှူး ကာရိုးလ်ဟာ ချယ်လ်ဆီးနဲ့ပွဲမှာ လူစားလဲဝင်ရောက်ကစားခဲ့ပြီး အနိုင်ဂိုးသွင်းယူပေးခဲ့တာပါ။

အင်ဒီကာရိုးလ်မှာ ကျန်းမာရေးပြန်လည်ကောင်းမွန်လာပြီဖြစ်တဲ့အတွက် လာမယ့်ပြိုင်ပွဲတွေမှာ ဂိုးတွေဆက် တိုက်သွင်းယူပေးနိုင်လိမ့်မယ်လို့ ဆိုပါတယ်။ ဝက်စ်ဟမ်းအသင်းဟာ ပွဲစဉ်(၁၀) အပြီးမှာ ရမှတ် ၂၀ နဲ့ တတိယနေရာမှာ ရပ်တည်လျက်ရှိပါတယ်။

ကောင်းမြတ်သူ ➤ ➤ စုစည်းသည်။

# နှစ်စဉ် အစဉ်အလာမပျက်ကျင်းပသည့် ချင်း(ဇိုမီး)ရိုးရာ ခွါဒိုပွဲတော်

**နေစု(ချင်းရိုးမ)**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသား လူမျိုးပေါင်း ၁၃၅ မျိုးရှိပြီး ယင်းအနက် ၅၃ မျိုးမှာ ချင်းလူမျိုးများဖြစ်ကြပါသည်။ ချင်း (ဇိုမီး) လူမျိုးများ၏ တစ်နှစ်တာကာလအတွင်း ကျင်းပပြုလုပ်သည့် ပွဲတော် ၁၈ မျိုးအနက် အရေးအကြီးဆုံး အခမ်းအနားပွဲတော်မှာ ဇိုမီး ရိုးရာ ခွါဒိုပွဲတော် (Zomi Ngeina Khuado Pawipi) ပင် ဖြစ်ပါသည်။

**စတင်ကျင်းပ**

ခွာဒိုပွဲတော်ကို မည်သည့်အချိန်ကစ၍ စတင်ကျင်းပသည်ကို အတိအကျဖော်ပြ၍ မရနိုင်သော်လည်း ဇိုမီးလူမျိုးနွယ်စုများ တောင်ပေါ်ဒေသများသို့ ပြောင်းရွှေ့နေထိုင်ပြီး ကျိမ်နွဲဒေသတွင် စတင်အခြေချနေထိုင်ခဲ့သည့် အေဒီ ၁၄ ရာစုခန့်မှစ၍ ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့ကြောင်း သမိုင်းအထောက်အထားမှတ်တမ်းများအရသိရသည်။ သို့ဖြစ်၍ ဇိုမီးခွါဒိုပွဲတော် ကျင်းပခဲ့သောသက်တမ်းသည် အနည်းဆုံး နှစ်ပေါင်း ၆၀၀ ကျော် ကြာမြင့်ပြီဟု ဆိုနိုင်ပါသည်။

**အနက်အဓိပ္ပာယ်**

ခွါ(Khua)၏အဓိပ္ပာယ်မှာ ရှေးအခါက ဇိုမီးလူမျိုးတို့သည် ဤစကြာဝဠာတစ်ခုလုံးကို ကောင်းကင်ဘုံ၊ လူ့ဘုံနှင့် မြေအောက်ဘုံဟူ၍ ဘုံသုံးဘုံအနက် လူ့ကမ္ဘာဘုံကို လူ့ပြည်လူ့ရွာ(ခွါ)ဟုခေါ်ပြီး ထိုလူ့ကမ္ဘာဘုံ (ခွါ)ကို နတ်ကောင်းနတ်မြတ်များနှင့် ကွယ်လွန်သူဘိုးဘေးများ၏ ဝိညာဉ်များက ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်ဟု ယုံကြည်ကြသည်။

ဒို(Do)၏ အဓိပ္ပာယ်မှာ နှစ်မျိုးရှိပြီး ပထမဒို၏ အဓိပ္ပာယ်မှာ တစ်ဦးနှင့်တစ်ဦး ဖော်ရွေစွာ ဧည့်ဝတ်ပြုခြင်း၊ ကျွေးမွေးဧည့်ခံခြင်း၊ ပြုစုစောင့်ရှောက်ခြင်းဖြစ်ကာ ဒုတိယဒို၏ အဓိပ္ပာယ်မှာ တိုက်ခိုက်ခြင်း၊ နှင်ထုတ်ခြင်း၊ ချေမှုန်းခြင်းဟု အဓိပ္ပာယ်ရပါသည်။

သို့ဖြစ်၍ ခွါဒိုပွဲတော်၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ တောင်ယာသီးနှံများ အောင်မြင်စွာ ရိတ်သိမ်းသည့် အထိမ်းအမှတ်ပွဲ၊ ကောက်သစ်စားပွဲကျင်းပကာ နှစ်သစ်အတွက် ဘိုးဘေးတို့၏ ဝိညာဉ်များနှင့် နတ်ကောင်းနတ်မြတ်များအား ပူဇော်ပသခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်း၊ ဆုမွန်ကောင်းတောင်းခြင်း၊ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် ရပ်ကွက်ထဲမှ နတ်ဆိုးများကို နှင်ထုတ်ချေမှုန်းသည့် အဓိပ္ပာယ်ရသောပွဲတော်ဖြစ်သည်။

**ရည်ရွယ်ချက်**

ခွါဒိုပွဲတော်ကျင်းပခြင်း၏ ရည်ရွယ်ချက်မှာ အထူးသဖြင့် တစ်နှစ်တာ တောင်ယာလုပ်ငန်းပြီးဆုံး၍ အောင်မြင်မှုအတွက် အောင်ပွဲခံသည့်ပွဲတော်ဖြစ်သည်။ ရွာသူ ရွာသားများ ကျန်းမာပျော်ရွှင်ရေး၊ အနာရောဂါကင်းဝေးစေရေး၊ လာမည့်နှစ်သစ်၌ ရာသီဥတုကောင်းမွန်ပြီး သီးနှံများ ဖြစ်ထွန်းအောင်မြင်စေရေး၊ တိုင်းပြည်အေးချမ်းသာယာ၍ ချစ်ခင်ရင်းနှီးမှုရှိစေရေး၊ ကောင်းကျိုးမပေးသော နတ်ဆိုးများကို နှင်ထုတ်ပြီး ကောင်းကျိုးချမ်းသာပေးတတ်သော နတ်ကောင်းနတ်မြတ်များအား ပူဇော်ပသခြင်းနှင့် ဆုတောင်းပွဲပြုလုပ်ပေးရန်ဟူသော ရည်ရွယ်ချက်များဖြင့် ခွါဒိုပွဲတော်ကို ကျင်းပခြင်းဖြစ်ပါသည်။

**ကျင်းပသည့် နေ့ရက်ကာလနှင့် အခေါ်အဝေါ်သတ်မှတ်ခြင်း**

ခွါဒိုပွဲတော်ကို တောင်ယာသီးနှံများ ရိတ်သိမ်းပြီးချိန်တွင် ကျင်းပလေ့ရှိပြီး စိုက်ပျိုးသော သီးနှံအမျိုးအစား၊ ရေမြေသဘာဝ၊ ပထဝီအနေအထား၊ ရာသီဥတုအလိုက် ဒေသတစ်ခုနှင့်တစ်ခု ကျင်းပချိန်မတူညီသော်လည်း အများအားဖြင့် နှစ်စဉ်စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် ကျင်းပလေ့ရှိပြီး ပွဲတော်ကျင်းပသည့်ရက်မှာလည်း နှစ်ရက်မှ ရက်သတ္တတစ်ပတ်အထိ ကြာမြင့်တတ်ပါသည်။ ပွဲတော်ကျင်းပမည့် နေ့ရက်သတ်မှတ်နိုင်ရန် ရွာသူကြီး (သို့မဟုတ်) နတ်ဆရာနေအိမ်၌ အစည်းအဝေးကျင်းပ၍ သတ်မှတ်လေ့ရှိပြီး အချို့သောဒေသများတွင် တူလ်ပီး(Tulpi)ဟုခေါ်သည့် နတ်ဆရာက ကျင်းပမည့်နေ့ရက်ကို ရွေးချယ်သတ်မှတ်လေ့ရှိသည်။ အများစုပေါင်း၍ တညီတညွတ်ကျင်းပလေ့ရှိသည်မှာ သီတင်းကျွတ်လပြည့်မီးထွန်းပွဲတော်နေ့တွင် ကျင်းပကြမြဖြစ်သည်။

**ဒေသအလိုက်အခေါ်အဝေါ်နှင့် အနှစ်သာရ**

ခွါဒိုပွဲတော်သည် မြန်မာတိုင်းရင်းသား ချင်းလူမျိုးများအားလုံး၏ ပွဲတော်ပင်ဖြစ်သည်။ နေရာဒေသအလိုက် အမည်အမျိုးမျိုး ခေါ်ဝေါ်သုံးစွဲကြသော်လည်း ခွါဒိုပွဲ၏အနှစ်သာရမှာ ကောက်သစ်စားပွဲ၊ နှစ်သစ်ကူးပွဲ၊ ကျေးဇူးတော်ချီးမွမ်းပွဲနှင့် ပူဇော်ပသပွဲများပင်ဖြစ်သည်။

**ချင်းရေးရာဦးစီးအဖွဲ့မှ အချိန်၊ နေ့ရက်သတ်မှတ်ခြင်း**

ဤကဲ့သို့ ဒေသတစ်ခုနှင့်တစ်ခု ခွါဒိုပွဲတော်ကျင်းပသည့် နေ့ရက်မတူညီမှုကြောင့် တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင် ချင်းရေးရာဦးစီးအဖွဲ့က ခွါဒိုပွဲတော်ကို အခါကြီးရက်ကြီးအဖြစ် သတ်မှတ်ပြီး သီတင်းကျွတ်လဆန်း ၁၄ ရက်၊ အဖိတ်နေ့၊ လပြည့်နေ့နှင့် လဆုတ် ၁ ရက်များတွင်ကျင်းပရန် သတ်မှတ်ပေးခဲ့ရာမှ ယနေ့တိုင်အောင် အစဉ်အလာမပျက် ကျင်းပလျက်ရှိပါသည်။

**ဆင်ယင်ကျင်းပပုံ**

ခွါဒိုပွဲတော် စတင်ကျင်းပသည့် နံနက်စောစောတွင် လူငယ်မောင်မယ်များက ခေါင်ရည်အိုးများဖြင့် ဘိုးဘွားများကို သွားရောက်ကန်တော့ (Pu Zukholh) လေ့ရှိပြီး ဘိုးဘွားများကလည်း ဆုမွန်ကောင်းများတောင်း၍ လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်လေ့ရှိကြသည်။

ပွဲတော်ကျင်းပပုံမှာ ဒေသတစ်ခုနှင့်တစ်ခု အနည်းငယ်စီ ကွဲပြားမှုရှိသော်လည်း အခြေခံအားဖြင့် တူညီမှုရှိကြပါသည်။ ပွဲတော်ရက်အတွင်း ဆွေမျိုးစုအလိုက် မိတ်ဆုံစားပွဲကျင်းပခြင်း၊ သင်္ချိုင်းသို့သွားရောက်ကာ ကွယ်လွန်သူဘိုးဘေးများ၏ဝိညာဉ်ကို ခေါင်ရည်နှင့် ဟင်းပွဲမျိုးစုံဖြင့်ပူဇော်ဆက်သခြင်းများ ပြုလုပ်ကြပြီး ညနေမှောင်စပျိုးချိန်တွင် နတ်ဆရာနေအိမ်မှစ၍ တစ်အိမ်ဝင်တစ်အိမ်ထွက် နတ်ဆိုးများနှင်ထုတ်ခြင်း၊ ဆုတောင်းခြင်းများကို နတ်ဆရာနှင့် ရွာလူကြီးများ ဦးဆောင်၍ ပြုလုပ်ကြပါသည်။

**နှစ်သစ်အတွက် ပျားအုံဖွပ်နိမိတ်ဖတ်ခြင်း**

ခွါဒိုပွဲတော်၌ ပျားအုံဖွပ်ခြင်း၊ ပျားအုံနိမိတ်ဖတ်ခြင်းနှင့် ထင်းရှူးဆီမျာကိုင်ဆောင်၍ ရွာအတွင်း စီတန်းလျက် မီးထွန်းခြင်းသည် ဇိုမီးရိုးရာ ခွါဒိုပွဲ၏ အဓိကလက္ခဏာတစ်ခုအဖြစ် ပါဝင်သည်။ လူငယ်လူရွယ်များက တောထဲတွင် ရှာဖွေတွေ့ရှိသော ပျားအုံကိုသယ်ဆောင်လာစဉ် ရွာအဝင်ရှိ မွာလ်(Mual)ခေါ် နားနေစခန်းမှ လုံမပျိုလေးများက ခေါင်ရည်ဖြင့် ကြိုဆိုတိုက်ကျွေးကြသည်။ ရှာမ်းပီး(Siampi)ခေါ် နတ်ဆရာက ပျားအုံကိုဖွင့်၍ နိမိတ်ဖတ်သည်။ ပျားသလက်ပြည့်နေပါက လာမည့်နှစ်တွင် ရပ်ရွာအေးချမ်းသာယာပြီး ရောဂါအနာဘယ ကင်းဝေးမည်။ ကောက်ပဲသီးနှံအထွက်တိုးပြီး ဝမ်းစာဖူလုံမည်။ ပျားအုံမကောင်းပါက နှစ်သစ်တွင် တိုင်းပြည်မငြိမ်မသက်မှုများ ဖြစ်နိုင်ပြီး သီးနှံအထွက်မကောင်းသည့်အပြင် အနာရောဂါထူပြော၍ အသေအပျောက်များမည်ဟု ယုံကြည်ကြသည်။

**နှစ်သစ်ကူးနေ့**

ခွါဒိုပွဲအပြီး နောက်တစ်ရက်ကို နှစ်သစ်ကူးနေ့(သို့မဟုတ်)နှစ်ဆန်း ၁ ရက်ဟု သတ်မှတ်ရာ အိမ်တွင် အနားယူလေ့ရှိကြပြီး တောင်ယာသွားခြင်း၊ ခရီးထွက်ခြင်းများ မပြုလုပ်ရပါ။ အကယ်၍ ထိုကဲ့သို့ပြုလုပ်မိပါက ကျိန်စာသင့်တတ်သည်ဟု ယူဆကြသည်။ ခွါဒိုပွဲတော်ကို တောင်ယာသီးနှံများ ရိတ်သိမ်းပြီးချိန်၌ ကျင်းပခြင်းကြောင့်လည်းကောင်း၊ ခွါဒိုပွဲတော်အပြီး နောက်တစ်ရက်ကို နှစ်ဆန်း ၁ ရက်အဖြစ် သတ်မှတ်ခြင်းကြောင့်လည်းကောင်း ခွါဒိုပွဲတော်ကို နှစ်သစ်ကူးပွဲတော် (Kumkhen Pawi) ဟူ၍ ခေါ်ဝေါ်ကျင်းပကြသည်။

**စည်းလုံးညီညွတ်မှုကိုပြသသည့် မွန်မြတ်သောပွဲတော်**

ရှေးအခါက ခွါဒိုပွဲတော်ကျင်းပခြင်းသည် နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးကာလတွင် ကောက်သစ်စားပွဲကျင်းပခြင်း၊ ဘိုးဘေးတို့၏ ဝိညာဉ်များကို ပူဇော်ကန်တော့ခြင်းစသည့် လူမှုရေး၊ ဘာသာရေးအသွင်ဆောင်သော ပွဲတော်အဖြစ်မှ ယခုအခါ ထိုထက်မက ပိုမိုလေးနက်အဓိပ္ပာယ်ရှိသော ပွဲတော်ဖြစ်လာနေပါသည်။

ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် တစ်ဦးနှင့်တစ်ဦး ခွဲခြားမှုမရှိဘဲ စည်းလုံးညီညွတ်ခြင်းတို့ကိုပါ ပြသသည့် မွန်မြတ်သောပွဲတော်အဖြစ် ယနေ့တိုင်အောင် ချင်းပြည်နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်/ကျေးလက်ဒေသများမှအစ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဇိုမီးလူမျိုးများနေထိုင်ရာ ကလေးဒေသနှင့် တမူးဒေသအဆုံး နှစ်စဉ်ကျင်းပပြုလုပ်ကြသည့်အပြင် ပြည်တွင်းပြည်ပ ဒေသအသီးသီးရှိ ဇိုမီးတိုင်းရင်းသားများကလည်း ဇိုမီးရိုးရာ ခွါဒိုပွဲတော်ကြီးကို နှစ်စဉ်အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ဆင်နွှဲကျင်းပလျက်ရှိကြောင်း ဖော်ပြလိုက်ပါသည်။ ။

**ရှာမ်းပီး(Siampi)ခေါ် နတ်ဆရာက ပျားအုံကိုဖွင့်၍ နိမိတ်ဖတ်သည်။ ပျားသလက်ပြည့်နေပါက လာမည့်နှစ်တွင် ရပ်ရွာအေးချမ်းသာယာပြီး ရောဂါအနာဘယ ကင်းဝေးမည်။ ကောက်ပဲသီးနှံအထွက်တိုးပြီး ဝမ်းစာဖူလုံမည်။ ပျားအုံမကောင်းပါက နှစ်သစ်တွင် တိုင်းပြည်မငြိမ်မသက်မှုများ ဖြစ်နိုင်ပြီး သီးနှံအထွက်မကောင်းသည့်အပြင် အနာရောဂါထူပြော၍. . .**



# ကင်းတားရေလှောင်တမံ ရေရှည်တည်တံ့ရေး တာဝန်ရှိသူများနှင့် ပြည်သူများကလည်း ဝိုင်းဝန်းထိန်းသိမ်းပေးရန်လို

မြန်မာနိုင်ငံတွင် ရှေးမြန်မာမင်းများလက်ထက်မှစ၍ ရေလွှဲဆည်များ တည်ဆောက်ပြီး လယ်မြေများကို ဆည်ရေပေးစိုက်ပျိုးခဲ့သည်။ ကိုလိုနီခေတ် ၁၈၉၁-၁၈၉၂ခုနှစ်တွင် ပန်းလောင်မြစ်ပေါ်၌ အဆင့်ဆင့်တည်ရှိနေသည့် ကင်းတားဆည်၊ နက်လွှဲဆည်၊ ကျီးမဲဆည်နှင့် ထုံကြီးဆည်များကို ပြန်လည်မွမ်းမံပြင်ဆင်ပြီး ယနေ့တိုင် ဆည်ရေပေးဝေသုံးစွဲခဲ့သည်။

ထိုဆည်များသည် ရေလွှဲဆည်များဖြစ်သဖြင့် ရေစီးရေလာ နည်းပါးချိန်တွင် ရေလုံလောက်မှုမရှိခြင်းကြောင့် တစ်နှစ်ပတ်လုံး ရေလိုအပ်ချိန်တွင် ထုတ်ယူသုံးစွဲနိုင်ရန်၊ မြစ်ရေကြီးချိန်တွင် လယ်မြေများကို ရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်ရန်နှင့် နှစ်စဉ်လျှပ်စစ်ဓာတ်အား ယူနစ်သန်းပေါင်း ၁၆၅ သန်း ထုတ်လုပ်နိုင်ရန်ရည်ရွယ်၍ ကင်းတားရေလှောင်တမံကို သက်ဆိုင်ရာတာဝန်ရှိသူများက ၁၉၈၁-၁၉၈၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၈၉-၁၉၉၀ ခုနှစ်တွင် ပြီးစီးခဲ့သည်။

ကင်းတားရေလှောင်တမံသည် ကျောက်ဖြည့်တမံအမျိုးအစားဖြစ်ပြီး တမံအမြင့် ၂၃၆ ပေ၊ တမံအလျား ၂၀၃၄ ပေဖြစ်သည်။ ရေထုတ်ပြွန်အမျိုးအစားမှာ ကွန်ကရစ်ဥမင်ဖြစ်ပြီး ရေထုတ်ပြွန်အရွယ်အစား ၂၄ ဒသမ ၆ ပေ၊ ရေထုတ်ပြွန်အလျား ၁၅၂၅ ပေ ဖြစ်သည်။ ရေပိုလွှဲအမျိုးအစားမှာ ရေတံခါးတပ်ကွန်ကရစ်ရေပိုလွှဲဖြစ်ပြီး အကျယ် ၂၉ ဒသမ ၅ ပေ၊ အမြင့် ၃၄ ဒသမ ၄ ပေဖြစ်ကာ ရေထုစီးနှုန်းမှာ တစ်စက္ကန့်လျှင် ၇၈၂၆၉ ကုဗပေရှိသည်။ ဆည်ရေပေးနိုင်မည့်ဧရိယာ ၂၀၁၅၀၀၀ ဧကရှိကာ တမံတည်ဆောက်သည့် ခန့်မှန်းကုန်ကျငွေမှာ ၁၃၆၁ ဒသမ ၇၀ သန်းဟု ကင်းတားတမံ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ကင်းတားရေလှောင်တမံ ဘက်စုံစီမံကိန်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ တင်ဒါခေါ်ယူမှုစနစ်အရ ဂျာမနီနိုင်ငံမှ လာမေယာအင်တာနေရှင်နယ်ကုမ္ပဏီက ၁၉၇၈ ခုနှစ်တွင် ဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာကို ပြုစုပေးခဲ့ပြီး ရေလောင်တမံနှင့် ရေတားအဆောက်အအုံများ၊ ရေအားလျှပ်စစ်ဆိုင်ရာ မြို့ပြအဆောက်အအုံများကို သက်ဆိုင်ရာနိုင်ငံများက တည်ဆောက်ပေးခဲ့သည်။ ၁၉၈၉-၁၉၉၀ ခုနှစ်တွင် စီမံကိန်းအားလုံး ဆောင်ရွက်ပြီးစီးခဲ့သည်။

ယခုအခါတွင် ကင်းတားရေလှောင်တမံ ဘက်စုံစီမံကိန်းကို စိုက်ပျိုးရေပေးဝေရန်၊ မြစ်ရေကြီးချိန်တွင် လယ်မြေများကို ရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်ရန်နှင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိသည်။ ကင်းတားရေလှောင်တမံ၏အောက်ဘက် ရှစ်မိုင်အကွာရှိ ကင်းတားရေလွှဲဆည်မှ လက်ဝဲ၊ လက်ယာနှင့် ပန်းလောင်ရေသောက်စနစ်ရှိ စိုက်ပျိုးမြေဧက ၂၀၁၅၀၀ ကို စိုက်ပျိုးရေပေးဝေလျက်ရှိရာ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် မိုးစပါးဧက ၉၀၆၀၆ ဧကသာ ရေသွင်းစိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် မိုးစပါးဧက ၁၁၀၀၀၀ ဧက စိုက်ပျိုးနိုင်ခဲ့သည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ကီလိုဝပ်နာရီသန်းပေါင်း ၅၂ ဒသမ ၅၈ ထုတ်လွှတ်နိုင်ခဲ့သည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ ကန်အတွင်း ရေသိုလှောင်ပမာဏမှာ ၂၀၁၅၀၄ ဧကပေရှိသည်။ ၂၀၁၄ ခုနှစ်တွင် ရေသိုလှောင်ပမာဏမှာ ၃၈၉၆၄၀ ဧကပေရှိပြီး ၁၈၈၁၃၆ ဧကပေ လျော့နည်းသိုလှောင်ထားနိုင်ခဲ့သည်။ အသုံးပြုနိုင်သည့် ရေပမာဏမှာ ၁၄၅၂၂၄ ဧကပေရှိသည်။ ကင်းတားတမံအတွင်း ရေပမာဏသည်အနိမ့်ဆုံးရေမှတ် (Minimum.Opration.Level) ၁၇၈ ဒသမ ၅ မီတာ(၅၈၅ ဒသမ ၆ ပေ)အောက်သို့ ကျဆင်းသွားသည့်အခါမျိုးတွင် (Grate Chamber lmgation Outlet)မှတစ်ဆင့် လိုအပ်သောစိုက်ပျိုးရေကို ထုတ်လွှတ်ပေးလျက်ရှိသည်။

ယခုအခါတွင် ကင်းတားတမံတွင် ရေဝပ်ဧရိယာမှ သစ်တောထွက်ပစ္စည်းများကို တရားမဝင်သယ်ယူပို့ဆောင်နေမှုများကြောင့် သစ်တောများပြုန်းတီးလာသလို ရေသိုလှောင်မှုနည်းပါးလာလျက်ရှိကြောင်း သိရသည်။ သို့ဖြစ်၍ သစ်တောထွက်ပစ္စည်းများ တရားမဝင်သယ်ယူပို့ဆောင်နေမှုများကို ဟန့်တားပေးရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် သက်ဆိုင်ရာဌာနများသို့ စက်တင်ဘာ ၁၈ ရက်က တင်ပြထားကြောင်း သိရသည်။



ထို့ကြောင့် ဆည်လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ကင်းတားတမံ ရေသိုလှောင်မှုနည်းပါးခြင်းနှင့် ဆည်၏လုံခြုံရေးများနှင့်ပတ်သက်၍ ဆည်လုံခြုံရေးတာဝန်ခံက "ကျွန်တော်တို့တပ်ခွဲ ဒီရေလှောင်တမံမှာ တာဝန်ကျတာ မကြာသေးပါဘူး။ ဒီဆည်ရဲ့အဝင်မှာ ကျွန်တော်တို့တပ်ခွဲ ရုံးထားပြီး နေ့ညလုံခြုံရေးကို တာဝန်ယူထားပါတယ်"ဟု ပြောသည်။

ဆည်အနီး တောင်ပေါ်ရှိ(ရှမ်း)သစ်တောမှ တာဝန်ခံတောအုပ်ကြီးကလည်း "ကျွန်တော်တို့ တာဝန်ယူထားတဲ့အပိုင်းက သစ်တောသစ်ပင်တွေ ပြုန်းတီးမှု မရှိစေရေးအတွက် တရားမဝင်သစ်ကားများကို တွေ့ရှိပါက သစ်တောဥပဒေနဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြောသည်။

ဆည်အနီးတွင် ငယ်စဉ်ကပင် နေထိုင်ခဲ့သော ဒေသခံပြည်သူတစ်ဦးကလည်း "ကျွန်တော်တို့ငယ်ငယ်တုန်းကဆို ရေလှောင်တမံအနီးမှာရှိတဲ့ တောတောင်များဟာ အမြဲတမ်းစိမ်းလန်းစိုပြည်နေတာပါ။ ဒီတောတောင်ပေါ်မှာ နှစ်ပေါင်းများစွာထဲက ပေါက်ရောက်နေတဲ့ သစ်ပင်ကြီးတွေ၊ ရှေးလူများနေထိုင်ခဲ့တဲ့ဂူတွေရှိသလို ကျွန်တော်တို့လို တောင်သူလယ်သမားများအနေနဲ့လည်း ဒီဆည်က ရေကိုပဲအားကိုးပြီး စပါးအပါအဝင် သီးနှံတွေ စိုက်ပျိုးနေတာဖြစ်ပါတယ်"ဟု ပြောသည်။

ကင်းတားဆည်ကြီးသည် ယခင်က ဆည်တမံအတွင်း ရေပေါများစွာသိုလှောင်ထားနိုင်ခဲ့ပြီး ဒေသခံကျေးလက်နေပြည်သူများအတွက် စိုက်ပျိုးရေပေးဝေရန် ရေပေါများစွာသိုလှောင်ထားနိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် တရားမဝင် သစ်ဆွဲဖောင်များမှတစ်ဆင့် သစ်တင်ခြင်း၊ တောတောင်ထဲရှိ သစ်ပင်ကြီးငယ်များကို သစ်ခုတ်သမားများမှတစ်ဆင့် သစ်ပွဲစားများက ယာဉ်ကြီးယာဉ်ငယ်များဖြင့် လာရောက်ဝယ်ယူခြင်းများရှိခဲ့သောကြောင့် သစ်ပင်သစ်တောများ ပြုန်းတီးလာခဲ့ကာ ရေသိုလှောင်နိုင်မှု လျော့နည်းခဲ့ခြင်းဖြစ်ကြောင်း၊ ကင်းတားရေလှောင်တမံ ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များခုတ်ယူခြင်းကို ထိန်းသိမ်းရန်လိုအပ်ကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောသည်။

ကင်းတားရေလှောင်တမံသည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကူမဲမြို့အရှေ့ဘက် ၂၁ မိုင်အကွာ ပန်းလောင်မြစ်ပေါ်တွင်ရှိပြီး မြစ်သားမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးအတွက် အဓိကအားကိုးအားထားနေရသည့် ဆည်တမံတစ်ခုဖြစ်ရာ ကင်းတားရေလှောင်တမံကြီး ရေရှည်တည်တံ့ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများသာမက ပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်း၍ ထိန်းသိမ်းပေးရန် လိုအပ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကျော်ကျော်(မလှိုင်)**

# မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**ပျဉ်းမနား အောက်တိုဘာ ၂၇**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းကျေးရွာအုပ်စုမှ ဒေသခံပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုစာရင်းများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက အောက်တိုဘာ ၂၀ ရက်မှ ၂၃ ရက်အထိ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။




ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးအောင်နိုင်ဦးနှင့် ဝန်ထမ်းများက မိုးပွင့်စီမံချက်(အပိုင်း ၂)အရ One stop service အဖြစ် ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ကင်ပွန်းတန်းကျေးရွာမှ အိမ်ထောင်စု ၆၆၄ စုအတွက် အိမ်ထောင်စုစာရင်း ပုံစံ(၆၆/၆) များကို ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသည် ပျဉ်းမနားမြို့နယ်အတွင်း ကျေးရွာများသို့ မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုစာရင်းများကို ကွင်းဆင်း ထုတ်ပေးလျက်ရှိရာ အောက်တိုဘာ ၂၃ ရက်အထိ နိုင်ငံသားစိစစ်ရေးကတ်ပြား ၄၃၀ နှင့် အိမ်ထောင်စုစာရင်း ၁၄၆၈ ခုကို ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ အခြားရပ်ကွက်နှင့် ကျေးရွာများသို့လည်း ကွင်းဆင်း၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**



# လူမှုဖူလုံရေးဥပဒေအရ အကျိုးခံစားခွင့်များ ထုတ်ပေး

**လှိုင်ကော် အောက်တိုဘာ ၂၇**

အလုပ်ခွင်တွင်ထိခိုက်မှုကြောင့် သေဆုံးခဲ့သူ၏ မိသားစုထံသို့ လူမှုဖူလုံရေးဥပဒေအရ အကျိုးခံစားခွင့်များထုတ်ပေးခြင်းနှင့် လူမှုဖူလုံရေးဥပဒေအကြောင်း ရှင်းလင်းပွဲကို လှိုင်ကော်မြို့နယ် ဒေါဥခူရပ်ကွက် မြို့နယ်လူမှုဖူလုံရေးရုံး၌ အောက်တိုဘာ ၂၆ ရက်က ပြုလုပ်ခဲ့သည်။

လူမှုဖူလုံရေးဥပဒေအကြောင်း ရှင်းလင်းပွဲတွင် ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးတော့ရယ်က အမှာစကားပြောကြားပြီး လှိုင်ကော်မြို့နယ်လူမှုဖူလုံရေးရုံးမှ ရုံးခွဲတာဝန်ခံ ဦးစီးအရာရှိ ဦးမိုးကျော်မြင့်က အကျိုးခံစားခွင့်ထုတ်ပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လုပ်ငန်းခွင်တွင် သေဆုံးခဲ့သူ ဦးမျိုးသက်ဦး၏ ကျန်ရစ်သူမိသားစုဖြစ်သည့် ဇနီးဒေါ်နွဲ့နွဲ့ဝင်းနှင့် သမီးမသီသီဇင်ထံသို့ လူမှုဖူလုံရေးဥပဒေအရ အကျိုးခံစားခွင့် ငွေလုံးငွေရင်း ကျပ် ၅၈၈၀၀၀၀(ကျပ်ငါးဆယ်ရှစ်သိန်းရှစ်သောင်း)တိတိကို ဝန်ကြီးက လက်ရောက်ထုတ်ပေးခဲ့ကြောင်း သိရသည်။ လှိုင်ကော်မြို့နယ် လူမှုဖူလုံရေးရုံးတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# မိတ္ထီလာ ဓမ္မသုခရွှေစည်းခုံစေတီတော်၌ ပထမအကြိမ် ဆီမီး ၁၀၀၀ ပူဇော်မည်



**မိတ္ထီလာ အောက်တိုဘာ ၂၇**

မိတ္ထီလာမြောက်ကန် ပြန်လည်တူးဖော်အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မိတ္ထီလာမြောက်ကန်ဦးကန်ထိပ်တွင် တည်ထားကိုးကွယ်သည့် ဓမ္မသုခရွှေစည်းခုံစေတီတော်ကြီး ပထမအကြိမ် ဆီမီး ၁၀၀၀ ပူဇော်ပွဲကို အောက်တိုဘာ ၂၆ ရက်မှ ၂၉ ရက်(သီတင်းကျွတ်လဆန်း ၁၃ ရက်မှ လပြည့်ကျော် ၁ ရက်)အထိ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

"ဒီနေ့ သီတင်းကျွတ်လဆန်း ၁၃ ရက်နေ့ကနေ လပြည့်ကျော် ၁ ရက်နေ့အထိ ဓမ္မသုခရွှေစည်းခုံစေတီတော် ပထမအကြိမ်ဆီမီး ၁၀၀၀ ပူဇော်ပွဲကို ကျင်းပမှာဖြစ်ပါတယ်။ အလှူရှင်များရဲ့လှူဒါန်းမှုနဲ့ ကျင်းပတာဖြစ်ပါတယ်။ အလှူရှင်တွေ ရရှိမှုအနေအထားအရ သီတင်းကျွတ်လပြည့်နေ့အထိလို့ ဗီနိုင်းပိုစတာနဲ့ ကြေညာထားပေမယ့် နောက်ထပ်အလှူရှင် တိုးလာတာမို့ ဓမ္မသုခရွှေစည်းခုံစေတီတော် ပထမအကြိမ် ဆီမီး ၁၀၀၀ ပူဇော်ပွဲကို သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့အထိ လေးရက်တိုင် ညစဉ်ညတိုင်း ပူဇော်ကျင်းပသွားမှာဖြစ်ပါတယ်"ဟု ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မိတ္ထီလာမြောက်ကန်၏ ကန်ဦးကန်ထိပ်တွင် တည်ထားကိုးကွယ်သည့် ဓမ္မသုခရွှေစည်းခုံစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ပွဲကို စက်တင်ဘာ ၁၉ ရက်က ကျင်းပခဲ့ပြီး ဆီမီး ၁၀၀၀ ပူဇော်ပွဲကို နှစ်စဉ်နှစ်တိုင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# NCA စာချုပ်လက်မှတ်ရေးထိုးခြင်း ထောက်ခံပွဲကျင်းပ

**ပန်းတောင်း အောက်တိုဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့ ပြည်သူ့အားကစားကွင်းကြီး၌ အောက်တိုဘာ ၂၄ ရက် နံနက် ၈ နာရီအချိန်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းအား ထောက်ခံသည့် အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ သဘာပတိ မြို့မိမြို့ဖ ဦးသန်းလွင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်မြင့်က အမှာစကားပြောကြားသည်။ ထို့နောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းကို ထောက်ခံသည့် အဆိုအား မြို့မိမြို့ဖ ဦးတင်လှိုင်က တင်သွင်းပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းကို ထောက်ခံသည့် အဆိုအား အရှိုချင်းတိုင်းရင်းသား ဦးကျော်ရွှေက ထောက်ခံတင်ပြသည်။ ဆက်လက်၍ သဘာပတိ ဦးသန်းလွင်က တက်ရောက်လာသူများ၏ ထောက်ခံသဘောတူခြင်းကိုရယူရာ တက်ရောက်လာသူများက ထောက်ခံသဘောတူကြသည်။



အခမ်းအနားသို့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးကျော်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇော်ထွေးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အမျိုးသမီးရေးရာအဖွဲ့ ကြက်ခြေနီတပ်ဖွဲ့ မီးသတ်တပ်ဖွဲ့ စသည့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စက်ရုံအလုပ်ရုံ ဝန်ထမ်းများ၊ ချင်းတိုင်းရင်းသူ တိုင်းရင်းသားများ အင်အား ၁၀၀၀ ကျော်က ပန်းတောင်းစစ်ကြောင်း၊ ဥသျှစ်ပင်စစ်ကြောင်း၊ ဆင်တဲစစ်ကြောင်း၊ ထုံးဘိုစစ်ကြောင်းများဖြင့် ချီတက်ခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ အချိန်မီထုတ်ပေးလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၇**

လာမည့် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အင်းစိန်မြို့နယ် လဝကဦးစီးဌာနမှူး မိုးပွင့်အထူးစီမံချက် အပိုင်း(၂) ဖြင့် စက်တင်ဘာ ၁ ရက်မှစ၍ (၂၁)ရပ်ကွက်တို့တွင် မဲစာရင်းများ၌ အမည်ပါရှိပြီးနိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသူများ၊ အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိနေသောသူများကို ရပ်ကွက်များသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၂၄ ရက်အထိ နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၂၄၁ ကတ် ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း မြို့နယ် လဝကဦးစီးမှူးက ပြောကြားသည်။

အောက်တိုဘာ ၂၅ ရက်တွင် အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက မိုးပွင့်အထူးစီမံချက် အပိုင်း(၂) ဖြင့် ကွင်းဆင်းဆောင်ရွက်ရာ လာရောက်လျှောက်ထားသူ ၃၄ ဦးကို နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခဲ့ပြီး နိုင်ငံသားကတ်ပြား လျှောက်ထားသူ အမှုတွဲ ၄၀ ကို ပြုစုလက်ခံဆောင်ရွက်ခဲ့ကြောင်းနှင့် ကွင်းဆင်းရာသို့ မြောက်ပိုင်းခရိုင် လဝကဦးစီးဌာနမှူး ဦးရဲရင့်ထွန်းက လာရောက်အားပေးကြည့်ရှုပြီး ဆက်လက်၍ရပ်ကွက်နေ ပြည်သူများနှင့် တွေ့ဆုံပြီး ပြည်သူများတင်ပြသည့် အခက်အခဲများနှင့်လိုအပ်ချက်များကို ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း(အင်းစိန်)**

# ရွေးကောက်ပွဲတွင် မဲပေးပုံနည်းစနစ်သင်တန်းဖွင့်

**နတ်မောက် အောက်တိုဘာ ၂၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်ရှိ အစိုးရရုံးဌာနများမှ ဝန်ထမ်းများအား ရွေးကောက်ပွဲတွင် မဲပေးပုံနည်းစနစ်သင်တန်းကို နတ်မောက်မြို့နယ်ပြည်သူ့ခန်းမ၌ အောက်တိုဘာ ၂၄ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးဌေးအောင်က နတ်မောက်မြို့နယ်ရှိ တိုင်းဒေသကြီးလွှတ်တော်နယ်မြေ(၁)နှင့် တိုင်းဒေသကြီးလွှတ်တော်နယ်မြေ(၂)ခွဲခြားခြင်း၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်များအကြောင်း၊ နတ်မောက်မြို့နယ်တွင် လုံခြုံရေးနဲ့စီမံခန့်ခွဲမှုကော်မတီများဖွဲ့စည်းထားမှုအခြေအနေစသည့် အကြောင်းအရာများကို အမှာစကားပြောကြားသည်။ သင်တန်းတွင် မဲဆန္ဒနယ်မြေ ခွဲဝေပုံစနစ်၊ မဲပေးပုံစနစ်၊ ကြိုတင်မဲ၊ ခိုင်လုံမဲ၊ ပယ်မဲအကြောင်းများ၊ မဲရုံအခင်းအကျင်းပုံစံ၊ မဲရလဒ်ကြေညာထုတ်ပြန်ခြင်းနှင့် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည့် ကိုယ်စားလှယ်လောင်းများ၏ ကိုယ်ရေး အချက်အလက်များနှင့် အရွေးခံမည့်ပါတီများအကြောင်းကို ဆရာလေးဦးက ရှင်းလင်းပို့ချခဲ့သည်။ သင်တန်းကို နှစ်ရက်ကြာဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၂၆၇ ဦးတက်ရောက်ခဲ့သည်။ နတ်မောက်မြို့နယ်တွင် မဲဆန္ဒပေးနိုင်သူဦးရေ ၁၇၀၂၁၂ ဦးရှိပြီး မဲရုံပေါင်း ၂၈၂ ရုံရှိမည်ဖြစ်ကြောင်း သိရသည်။

**လှဝင်း (ပြန်/ဆက်)**

# ကျေးရွာမီး ၂၄ နာရီ ရရှိရေးဆောင်ရွက်ရန် သဘောတူစာချုပ် ချုပ်ဆို

**သာစည် အောက်တိုဘာ ၂၇**

မိတ္ထီလာခရိုင် သာစည်မြို့နယ် ပေါက်တောကျေးရွာ၌ လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကျေးရွာမီးလင်းရေးကော်မတီနှင့် မင်းမင်းစန်းကုမ္ပဏီတို့ သဘောတူစာချုပ်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး နားနေဆောင်၌ အောက်တိုဘာ ၂၆ ရက်တွင် ချုပ်ဆိုခဲ့သည်။

ပေါက်တောကျေးရွာသည်အိမ်ခြေ ၃၀၀၊ လူဦးရေ ၁၅၀၀ခန့်ရှိပြီး ကျေးရွာမီးလင်းရေးအတွက် သာစည်-ညောင်ရမ်းကျေးရွာ လျှပ်စစ်ဓာတ်အားလိုင်းမှတစ်ဆင့် ကျေးရွာသို့ ၁၁ ကေဗွီဓာတ်အားလိုင်းနှစ်မိုင်၊ ၀ ဒသမ ၄ ကေဗွီ ဓာတ်အားလိုင်းနှစ်မိုင်ကိုဆွဲကာ ရွာအတွင်း၌ ၃၁၅ ကေဗွီအေ ထရန်စဖော်မာတစ်လုံးထိုင်၍ ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း ရွာလုံးကျွတ်မီးလင်းအောင် ဆောင်ရွက်ပေးရန် သဘောတူစာချုပ် ချုပ်ဆိုခြင်းဖြစ်ကြောင်း သိရသည်။

သဘောတူစာချုပ်ချုပ်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွှန့်ငွေ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသူရ၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးစိုးဝင်း၊ မင်းမင်းစန်းကုမ္ပဏီမှ တာဝန်ရှိသူများနှင့်ပေါက်တောကျေးရွာမှ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ကျေးရွာမီးလင်းရေးကော်မတီ အဖွဲ့ဝင်များအနေဖြင့် ငွေကြေးကိစ္စဆောင်ရွက်ရာတွင်လည်းကောင်း၊ လုပ်ငန်းများလုပ်ဆောင်နေမှုအခြေအနေတွင်လည်းကောင်း၊ ကျေးရွာလူထု အမြင်ရှင်းအောင် ပွင့်လင်းမြင်သာစွာ ချပြဆောင်ရွက်သွားရန်မှာကြားပြီး သဘောတူစာချုပ်ကို ချုပ်ဆိုခဲ့သည်။

**မောင်ကို (သာစည်)**

# ဒေါသကြောင့် စကားများရာမှ လူသတ်မှုဖြစ်ပွား

**ကျောက်ကြီး အောက်တိုဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် တောကြောင်ပေါက်ရွာ အဝင်ရေကန်ဘေး၌ဓားဒဏ်ရာများဖြင့် သေဆုံးနေသည့် အလောင်းနှင့်၎င်း၏ အနီးမှ အရိုးအသွား ၁၂ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းတွေ့ရှိမှု အောက်တိုဘာ ၂၆ ရက် နံနက် ၈ နာရီခန့်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၅ ရက်ည ၇ နာရီခန့်က ဒေါင်းမိုအုပ်စု တောကြောင်ပေါက်ကျေးရွာအဝင်အလယ်ရွာနှင့် ရွာမကြီးကြားတာရိုးဘေး ရေကန်အနီး၌ ဦးသန်းဝင်း (၅၁ နှစ်)နှင့် ဝေသူအောင် (ခ)ကုလားတို့သည် တစ်ယောက်တစ်ခွန်း စကားများဆဲဆိုရာမှ နှစ်ဦးလုံးထွေးသတ်ပုတ်စဉ်ဦးသန်းဝင်းက အသင့်ယူဆောင်လာသော ဓားဦးချွန်ကိုထုတ်၍ ထိုးရာ ဝေသူအောင်က ၎င်း၏ ဓားကိုလုယူ၍ဒေါသအလျောက် ဦးသန်းဝင်းကို ဓားဖြင့်ခြောက်ချက်ခန့် ထိုးသွင်းခဲ့သဖြင့် နေရာ၌ သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဝေသူအောင်ကို နတ်သံကွင်းနယ်မြေရဲစခန်းက အရေးယူ စစ်ဆေးနေကြောင်း သိရသည်။

**သန်းဝင်း**

# လိပ်ဆင်းတောင် ချောင်းကူးတံတား ကိုယ့်အားကိုယ်ကိုး တည်ဆောက်ပြီးစီး

**ကျွန်းလှ အောက်တိုဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အနောက်ခြမ်းမှ ဒေသခံပြည်သူများ ဖြတ်သန်းနေရသည့် လိပ်ဆင်းတောင်ချောင်းကူးတံတားကို ဒေသခံပြည်သူများ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ရာ အောက်တိုဘာ ၂၅ ရက်တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း သိရသည်။

ချောင်းကူးတံတားကို လိပ်ဆင်းတောင်ကျေးရွာဆရာတော်၏ ဦးဆောင်မှုနှင့် ကျေးရွာတာဝန်ရှိသူများနှင့် ပြည်သူများ၏ အလှူငွေနှင့် လုပ်အားလှူဒါန်းမှုများဖြင့် တည်ဆောက်ခဲ့ပြီး လိပ်ဆင်းတောင်ရွာနှင့် ဖာလောကျေးရွာ ဆက်သွယ်သည့် တံတားဖြစ်ကြောင်း၊ ယခုအခါ တံတားပြီးစီးပြီဖြစ်သဖြင့် ဒေသခံများအနေဖြင့် ချောင်းကိုဖြတ်ကျော်သွားလာရန်တွင် လွယ်ကူသွားပြီဖြစ်ကြောင်း သိရသည်။

ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အနောက်ဘက်ခြမ်း ကျေးရွာများမှာ မိုးရာသီတွင် ရေလမ်းကိုသာ အားကိုးပြီးသွားလာရကြောင်း၊ ပွင့်လင်းရာသီရောက်ချိန်တွင် လိပ်ဆင်းတောင်ချောင်းကို ဖြတ်ကျော်၍ ဆည်ပတ်လမ်းမှ သွားလာကြရာ အခက်အခဲများ ရှိခဲ့ကြောင်း၊ ယခု နှစ်တွင် သဖန်းဆိပ်ဆည် အနောက်ခြမ်းဒေသတွင် အောက်တိုဘာ ၉ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး လိပ်ဆင်းတောင်ချောင်း ရေလျှံသဖြင့် သွားလာရေး ပိုမိုခက်ခဲခဲ့သောကြောင့် တံတားကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## မဲပေးနည်းနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း ဆောမြို့နယ်၌ ဖွင့်လှစ်

**ဆော အောက်တိုဘာ ၂၇**

ဂန့်ဂေါခရိုင် ဆောမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကကြီးမှူး၍ ဆောမြို့ ယောမင်းကြီးဦးဘိုးလှိုင်ခန်းမ၌ ရွေးကောက်ပွဲဆိုင်ရာ သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၅ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရှင်ကြီးက သင်တန်းဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက မဲပေးနည်းအပါအဝင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းပို့ချဆွေးနွေးကြကြောင်း၊ သင်တန်းသို့ ဌာနဆိုင်ရာအသီးသီးမှ အရာရှိ၊ အရာထမ်း ၁၄၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(၁၀၁)**

## မဲရုံအဖွဲ့ဝင်များအား ပညာပေးသင်တန်းပို့ချ

**မြိုင် အောက်တိုဘာ ၂၇**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်အတွင်း ရွေးကောက်ပွဲကာလတွင် မဲများ၌ တာဝန်ထမ်းဆောင်မည့် မဲရုံအဖွဲ့ဝင်များအတွက် ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ အောက်တိုဘာ ၂၆ က ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

သင်တန်းကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူးဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းတွင် မြိုင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်သန်းက ရွေးကောက်ပွဲဆိုင်ရာများအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်ကော်မရှင်အတွင်းရေးမှူး ဦးမျိုးမင်းသိန်းက ရွေးကောက်ပွဲတွင် ဆောင်ရွက်ရမည့် တာဝန်များနှင့် သိရှိရမည့်အချက်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မဲရုံတွင်တာဝန်ထမ်းဆောင်မည့် သင်တန်းသူ သင်တန်းသား ၈၆၄ ဦးအား မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာပညာများကို အချိန်ခွဲ၍ သင်ကြားပို့ချခဲ့သည်။

မကြာမီကျင်းပတော့မည့် အထွေထွေရွေးကောက်ပွဲကြီးတွင် မြိုင်မြို့နယ်တွင်း မဲရုံ ၄၃၂ ရုံရှိမည်ဖြစ်ပြီး မဲရုံတစ်ရုံလျှင် မဲစာရင်းစစ်ဆေးသူသုံးဦးရှိမည်ဖြစ်ကြောင်း သိရသည်။ **စိန်မြိုင်(မြိုင်)**



## ဝါးထွက်ကုန်လုပ်ငန်းများကြောင့် ဒေသခံမိန်းကလေးများဝင်ငွေကောင်းနေ

**ရေတာရှည် အောက်တိုဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာအုပ်စု ရွှေသပြေ ကျေးရွာသည် ဆွာမြို့တောင်ဘက် နှစ်မိုင်ခန့်အကွာ ရန်ကုန်-မန္တလေးကားလမ်းနှင့် ကပ်လျက်တွင်တည်ရှိပြီး လယ်ယာလုပ်ငန်းအပြင် ဝါးနှင့်ဝါးထွက်ပစ္စည်းများကို အဓိကအရောင်းအဝယ်လုပ်ကိုင်ကြပြီး ပွင့်လင်းရာသီကာလဖြစ်သည့်အလျောက် အရောင်းအဝယ်ကောင်းမွန်၍ ဒေသခံမိန်းကလေးများ နေ့စဉ်ဝင်ငွေကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ပဲခူးရိုးမထွက်ဝါးများကို အလုံးလိုက်တင်ပို့ရောင်းချခြင်းအပြင် ဝါးကုလားထိုင် အမျိုးမျိုး၊ ဝါးကပ်ဆိုက်မျိုးစုံမှာ ယခုရာသီကာလတွင် အရောင်းတွင်ကျယ်ပြီး ဒေသခံမိန်းကလေးတစ်ဦးလျှင် တစ်ရက်ငွေကျပ် ၄၀၀၀ ရရှိနေကြောင်း ဝါးလုပ်ငန်းလုပ်ကိုင်သူ ဦးဝင်းမြင့်ကပြောသည်။ “ဝါးဆိုင်တစ်ဆိုင်ကို မိန်းကလေးလေးယောက်ကနေ ခြောက်ယောက်လောက်အထိဝင်လုပ်ကြတယ်၊ တစ်ယောက်ကို ဝါးကပ်အချပ် သုံးဆယ်လောက်ပြီးတော့ နေ့တွက် ငွေကျပ်လေးထောင်နဲ့အထက်ရရှိတော့ သူတို့လည်း အဆင်ပြေပါတယ်”ဟု ၎င်းက ဆက်၍ပြောသည်။ မိုးရာသီကာလအတွင်း၌ ဒေသအနှံ့အပြား ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့စဉ်က ဝါးအလုံးလိုက်နှင့် ဝါးကပ်များအတော်ရောင်းခဲ့ရပြီး မြစ်ထိန်းနံရံများနှင့်အကာများ တည်ဆောက်သည့်လုပ်ငန်းများ၌ အသုံးပြုကြသည်ကို တွေ့ရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း အဓိကဝယ်ယူသည့်မြို့မှာ ပျော်ဘွယ်မြို့ဖြစ်ပြီး ဝယ်ယူသည့်တင်းဝါးနှင့် ကြသောင်းဝါးတို့ကို ငရုတ်သီးလှန်းစင်၊ နွားခြံအကာများ အပြင် နှီးခမောက်၊ သီးနှံထည့်သည့်ပုတ်များ၊ နေအိမ်ကာသည့်ဝါးထရံများ ရက်လုပ်အသုံးပြုကြသည်ဟု ဝါးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ရှင်းပြသည်။ မိမိတို့ဒေသတွင် အလုပ်အကိုင်အခွင့်အလမ်းများရှိနေခြင်းဖြင့် မိဘများနှင့် အိုးမကွာ အိမ်မကွာလုပ်ကိုင်နိုင်ခြင်းသည် ကောင်းမွန်သည့်လုပ်ငန်းအဖြစ် ခံယူလုပ်ကိုင်ခြင်းဖြစ်ကြောင်း ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။ **ကိုလွင်(ဆွာ)**

# NCA စာချုပ်လက်မှတ်ရေးထိုးခြင်းအား ထောက်ခံပွဲကျင်းပ



**နမ့်ခမ်း အောက်တိုဘာ ၂၇**

နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြား ချုပ်ဆိုနိုင်ခဲ့သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းအား ထောက်ခံသည့် အခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့၌ အောက်တိုဘာ ၂၄ က ကျင်းပခဲ့သည်။

ထောက်ခံပွဲတွင် နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နမ့်ခမ်းမြို့ပေါ်ရပ်ကွက်(၁၄)ခုနှင့် ကျေးရွာအုပ်စုများမှဒေသခံတိုင်းရင်းသားပြည်သူများ အင်အား ၁၀၀၀ခန့်က နမ့်ခမ်းမြို့ နောင်စန့်ကုန်းရပ်ကွက်မှ ပြည်ထောင်စုလမ်းမအတိုင်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အား ဂုဏ်ပြုကြေညာခြင်း၊ စာချုပ်ပါ အချက်အလက်များအား အောင်မြင်စွာအကောင်အထည်ဖော်ရေး၊ တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းကို ထောက်ခံပါသည်စသည့် ပိုစတာများ၊ လက်ကိုင်ပိုစတာများ ကိုင်ဆောင်၍ ကြွေးကြော်သံများဖြင့် မြို့တော်ခန်းမသို့ စီတန်းလှည့်လည် ချီတက်ခဲ့ကြသည်။

ထို့နောက် မြို့တော်ခန်းမ၌ ထောက်ခံပွဲအခမ်းအနား ကျင်းပရာ ဒေသခံတအာင်း(ပလောင်)တိုင်းရင်းသား သဘာပတိ ဦးမြင့်ကျော်က အမှာစကား ပြောကြားသည်။ ရှမ်းတိုင်းရင်းသား ဦးစိုင်းချစ်ဆွေက NCA လက်မှတ်ရေးထိုးမှုအား ထောက်ခံအဆို တင်သွင်းပြီး ကရင်တိုင်းရင်းသား မန်းညွန့်ကြည်က ထောက်ခံကြိုဆိုကြောင်း အဆိုတင်သွင်းပြီး သဘာပတိက ဒေသခံပြည်သူများ၏ သဘောတူညီချက်ကို မေးမြန်းရယူကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **အယ်လ်စိုး(မူဆယ်)**

## မဲရုံမှူးနှင့် အဖွဲ့ဝင်များ တာဝန်ပေးအပ်ပွဲနှင့် ဆင့်ပွားသင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၇**

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် နတ်မောက်ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်ကကြီးမှူး၍ ရပ်ကွက်မဲရုံများတွင် တာဝန်ထမ်းဆောင်မည့် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား တာဝန်ပေးအပ်ပွဲနှင့် မဲရုံပညာပေး ဆင့်ပွားသင်တန်းဖွင့်ပွဲကို တာမွေအထက(၁) ပင်လုံခန်းမ၌ အောက်တိုဘာ ၂၅ ရက်တွင် ကျင်းပခဲ့သည်။

မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မြို့နယ်ဥပဒေအရာရှိ ဒေါ်မြမြစိုးက မဲရုံအသိပညာပေးဆင့်ပွားသင်တန်းအတွက် ဥပဒေရေးရာများအကြောင်း ပြောကြားပြီး ရပ်ကွက်အတွင်းရှိ မဲရုံသုံးရုံတွင် တာဝန်ထမ်းဆောင်မည့် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် ၄၂ ဦးကို တာဝန်ပေးအပ်ခဲ့သည်။

ထို့နောက် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲကြီးကို ပြည်တွင်းမှ စောင့်ကြည့်လေ့လာသူများသာမက ကမ္ဘာကပါ စောင့်ကြည့်နေမည်ဖြစ်သည့်အတွက် မဲရုံမှူးနှင့် မဲရုံတာဝန်ရှိသူများအနေဖြင့် မိမိတို့ထမ်းဆောင်ရမည့် တာဝန်များကို မှားယွင်းမှု၊ လစ်ဟင်းမှုမရှိအောင် ဆောင်ရွက်နိုင်ရန် မဲရုံပညာပေးသင်တန်းကိုလည်း ဆက်လက်ဖွင့်လှစ်မည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းဆင်း မဲရုံမှူးများက မဲရုံအဖွဲ့ဝင်များအား မဲရုံဆိုင်ရာ လုပ်ငန်းတာဝန်များနှင့် ဥပဒေဆိုင်ရာ အကြောင်းအရာများကို ဆင့်ပွားသင်တန်းပို့ချခဲ့သည်။ **အောင်သန်း(မင်္ဂလာတောင်ညွန့်)**

## ရွေးကောက်ပွဲတွင်အသုံးပြုမည့် မဲပုံးနှင့် ဆက်စပ်ပစ္စည်းများ ထုတ်ပေး

**ကျောင်းကုန်း အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်အတွင်း မဲရုံများ၌ အသုံးပြုမည့် မဲပုံးများအပါအဝင် မဲရုံသုံးဆက်စပ်ပစ္စည်းများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲက ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများထံ အောက်တိုဘာ ၂၆ ရက်တွင် စတင်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။



နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲပုံးများ၊ မဲလက်မှတ်နှင့် အခြားဆက်စပ်ပစ္စည်းများကို မြို့နယ်စိုက်ပျိုးရေးရုံးတွင်လည်းကောင်း၊ ထွေ/အုပ်ရုံးဝင်းအတွင်းရှိ ဘိုတဲတွင်လည်းကောင်း နှစ်နေရာခွဲ၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ထုတ်ပေးနေခြင်းဖြစ်သည်။

ကျောင်းကုန်းမြို့နယ် အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စု ၆၈ အုပ်စုတို့တွင် မဲပေးနိုင်သည့် လူဦးရေ ၁၁၅၄၇၃ ဦး ရှိပြီး မဲရုံပေါင်း ၁၂၅ ရုံကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ကျောင်းကုန်းမြို့နယ်ရှိ နိုင်ငံရေးပါတီ ကိုးခုက ဝင်ရောက်ယှဉ်ပြိုင် သွားမည်ဖြစ်ပြီး ပါတီများမှ ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများ အပါအဝင် ကိုယ်စားလှယ် စုစုပေါင်း ၃၈ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## ဆရာ ဆရာမများ အရည်အသွေးမြှင့်တင်ရေး ဆွေးနွေးပွဲကျင်းပပြီးစီး

**မြစ်ကြီးနား အောက်တိုဘာ ၂၇**

မြစ်ကြီးနားခရိုင် ပညာရေးမှူးရုံးက ကြီးမှူးကျင်းပခဲ့သည့် အခြေခံပညာ အထက်တန်းနှင့် အလယ်တန်းပြ ဆရာ ဆရာမများ၏ အရည်အသွေးမြှင့်တင်ရေး ဆွေးနွေးပွဲပိတ်ပွဲကို အောက်တိုဘာ ၂၅ ရက်က မြစ်ကြီးနားမြို့ အထက(၂) ကျောင်း၌ ကျင်းပခဲ့ရာ ပြည်နယ်ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ဇော်က အမှာစကားပြောကြားပြီး ဆွေးနွေးပွဲတွင် ဘာသာရပ်အလိုက် ထူးချွန်ဆုရရှိသည့် ဆရာ ဆရာမများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ဆွေးနွေးပွဲကို အောက်တိုဘာ ၁၆ ရက်မှ ၂၅ ရက်အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အထက်တန်းပြ ဆရာ ဆရာမ ၈၀ နှင့် အလယ်တန်းပြဆရာ ဆရာမ ၅၀ ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မိုးဃာကျ(မြစ်ကြီးနား)**

# မုံရွာမြို့၌ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ စေတနာဆေးပေးခန်းများဖွင့်လှစ်

**မုံရွာ အောက်တိုဘာ ၂၇**

မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ ပြည်သူများ၏ ကျန်းမာရေးကို ပိုမိုစောင့်ရှောက်မှုပေးနိုင်ရန်အတွက် စေတနာဆေးခန်းဖွင့်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ သလ္လာရပ်ကွက် ဗန္ဓုလလမ်း၌ အောက်တိုဘာ ၂၅ရက် နံနက် ၉ နာရီက ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဒေါက်တာ မြင့်သိန်း၊ ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါက်တာသန်းစိန်နှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




အခမ်းအနားတွင် စေတနာဆေးပေးခန်းအား တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ကုသရေး ဦးစီးမှူး ဒေါက်တာညွန့်သန်း (မုံရွာပြည်သူ့ဆေးရုံအုပ်ကြီး)၊ တိုင်းဒေသကြီး ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာ ချစ်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား တိုင်းဒေသကြီးလူမှုရေးဝန်ကြီးကလည်းကောင်း၊ ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနကုသရေးဦးစီးမှူးတို့က အမှာစကားပြောကြားကြသည်။

အလားတူ မုံရွာမြို့ မြို့သစ်ရပ်ကွက် ဗိုလ်ချုပ်လမ်းမပေါ်ရှိ စေတနာဆေးခန်းကို အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းတွင် ဆက်လက်ပြီး ဖွင့်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ချည်မျှင်ရှည်ဝါစိုက်ပျိုးမှု ကွင်းသရုပ်ပြပွဲပြုလုပ်

**မြစ်သား အောက်တိုဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်တွင် ဝါသီးနှံအထွက်တိုးစိုက်ပျိုးနည်းစနစ်(GAP)များအား တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို နွားကူကြီးကျေးရွာအုပ်စုရှိ ရွှေတောင်(၈)နှင့် ငွေချည်(၉) ချည်မျှင်ရှည်ဝါ ငါးဧကစိုက်ခင်း၌ အောက်တိုဘာ ၂၆ ရက်က ပြုလုပ်ခဲ့သည်။

ကွင်းသရုပ်ပြပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ) ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းဝင်းက မျိုးကောင်းမျိုးသန့် ဝါမျိုးများဖြစ်သော ရွှေတောင်(၈)နှင့် ငွေချည်(၉)ဝါမျိုးများ စိုက်ပျိုးခြင်းအားဖြင့် အထွက်နှုန်းပိုမိုရရှိစေခြင်းကိုလည်းကောင်း၊ ပိုးမွှားကာကွယ်နှိမ်နင်းခြင်း၊ ပိုးသတ်ဆေးသုံးစွဲခြင်းနှင့်ပတ်သက်သော သိကောင်းစရာများကိုလည်းကောင်း တောင်သူများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောက်ဆည်ခရိုင်ဦးစီးမှူး ဦးကျော်သူရိန်က ရွှေတောင်(၈)နှင့် ငွေချည်(၉)ဝါမျိုးများ၏ ထူးခြားကောင်းမွန်သည့် အရည်အသွေးလက္ခဏာများအကြောင်းကိုလည်းကောင်း၊ မြစ်သားမြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာလင်းက သမားရိုးကျစိုက်ပျိုးနည်းစနစ်အစား သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်(GAP) နည်းဖြင့် လိုက်နာဆောင်ရွက်ထားရှိခြင်းဖြင့် အထွက်နှုန်းပိုမိုကောင်းမွန်စေကြောင်းနှင့် ထွက်ရှိလာသည့် မျိုးကောင်းမျိုးသန့်ဝါများကို တောင်သူအချင်းချင်းဖလှယ်စိုက်ပျိုးရာတွင် အသုံးပြုနိုင်ခြင်းစသည့် အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းပြောကြားပြီး တောင်သူများက သိရှိလိုသည်များကို မေးမြန်းခဲ့သည်။

မြစ်သားမြို့နယ်အတွင်း၌ ဝါစိုက်ပျိုးမှုကို ယခုနှစ် မိုးနှောင်းစိုက်ပျိုးရာသီအတွင်း ဧက ၅၅၀၀ စိုက်ပျိုးရန် လျာထားခဲ့ပြီး ၆၁၉၃ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် ၁၁၂ ဒသမ ၆ ရာခိုင်နှုန်းအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# အလယ်ကျွန်း-ထားဝယ်ကမ်းချောင်းကူး သံကူကွန်ကရစ်တံတားဖွင့်လှစ်

**မြိတ် အောက်တိုဘာ ၂၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၏ မြို့တွင်းကုန်စည်ပို့ဆောင်ရေးနှင့် မြို့တွင်းရပ်ကွက်များသို့ ဖြတ်သန်းသွားလာရေးတွင် အရေးပါသော မြိတ်မြို့ ထားဝယ်ကမ်းရပ်ကွက်နှင့် အလယ်ကျွန်းရပ်ကွက်ကို ဆက်သွယ် တည်ဆောက်ထားသည့် သစ်သားတံတားဟောင်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ပြန်လည်တည်ဆောက်ပြီးစီးခဲ့ကြောင်း သိရသည်။

အလယ်ကျွန်း-ထားဝယ်ကမ်း ချောင်းကူးတံတားသည် ယခင်နှစ်ပေါင်း ၃၀ ကျော်ကတည်းက တည်ဆောက်ထားခဲ့သော သစ်သားတံတားဖြစ်ရာ နှစ်စဉ်ပြင်ဆင်ခဲ့ရကြောင်း၊ မြိတ်မြို့တွင်းသို့ သွားလာရာတွင် အနီးဆုံးလမ်းဖြစ်ပြီး တံတားဖြတ်သန်းသွားလာကြသည့် ရဟန်းရှင်လူပြည်သူများ၊



ကျောင်းသား ကျောင်းသူများ သွားလာရေးအဆင်ပြေစေရန် ယခုကဲ့သို့ ခိုင်ခံ့ကောင်းမွန်သော တံတားအဖြစ်တည်ဆောက်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောသည်။ တံတားသစ်သည် မူလတံတားဟောင်း ယာဉ်သွားလမ်းအကျယ် ၁၄ ပေအစား နှစ်လမ်းသွား ၁၈ ပေအဖြစ် တိုးချဲ့တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တည်ဆောက်ပြီးစီးခဲ့သော အလယ်ကျွန်း-ထားဝယ်ကမ်း ချောင်းကူးသံကူကွန်ကရစ်တံတားကို တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းကို ဂုဏ်ပြုသောအားဖြင့် အောက်တိုဘာ ၂၆ ရက်က ဖွင့်လှစ်ခဲ့သည်။

တံတားဖွင့်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးဖွံ့ဖြိုးမှု ကြီးကြပ်ရေးမှူး ဦးအောင်ကျော်မြင့်က တံတားတည်ဆောက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တံတားသစ်ကို တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ် ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါက်တာကျော်ဆန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး တံတားသစ်မှတ်တိုင်ကို လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးက စက်ခလုတ်နှိပ်ဖွင့်လှစ်ခဲ့သည်။

အဆိုပါတံတားကို နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေ ၁၄၅ သန်းဖြင့် ရိုးမာန်အားကုမ္ပဏီမှ ၂၃-၆-၂၀၁၅ ရက်မှ စတင်တာဝန်ယူ၍ အများပြည်သူသွားလာရေးပိုမိုအဆင်ပြေစေရန်နှင့် ယာဉ်များတံတားပေါ်ဖြတ်သန်းရာတွင် တစ်စီးနှင့်တစ်စီးဘေးကင်းစွာသွားလာနိုင်စေရန်အတွက် ယာဉ်သွားလမ်းအကျယ် ၁၄ ပေအစား နှစ်လမ်းသွား ၁၈ ပေအကျယ် သံကူကွန်ကရစ်တံတားအဖြစ် တိုးချဲ့တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတားအရှည်မှာ ၁၄၅ ပေဖြစ်ကြောင်း နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# သုံးမွှာပူးယောက်ျားလေးများ အောင်မြင်စွာမွေးဖွား

**သာစည် အောက်တိုဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် မုံပင်ဆုံကျေးရွာနေ တောင်သူဦးစိုး၏ ဇနီး မခင်ဝင်း (၃၅နှစ်)သည် အောက်တိုဘာ ၂၅ ရက် ည ၁၁ နာရီခွဲခန့်က ယောက်ျားလေး သုံးမွှာပူးကို မွေးဖွားခဲ့ကြောင်း သိရသည်။

ကျေးလက်ကျန်းမာရေးဆရာမ ဒေါ်မေသူပွင့်၏အကူအညီဖြင့် သုံးမွှာပူးကလေးများကို အခက်အခဲမရှိ အောင်မြင်စွာ ရိုးရိုးမွေးဖွားနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ "ကျွန်မမှာ ကလေးသုံးယောက်ရှိပါတယ်။ တစ်ယောက်စီပဲ မွေးခဲ့တာပါ။ အခုစတုတ္ထအကြိမ်မှာ ယောက်ျားလေး သုံးမွှာပူးဆိုတော့ အရမ်းပျော်ပါတယ်။ မွေးဖွားပေးတဲ့ဆရာမကိုလည်း ကျေးဇူးတင်ပါတယ်"ဟု မိခင်ဖြစ်သူက ပြောသည်။

အဆိုပါ ယောက်ျားလေး သုံးမွှာပူးကို ငါးမိနစ်စီခြားပြီး မွေးဖွားခဲ့ခြင်းဖြစ်ကာ ပထမဆုံးမွေးသောကလေးနှင့် ဒုတိယ ကလေးများမှာ အလေးချိန် လေးပေါင်ခွဲစီရှိကြပြီး နောက်ဆုံးကလေးမှာ ငါးပေါင်ကျော်ရှိကြောင်း၊ ယခုအခါ မိခင်နှင့်ကလေးအားလုံး ကျန်းမာစွာရှိကြောင်း သိရသည်။

**မောင်ကို(သာစည်)**

## ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ ဘေးကင်းကွာ


## ရွှေရတုမင်္ဂလာနှစ်ပတ်လည်ဆုတောင်းလွှာ

သားတို့ သမီးတို့၏ ကျေးဇူးရှင်ဖခင်ကြီးဖြစ်သော ဦးငွေဇင် မန်နေဂျာ(ငြိမ်း)မြန်မာ့ကုန်တိုက်နှင့် မိခင်ကြီး ဒေါ်ခင်ရီတို့၏ အိမ်ထောင်သက် နှစ်(၅၀)ပြည့် ရွှေရတု မင်္ဂလာနေ့မြတ် ၂၈-၁၀-၂၀၁၅ ရက်မှသည် စိန်ရတု ပတ္တမြားရတုတိုင်အောင် သာယာပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းသော အိမ်ထောင်ရေးခရီးလမ်းကို ဖေဖေ၊ မေမေ တို့ အတူလက်တွဲပြီး ကိုယ်ကျန်းမာ၊ စိမ်းချမ်းသာစွာ ဘာသာ၊ သာသနာအကျိုးဆောင်ရွက်လျက် လျှောက်လှမ်းနိုင်ကြပါစေကြောင်း သားသမီးမြေးများမှ ဂါရဝပြုဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ချစ်သားကြီး** – ဦးဝင်းဇော် 2nd Mate (F.G)-ဒေါ်အေးသဇင်သိန်း လ/ထ ဦးစီးမှူး(ငြိမ်း)၊ ငါးလုပ်ငန်းဦးစီးဌာန
**ချစ်သားငယ်** – Capt:မျိုးဇော် Master(F.G)
**ချစ်သမီးကြီး** – ဗိုလ်ကြီးအောင်ဇော်ဦး(ငြိမ်း)-ဒေါ်ဇင်ကေသွယ် လ/ထ ညွှန်ကြားရေးမှူး၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန
**ချစ်သမီးငယ်** – ဒေါက်တာဇင်မေသွယ် တွဲဖက်ပါမောက္ခ၊ ဒဿနိကဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်
**ချစ်မြေးများ** – မမြတ်ဘုန်းပြည့်မှူး Grade(8-G) အထက(၁)ဒဂုံ
မောင်ဘုန်းထက်အောင်(ခ)မြတ်မင်းခန့် - Grade(4-B) အထက(၁)ဒဂုံ၊ Primary (III) ILBC Weekend
မောင်သုတပြည့်စုံ (ဝိုင်းမူကြို)

**ဖောင်းကြွပျောက်ဆုံးခြင်း / လျှောက်ထားခြင်း**

ယာဉ်အမှတ် 9H-3440 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့





## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

**တင်ဒါအမှတ် ၁၂/ရအ(ပဖတ)/သယ်ပို့(တင်ဒါ)/၂၀၁၅**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ သူ့ဌေးရေအားလျှပ်စစ်စီမံကိန်းအတွက် နိုင်ငံခြားစက်ပစ္စည်းများသယ်ယူပို့ဆောင်ရေး လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၆-၁၀-၂၀၁၅ ရက်၊ ၀၉း၀၀ နာရီ
**တင်ဒါအရောင်းပိတ်မည့်ရက်** - ၃၀-၁၀-၂၀၁၅ ရက်၊ ၁၂း၀၀ နာရီ
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** - ၃၀-၁၀-၂၀၁၅ ရက်၊ ၁၂း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင်လာရောက်စုံစမ်းနိုင်ပါသည်။

**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ပစ္စည်းဖြည့်တင်းရေးဌာနခွဲ**
**ဖုန်း-၀၆၇-၈၁၀၄၁၈၉၊ ၀၆၇-၈၁၀၄၁၉၀၊**
**ဖက်စ်-၀၆၇-၈၁၀၄၁၉၁**

---

### ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
### (တရားမကျင့်ထုံးကိုဥပဒအမိန့်-၂၁၊ နည်း-၂၂)
### မန္တလေးခရိုင်တရားရုံးတွင်၌
### ၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၅၃ နှင့်ဆက်သွယ်သည့်
### ၂၀၁၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၁၅

ဒေါ်မြမြသန်း **နှင့်** ၁။ ဦးတင်ဝင်းကျော်
၂။ ဒေါ်လွင်လွင်ကျော်

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ဦးတင်ဝင်းကျော်(ရွှေနဒီစတိုးဆိုင်)၊ အောင်သပြေလမ်း၊ သပြေညွန့်ရပ်ကွက်၊ အကွက်အမှတ်(၄၀၆)၊ သံလျှက်မော်အရှေ့ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၅၃တွင် ရရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဖြစ်သူ ဒေါ်မြမြသန်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြနိုင်သည့် အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၀ရက် (၁၃၇၇ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်သန်းဌေး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မန္တလေးခရိုင်တရားရုံး**

---

## ရောင်းရန်ကြော်ငြာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၁၃ ခုနှစ် တရားမဇာရီမှုအမှတ်-၁၀၈

၁။ ဦးခင်မောင်သွင် **နှင့်** ၁။ ဒေါ်ခင်အုန်းကြည် (ကွယ်လွန်သူ ဦးသန်းမြင့်၏ တရားဝင်ကိုယ်စားလှယ်)
၂။ ဦးဘိုနီ ၂။ ဒေါ်တင်တင်အုန်း
၃။ ဒေါ်ခင်ထူး(ကိုယ်တိုင်နှင့် ၂၊၄၊၅၊၆ တို့၏ကိုယ်စားလှယ်စာရသူ) ၃။ ဦးခင်မောင်သိုက်(ခ)ဦးအောင်မောင်း
၄။ ဦးဆန်းဝင်း ၄။ ဦးလှရွှေ
၅။ ဦးမိုးညို ၅။ ဦးမော်ကြီး
၆။ ဒေါ်တူးတူးမာ ၆။ ဒေါ်ဆွေဆွေအုန်း
၇။ ဒေါ်သင်းသင်းအုန်း
၈။ ဦးသန်းနိုင်ထွေး

**တရားနိုင်များ** **တရားရှုံးများ**

၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၈၈ တွင် ရရှိခဲ့သောဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၇ရက် (၁၃၇၇ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော်၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်၊ ၂၈လမ်း၊ ၇၃×၇၄ လမ်းကြား၊ အိမ်အမှတ်(၇၉)၊ အကွက်အမှတ်(၇၂၀)၊ ဦးပိုင်အမှတ်(၄၂)၊ မြေဧရိယာ ၀ ဒသမ ၀၄၂၇ ဧကရှိ ဘိုးဘပိုင်မြေကွက်နှင့်ယင်းမြေပေါ်ရှိ (၅ခန်း×၃ခန်း)သွပ်မိုးနံကပ်နှစ်ထပ်အဆောက်အအုံ၊ အိမ်သုံးလျှပ်စစ်မီတာ၊ ရေမီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၆၅၀၀ တိတိ။**
**(ကျပ်သိန်းခြောက်ထောင့်ငါးရာတိတိ)**

**ရောင်းချရန်စည်းကမ်းချက်များ**

၁။ စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိရသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၅ခုနှစ် အောက်တိုဘာ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်လှကြည်)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**မန္တလေးခရိုင်တရားရုံး**

---

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲများအတွက် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၉-၁၀-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၀-၁၁-၂၀၁၅ ရက်

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါးများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ပဲခူးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး**
**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့**
**ဖုန်း-၀၅၂-၂၂၂၁၂၁၇၊ ၀၅၂-၂၂၃၀၅၅၄**

---

### ဖခင်အမည်မှန်

အမာမြို့နယ်၊ အထက ဒေါ်ငြိမ်းကျေးရွာ တက္ကသိုလ်ဝင်တန်း(D)မှ မောင်သိုက်စိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်ဝင်းဌေး ၁၄/ဖပန(နိုင်)၀၂၈၁၂၆ ဖြစ်ပါသည်။ **ဦးအောင်ဝင်းဌေး**

---

### မိဘအမည်မှန်

အမာမြို့နယ်၊ အထက ဒေါ်ငြိမ်းကျေးရွာ၊ တက္ကသိုလ်ဝင်တန်း (C)မှ မတာတာအောင်၏ မိဘအမည်မှန်မှာ ဦးကျော်မိုးခိုင် ၁၄/ဖပန(နိုင်)၁၁၅၂၀၉ နှင့် ဒေါ်စုစု ၁၄/အမတ(နိုင်)၀၁၄၈၉၁ တို့ ဖြစ်ပါသည်။ **ဦးကျော်မိုးခိုင်-ဒေါ်စုစု**

---

### ဖခင်အမည်မှန်

အမာမြို့နယ်၊ အထက ဒေါ်ငြိမ်းကျေးရွာ တက္ကသိုလ်ဝင်တန်း(A)မှ မဆုမြတ်နိုင်၏ ဖခင်အမည်မှန်မှာ ဦးဇော်မိုးခိုင် ၁၄/ဖပန(နိုင်)၁၁၅၂၁၈ဖြစ်ပါသည်။ **ဦးဇော်မိုးခိုင်**

---

### မိဘအမည်မှန်

အမာမြို့နယ်၊ အထက ဒေါ်ငြိမ်းကျေးရွာ၊ တက္ကသိုလ်ဝင်တန်း(D)မှ မအိအိကျော်၏ မိဘအမည်မှန်မှာ ဦးမြင့်ဦး ၁၄/အမတ(နိုင်)၀၄၁၈၇၃နှင့် ဒေါ်ဆန်းဆန်းအေး ၁၄/အမတ(နိုင်) ၀၃၁၈၃၈တို့ ဖြစ်ပါသည်။ **ဦးမြင့်ဦး-ဒေါ်ဆန်းဆန်းအေး**

---

### ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
### ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
### ၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၀ နှင့် ဆက်စပ်သည့်
### ၂၀၁၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၅၇

ဦးအောင်ထွန်းသိန်း **နှင့်** ၁။ ဦးတင်မြင့်
၂။ ဦးမြင့်စိန်

**တရားနိုင်** **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၁၆)ရပ်ကွက်၊ မောင်းမကန်လမ်း၊ အမှတ်(၂၀၆)နေ တရားရှုံးများဖြစ်သော(၁)ဦးတင်မြင့်၊ (၂)ဦးမြင့်စိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၄၀ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးအောင်ထွန်းသိန်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၂ ရက် (၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလဆန်း၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(မေမီဝင်းရွှေ)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ကျီတော်ရပ်ကွက်၊ ရေကျော်လမ်းမ၊ အမှတ်(၈၇)၊ လေးလွှာ၊(ဝဲ)ဘက်ခြမ်းတိုက်ခန်းကို တရားဝင်ပိုင်ဆိုင်လက်ရှိထားသူများဖြစ်ကြသော ဦးရဲမြင့် ၁၂/ကမရ(နိုင်)၀၂၈၁၇၂ နှင့် ဒေါ်ချိုချိုဝင်း ၁၂/ပဇတ(နိုင်)၀၀၅၄၉၇ တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ဤတိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက် အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်ဦး (တရားလွှတ်တော်ရှေ့နေ) စဉ်-၈၇၅၄**
**အမှတ်-၉/၁၁၊ လေးလွှာ၊ အခန်း(၃၀၆)၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၅၀၀၂၄၂၄၃၊ ၀၉-၇၉၅၃၂၈၃၃၆**

---

## ကိုဇော်ဇော်သိန်း သိစေရန်အသိပေးကြေညာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၁)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၁၁၁)ရှိ HEIN GLOBAL TRADING Co.,Ltd. ၏ မြဝတီမြို့အတွက် ကုမ္ပဏီလုပ်ငန်းတာဝန်ခံ ဦးဘိုဘိုထွန်း၁၃/ညရန(နိုင်)၀၆၂၂၁၉၏လွှဲအပ်ညွှန်ကြားချက်အရ ကိုဇော်ဇော်သိန်း သိစေရန် အသိပေးကြေညာလိုက်သည်။

ရခိုင်ပြည်နယ်၊မြေပုံမြို့နယ်၊ ဝါးပိုးကြီးကျေးရွာတွင် နေထိုင်သော ကိုဇော်ဇော်သိန်း (ဘ)ဦးကျားလှအောင် ၁၁/မပတ(နိုင်)၀၄၂၈၈၁ သည် HEIN GLOBAL TRADING Co.,Ltd. ၏ ကုန်သွယ်ရေးဇုန်ရှိ ကုန်ပစ္စည်းအဝင်အထွက်စာရင်းဇယားများကို ရေးမှတ်ရသည့်စာရင်းကိုင်ဝန်ထမ်းတစ်ဦးအဖြစ် ၂၀၁၅ ခုနှစ် ဩဂုတ်လဦးတွင် စတင်အလုပ်ဝင်ခဲ့ကြောင်း၊ ကိုဇော်ဇော်သိန်းမှ စာရင်းကိုင်ဝန်ထမ်းအဖြစ် ဆောင်ရွက်စဉ်အတွင်း ဝါးပိုးကြီးကျေးရွာရှိ မိသားစုနေအိမ်မှာ ရေကြီးရေမြုပ်ကာပျက်စီးသဖြင့် ပြင်ဆင်ရန် ငွေလိုကြောင်း အကြောင်းပြ၍ လုပ်ခလစာ ကြိုတင်ထုတ်ငွေ ၁၅သိန်းကို HEIN GLOBAL TRADING Co.,Ltd. Managing Director ၏ ခွင့်ပြုချက်ဖြင့် မြဝတီမြို့ရှိ တာဝန်ခံ ဦးဘိုဘိုထွန်းထံမှ ငွေလက်ခံရရှိကြောင်း ကိုဇော်ဇော်သိန်းက လက်မှတ်ထိုးကာထုတ်ယူခဲ့ကြောင်း ၁၄-၁၀-၂၀၁၅ ရက်တွင် ကုမ္ပဏီပိုင်ဂိုဒေါင်တွင် နေထိုင်လုပ်ကိုင်ရင်းမှ တာဝန်ခံအား အကြောင်းကြားခြင်းမရှိဘဲ ထွက်ခွာသွားကြောင်းသိရှိရသည်။

HEIN GLOBAL TRADING Co.,Ltd. ၏ တာဝန်ခံဦးဘိုဘိုထွန်းထံမှ ငွေ၁၅သိန်းကို ကိုဇော်ဇော်သိန်းက ကြိုတင်ထုတ်ယူထားပြီးနောက်တွင် အကျိုးအကြောင်းတစ်စုံတစ်ရာဖြေရှင်းတင်ပြမှုမရှိဘဲ ကုမ္ပဏီလုပ်ငန်းခွင်မှ တိတ်တဆိတ်ထွက်ခွာသွားခြင်းမှာ တာဝန်မဲ့ လုပ်ရပ်ဖြစ်ပြီး ကုမ္ပဏီအကျိုးစီးပွားအတွက် ထိခိုက်သဖြင့် ကိုဇော်ဇော်သိန်းအား ကုမ္ပဏီဝန်ထမ်းအဖြစ်မှ ယနေ့မှစပြီး အပြီးအပိုင်ရပ်စဲလိုက်ကြောင်း၊ ကိုဇော်ဇော်သိန်းမှ ထိုငွေကိစ္စအတွက် အမြန်ဆုံးလာရောက်ဖြေရှင်းမှုပြုရန်နှင့် လာရောက်ဖြေရှင်းမှုမရှိပါက တည်ဆဲဥပဒေတို့နှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဟု ကိုဇော်ဇော်သိန်း သိစေရန် ကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမိုးဇော် တရားလွှတ်တော်ရှေ့နေ**
**မြဝတီမြို့**

---

## သူငယ်ချင်းတို့ရေ-

တို့အပတ်စဉ်ရဲ့ (၁၇)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်များအတိုင်း ကျင်းပပို့စီစဉ်ထားပါတယ်။ သူငယ်ချင်းများမှ မိသားစုများနှင့်အတူ မပျက်မကွက်တက်ရောက်ပေးနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

၁။ **ဆွမ်းဆက်ကပ်လှူဒါန်းခြင်း**
**နေရာ** ။ ရွှေတောင်ကျောင်းဓမ္မရိပ်သာ၊ ကျောက်တော်ကြီးဘုရားလမ်း၊ အမှတ်(၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
**ရက်စွဲ** ။ ၃၀-၁၀-၂၀၁၅ ရက်
အချိန် ။ နံနက် ၁၀ နာရီ

၂။ **ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပခြင်း**
**နေရာ** ။ တပ်မတော်ဂေါက်ကွင်း၊ မင်္ဂလာဒုံ
**ရက်စွဲ** ။ ၃၀-၁၀-၂၀၁၅ရက်
**အချိန်** ။ မွန်းတည့် ၁၂း၀၀ နာရီ

၃။ **မိတ်ဆုံညစာစားပွဲနှင့် ဆုချီးမြှင့်ပွဲ**
**နေရာ** ။ အမှတ်(၁၅)၊ ပေါ်ဆန်းမွှေးလမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်
**ရက်စွဲ** ။ ၃၁-၁၀-၂၀၁၅ ရက်
**အချိန်** ။ ညနေ ၆ နာရီ

**ဆက်သွယ်ရန်**

အေးမင်းစိုး ဖုန်း-၀၉-၅၅၀၅၅၇၉၊ အောင်မျိုးထွန်း ဖုန်း-၀၉-၅၁၉၉၉၁၆၊ ကျော်သက်နိုင် ဖုန်း-၀၉-၇၃၈၆၁၂၄၅၊ သန်းထွဋ် ဖုန်း-၀၉-၅၀၆၂၈၅၂၊ အောင်မျိုးမြင့် ဖုန်း-၀၉-၅၁၉၄၆၁၈၊ မင်းညွန့်အောင် ဖုန်း-၀၉-၅၀၃၁၆၀၀၊ ကျော်လင်းထွေး ဖုန်း-၀၉-၄၃၁၃၈၆၈၆

**အခမ်းအနားကျင်းပရေးဦးစီးကော်မတီ**
**တေဇ(၂၅)**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၉၇၆၁၃ Honda Click 125 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဝင်းအောင် ၉/မတရ(နိုင်)၀၁၄၅၆၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၅၃၀၁၅ Super Sumbo 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လဲ့လဲ့ဆွေ ၉/ခအဇ(နိုင်)၀၂၃၃၅၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၅၂၀၆၆ STAR SKY 125,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒာမြင့် ၉/ခအဇ(နိုင်)၀၂၆၃၁၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၄၄၃၂၈ Honda Click 110, M/Cယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆွေဆွေလွင် ၉/မဟမ(နိုင်)၀၂၆၄၉၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၄၆၁၈၄ Yonde 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝဏ္ဏအောင် ၉/ခအဇ(နိုင်)၀၂၈၃၂၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

---

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5H/3146 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၃)၊ ဦးပိုင်အမှတ် (၃)၊ ၅၃×၅၄လမ်း၊ ကျန်စစ်သားလမ်းနှင့် မဟာဗန္ဓုလလမ်းကြားရှိ အစိုးရအမည်ပေါက်ဖြစ်ပြီး ဒေါ်သောင်းအမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ ဒေါ်သောင်းသည် ဦးချစ်မောင်နှင့် အိမ်ထောင်ကျပြီး (သား)မောင်ကျော်ကျော်လင်းနှင့်(သမီး) ဒေါ်အမာကြည်တို့နှစ်ဦးကို မွေးဖွားခဲ့ပါသည်။ ဖခင်ဦးချစ်မောင်၊ မိခင်ဒေါ်သောင်း(သား) မောင်ကျော်ကျော်လင်း(လူပျိုကြီးဘဝ)ဖြင့် အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သောသမီးဖြစ်သူဒေါ်အမာကြည် ၉/မနတ(နိုင်)၀၈၆၀၈၀ မှ မြေချထားမိန့်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ ဂရန်သစ်၊ အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နတ်မောက်မြို့နယ်၊ ရွာမွန်ကျေးရွာနေ ကျွန်တော်ဦးဖြူသန်း(ခ)ဦးအုံးငွေ အမိဒေါ်စောနုတို့၏ သားဖြစ်သူ မောင်ကြည်ဆွေ ၈/နမန(နိုင်)၁၅၄၈၉၁သည် မိဘများစိတ်ဆင်းရဲအောင်၊ ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးဖြူသန်း(ခ)ဦးအုံးငွေ**

# ရွှေပါရမီ ပညာရေးဖောင်ဒေးရှင်း

## တက္ကသိုလ်ပညာသင်ဆုလျှောက်ထားနိုင်

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင်သော ရွှေပါရမီပညာရေးဖောင်ဒေးရှင်း၏ စတုတ္ထအကြိမ်မြောက် တက္ကသိုလ်ပညာသင်ဆုကို '၂၀၁၅' တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်၍ ရန်ကုန်ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် ရန်ကုန်သူနာပြုတက္ကသိုလ်တို့သို့ တက်ရောက်ပညာသင်ကြားရန် အခက်အခဲရှိသော ကျောင်းသား၊ ကျောင်းသူများ လျှောက်ထားနိုင်ပါသည်။ လျှောက်ထားလိုသူသည်

(၁) လိုင်စင်ဓာတ်ပုံ(၃)ပုံ၊ မိသားစုဓာတ်ပုံနှင့် နေအိမ်ဓာတ်ပုံ
(၂) ကိုယ်ရေးအချက်အလက်အပြည့်အစုံ
(၃) မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ
(၄) တက္ကသိုလ်ဝင်တန်း အမှတ်စာရင်းမိတ္တူ
(၅) သက်ဆိုင်ရာတက္ကသိုလ်ဝင်ခွင့်မိတ္တူ
(၆) မိဘအလုပ်အကိုင်နှင့် ဝင်ငွေ
(၇) ညီအစ်ကိုမောင်နှမများ၏ အလုပ်အကိုင်၊ ဝင်ငွေနှင့် ပညာရေး
(ဥပမာ - ကျောင်းသားဖြစ်ပါက တက်ရောက်ပညာသင်ကြားနေသည့် အတန်း၊ တက္ကသိုလ် အပြည့်အစုံ)
(၈) မိမိကိုယ်တိုင်၊ မိဘ၊ အခြားယုံကြည်ထိုက်သူတစ်ဦး၊ စုစုပေါင်းသုံးဦးတို့၏ ပညာသင်ဆု လျှောက်ထားရခြင်းအကြောင်း ရှင်းလင်းတင်ပြချက် (ကိုယ်တိုင်လက်ရေးအသီးသီးဖြင့်)
(၉) ကျောင်းစာပြင်ပလှုပ်ရှားမှုနှင့် အောင်မြင်မှုများ(အထောက်အထားမိတ္တူဖြင့်)
(၁၀) ဘဝရည်မှန်းချက် (ကိုယ်တိုင်လက်ရေးဖြင့်)
(၁၁) ဆရာတော်အရှင်ဆန္ဒာဓိက၏ စာအုပ်များ ဖတ်ဖူးပါက မည်သည့်စာအုပ်ကို မည်သည့်အတွက်ကြောင့် အနှစ်သက်ဆုံးဖြစ်ကြောင်း နားလည်ခံစားချက် (ကိုယ်တိုင်လက်ရေးဖြင့်)တို့ကို 'ရွှေပါရမီပညာရေးဖောင်ဒေးရှင်း၊ အမှတ်(၆၁)၊ မြေညီထပ်၊ စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့'သို့ ဒီဇင်ဘာလ (၁၅) ရက်နေ့ နောက်ဆုံးထားပေးပို့၍ လျှောက်ထားနိုင်ပါသည်။

လျှောက်ထားသူများအနက် အလိုအပ်ဆုံးသူများကို လူတွေ့မေးမြန်းခြင်း၊ ကွင်းဆင်းလေ့လာခြင်းတို့ဖြင့် စနစ်တကျ စိစစ်ရွေးချယ်၍ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရန်ကုန်မြို့၌ အခမ်းအနားဖြင့် ပညာသင်ဆု ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပါသည်။

မှတ်ချက် ။ ။ အချက်အလက်မပြည့်စုံသောလျှောက်လွှာများ လုံးဝထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

ရွှေပါရမီပညာရေးဖောင်ဒေးရှင်း



# အလှူရှင် ဒါယကာ ဒါယိကာမများအား အသိပေးကြေညာခြင်း



စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးဝမြို့နယ်၊ မဟာမြိုင်တောအတွင်းရှိ ဒီပါအေးမြကုန်းတော်တွင် မော်ဘီမြို့နယ်၊ သဲဖြူတောရ ဆရာတော်ဦးပညာဇောတမှဦးစီး၍ တည်ထားကိုးကွယ်လျက်ရှိသော တစ်ရာ့ရှစ်တောင်အမြင့်ဆောင်သည့် သာသနာ့ထွဋ်ခေါင် လေးကျွန်းရန်အောင် စေတီတော်မြတ်ကြီးသည် ယခုအခါ လုံးတော်ပြည့်ပြီးစီးလုနီးပါးဖြစ်၍ အရန်စေတီတော်များ တည်ထားခြင်းနှင့် အချောသတ်လုပ်ငန်းများသာ ကျန်ရှိပါသည်။

မကြာမီကာလအတွင်း ထီးတော်တင်လှူပွဲကြီး ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ယခုအချိန်တွင် စေတီတော်ကြီး၏ ကုန်ကျစရိတ်နှင့် လှူဒါန်းမှုအစုစုတို့အား စာရင်းပြုစုနေပါသည်။ သို့ပါသောကြောင့် စေတီတော်ကြီးတည်ထားကိုးကွယ်ရာတွင် ပါဝင်လှူဒါန်းကြသော အလှူရှင်များအား စာရင်းပြုစု၍ မော်ကွန်းကျောက်စာကမ္ပည်းရေးထိုးရာတွင် မကျန်ရှိစေရန်အတွက် လှူဒါန်းထားကြသော လှူဒါန်းငွေအစုစု၊ ယာဉ်၊ ယန္တရားစက်ပစ္စည်းဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ အရန်စေတီများအစရှိသည့် လှူဖွယ်ပစ္စည်းအစုစုတို့အား ဆရာတော်ထံ တိုက်ရိုက်လှူဒါန်းသည်ဖြစ်စေ၊ တစ်ဆင့်လှူဒါန်းသည်ဖြစ်စေ၊ ဘဏ်အကောင့်များမှ လှူဒါန်းသည်ဖြစ်စေ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

စေတီတော်မြတ်ကြီးနှင့် သာသနိက အဆောက်အအုံများအတွက် ထပ်မံလှူဒါန်းကြသော အလှူရှင်များသည်လည်း ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်လက်လှူဒါန်းနိုင်ကြပါသည်။

ဦးရေဝတ - ဖုန်း-၀၉-၇၉၂၈၇၆၂၀၆
ဆရာလေးဒေါ်ပုည - ဖုန်း-၈၆၀၁၇၅၁
ဆရာလေးဒေါ်ပညာ - ဖုန်း-၀၉-၃၀၃၂၉၅၇၂
မဟာမြိုင် ရုံး - ဖုန်း-၀၉-၈၆၃၅၆၀၃
- ဖုန်း-၀၉-၆၄၇၂၈၇၆၊ ၀၁-၃၃၃၁၅၈၅၊ ၀၉-၂၆၀၀၀၃၇၀၀

ဆရာတော် ဦးပညာဇောတ
မဟာမြိုင်တော
ကလေးဝမြို့နယ်

# Congratulations

## Grand Jade Hotel and Shopping Mall (Myeik)




(၂၈.၁၀.၂၀၁၅)
သီတင်းကျွတ်လပြည့်နေ့တွင်
အောင်မြင်စွာ ဖွင့်လှစ်နိုင်ပါ၍
အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်
ဆတက်ထမ်းပိုးအောင်မြင်ပါစေကြောင်း
ဆုမွန်ကောင်း တောင်းလျက်

CAMERA BABY WORLD
YAMASU

ဦးအင်စိုး + ဒေါ်နှိုင်နှိုင်မွန် မိသားစု
Minn Tun Trading Co.,Ltd

# ဦးနိုင်ဝင်း ၁၂/ဒပန(နိုင်)၀၂၉၁၈၄ နှင့် ဒေါ်အေးအေးနု ၁၂/သဃက(နိုင်)၀၅၃၉၂၄ တို့သိစေရန်

ကျွန်တော်၏မိတ်ဆွေ ဦးလင်းနိုင်ဦး ၁၂/ဒလန(နိုင်)၀၄၉၁၁၀ သည် အိမ်ဆောက်ပစ္စည်းများ ဝယ်ယူလိုသည့်အတွက် ဦးနိုင်ဝင်းနှင့် ဒေါ်အေးအေးနုထံသို့ ငွေကျပ် ၁၅၀၀၀၀၀၀ိ/-(ကျပ်သိန်းတစ်ရာ့ငါးဆယ်တိတိ)ကို ၂၄-၄-၂၀၁၄ရက်တွင် ပေးအပ်ထားခဲ့ကြောင်းနှင့် ဦးနိုင်ဝင်းနှင့် ဒေါ်အေးအေးနုတို့သည် အိမ်ဆောက်ပစ္စည်းများကို ဝယ်ယူပေးအပ်ခြင်းမပြုသည့်အပြင် ရယူသွားသောငွေများကိုလည်း ဦးလင်းနိုင်ဦးထံသို့ ပြန်လည်ပေးအပ်ခြင်းမရှိကြောင်း သိရပါသည်။ သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ငွေ ၁၅၀၀၀၀၀၀ိ/-(ကျပ်သိန်းတစ်ရာ့ငါးဆယ်တိတိ)ကို ဦးလင်းနိုင်ဦးထံသို့မပျက်မကွက်လာရောက်ပြီး ပြန်လည်ပေးအပ်ပါရန် တောင်းဆိုပါသည်။ မပေးအပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်း အသိပေး တောင်းဆိုအပ်ပါသည်။

ဦးလင်းနိုင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှိုင်ဘွား
တရားလွှတ်တော်ရှေ့နေ
စဥ်-၈၁၃၀
အမှတ် ၅၀ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၈၅၅၂၂၀၄

# သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အမှတ်(၃)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အိမ်အမှတ် ၁၆/ကနေ ဒေါ်သန်းရီ ၁၂/မရက(နိုင်)၀၈၃၂၄၅ ၏သား မောင်ဇော်မင်း ၁၂/မရက(နိုင်)၁၀၈၉၉၆ သည် မိခင်ဖြစ်သူအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုမူနေပါသဖြင့် ၂၄-၁၀-၂၀၁၅ ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်မယူပါကြောင်း။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

မိခင်-ဒေါ်သန်းရီ ၁၂/မရက(နိုင်)၀၈၃၂၄၅
အမှတ် ၁၆/က၊ အောင်သိဒ္ဓိလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

# သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျိုက်ထိုမြို့ (တောင်ပိုင်း)၊ သီတာလမ်းနေ ဦးလှတင်-ဒေါ်တင်လှတို့၏ တစ်ဦးတည်းသောသား မောင်ငြိမ်းလတ် (၁၀/ကထန(နိုင်)၀၀၀၆၄၀) သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိ၏ သဘောဆန္ဒအလျောက် မိဘတို့၏ ဂုဏ်သိက္ခာညှိုးနွမ်းအောင် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း၊ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးလှတင်-ဒေါ်တင်လှ

# ဦးအောင်ကျော်ညွှန့် ၁၂/သလန(နိုင်)၀၁၅၂၆၅ သိစေရန်

ဦးမြင့်ကြည် ၁၂/မဘန(နိုင်)၀၄၅၁၈၃မှပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၀)ရပ်ကွက်၊ မြတ်မင်္ဂလာလမ်း၊ ဦးပိုင်အမှတ်(၃၃/၁) ဧရိယာ ၄ဒသမ ၂၈ကေရှိ မြေကွက်ကို ဦးအောင်ကျော်ညွှန့် ၁၂/သလန(နိုင်)၀၁၅၂၆၅ မှ တန်ဖိုးငွေကျပ် (၉၀၀,၀၀၀၀ိ/-)(ကျပ်သိန်းကိုးရာတိတိ)ဖြင့်ဝယ်ယူရန် သဘောတူပြီး ၁၈-၃-၂၀၁၅ ရက်တွင် ဦးမြင့်ကြည်ထံသို့ စရန်ငွေကျပ် (၁၀၀,၀၀၀၀ိ/-)(ကျပ်သိန်းတစ်ရာတိတိ)ကို ပေးထားကြောင်း၊ ကျန်ငွေများကို ၁၆-၉-၂၀၁၅ ရက်တွင် ပေးချေရန်ဖြစ်ကြောင်း၊ ကျန်ငွေပေးချေရန်ပျက်ကွက်ပါက စရန်ငွေအဆုံးရှုံးခံရမည်ဖြစ်ကြောင်း စာချုပ်ဖြင့် သဘောတူထားသည်ကို သိရှိရပါသည်။ ဦးအောင်ကျော်ညွှန့်သည် ၁၆-၉-၂၀၁၅ ရက်တွင် ကျန်ငွေများကို လာရောက်ပေးချေရန်ပျက်ကွက်ခဲ့ပြီး ယနေ့ချိန်ထိ လာရောက်ဆက်သွယ်ခြင်းမရှိပါသောကြောင့် ဦးမြင့်ကြည်နှင့် ဦးအောင်ကျော်ညွှန့်တို့ ချုပ်ဆိုထားကြသော ၁၈-၃-၂၀၁၅ရက်စွဲပါ စရန်ပေးကတိစာချုပ်ကို ဦးမြင့်ကြည်ဘက်မှ ဖျက်သိမ်းကြောင်းနှင့် ရယူထားပြီးသည့် စရန်ငွေများကိုလည်း ပြန်လည်ပေးအပ်မည်မဟုတ်တော့ကြောင်း သိစေအပ်ပါသည်။

ဦးမြင့်ကြည် ၁၂/မဘန(နိုင်)၀၄၅၁၈၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှိုင်ဘွား
တရားလွှတ်တော်ရှေ့နေ
စဥ်-၈၁၃၀
အမှတ် ၅၀၊ဒုတိယထပ်၊ဘဏ်လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း-၀၉-၈၅၅၂၂၀၄






ဒီဇယ်းမောတ်ဆီ
စက်ပြင်သင်တန်း
(နေထိုင်မှုအခမဲ့)
၂၂အနောက်မြင်းခြံကွင်းလမ်း၊
တာမွေမီးပွိုင့်အနီး၊ရန်ကုန်မြို့။
ဖုန်း- ၄၀၀၆၃၄ ၊ ၅၄၄၉၂၄
၀၉ ၅၀၅၂၁၁၅



ဟိုက်ဒြောလစ်/လေဖိအား
Fully Auto အုတ်ရိုက်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
(၆၇)၊ သံသုမာလမ်း၊ သုဝဏ္ဏသွားဆေးတက္ကသိုလ်အနီး။
09 420035882, 09 73199410
09 420035884, 09 73199257


## အမြန်ရောင်းမည်

ပဲခူးမြို့၊ မြို့လယ်ခေါင်၊ ရွှေမော်ဓောဘုရားအနီး၊ စီးပွားရေးလုပ်ရန်နေရာကောင်း (ဘိုးဘွားပိုင်မြေ) ၂၆ပေ×၁၉၈ပေ အုတ်တံတိုင်းခတ်ပြီး အုတ်ခံ၊ ပျဉ်ထောင်နှစ်ထပ်၊ အိမ်အသင့်နေနိုင်၊ ရေ၊ မီး၊ ဖုန်းပါ။

**ဆက်သွယ်ရန်ဖုန်း-၀၉-၅၄၁၄၃၆၃၊ ဈေးနှုန်း-သိန်းခုနစ်ထောင်ငါးရာ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၆၃၇၂၄ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝါဝါဦး ၉/ခမစ(နိုင်)၀၄၄၆၄၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဒေါ်ကလျာမျိုးဝင်း (၇/ဒဥန (နိုင်)၁၂၄၃၉၁) နှင့် အများသိစေရန်

ဒေါ်ဘောဘီခိုင် (MDYNE - ၀၁၇၇၅)နှင့် ဒေါ်သန်းသန်းဆင့် (၁၂/အစန (ပြု) ၀၀၀၁၉၆) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ သိစေအပ်ပါသည်။

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော်ဘွားကြီးကုန်း၊ (၁၀)မိုင်၊ နဂဒေးလမ်း၊ အမှတ်(၇၉/၈၀)ဟု ခေါ်တွင်သောမြေနှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်သည် လည်းကောင်း၊ အာရှပလတ်စတစ်လုပ်ငန်းသည်လည်းကောင်း၊ ဒေါ်ကလျာမျိုးဝင်း နှင့် သက်ဆိုင်မှုမရှိပါ။ ထို့ပြင် ဒေါ်ကလျာမျိုးဝင်းတို့၏ ပြုလုပ်မှုဆောင်ရွက်မှု တို့သည် ဒေါ်ဘောဘီခိုင်နှင့် ဒေါ်သန်းသန်းဆင့်တို့နှင့်ပတ်သက်မှု မရှိသကဲ့သို့ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်သွယ်သွယ်ဇ (LL.B,LL.M)
(တရားလွှတ်တော်ရှေ့နေ)
Win & Associates Legal Practitioner Group
အမှတ် (၁၂၄)၊ ဒုတိယထပ်၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၃၉၁၂၇၅၊ ၀၉-၅၁၄၃၁၇၀၊ ၀၉-၅၀၃၅၄၇၆။






## အထွေထွေကိုယ်စားလှယ်လွှဲစာ (GP)ပြန်လည်ရုပ်သိမ်းခြင်း

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ ကံသာအုပ်စု၊ ကံသာရွာနေ ဦးမင်းမင်းထွန်း (ဘ)ဦးစောမောင် ၇/နတလ(နိုင်)၀၃၆၃၉၉သည် ဒေါ်သန္တာမြင့် (ဘ)ဦးမြင့် ၇/ပခန(နိုင်) ၁၈၉၁၂၁အား နတ်တလင်းမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၁၄-၂-၂၀၀၇ရက်၌ လွှဲအပ်ခဲ့သည့် မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာ စာချုပ်အမှတ် ၆/၂၀၀၇ကို ယနေ့မှစ၍ အပြီးအပိုင် ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းမင်းထွန်း၏ ညွှန်ကြားချက်ဖြင့်-**

**ဒေါ်ခင်နှင်းခိုင် LL.B** — **ဒေါ်မြင့်မြင့်အေး LL.B**
**အထက်တန်းရှေ့နေ(စဉ်-၄၀၇၆၀)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၄၄၄၁)**
**အမှတ် ၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄ (မြောက်) မြေကွက်အမှတ်-၇၅/က၊ မြေကွက် တည်နေရာအမှတ်-၇၅/က၊ မြို့မ (၁၄) လမ်း၊ (၄)မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ၁။ ဦးသန်းဦး [၁၂/သကတ(နိုင်)၀၄၂၄၅၈] ၂။ ဒေါ်မြခင် [ISN ၄၄၉၉၅၈] အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား အမည်ပေါက် ဦးသန်းဦး၊ ဒေါ်မြခင်တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၈၆၂၂/ ၂၀၁၅ ရသူ ဦးဝင်းဇော် [၁၂/ကတန(နိုင်)၀၆၅၇၉၆] မှ ဘာဏ်ချေးရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်အရ ၁၉၉၈ ခုနှစ်တွင် ဦးသန်းဦး+၁ မှ အပိုင်ပေးမြေပုံကူးယူခဲ့ခြင်းနှင့် ပတ်သက်၍ ယင်းမြေပုံပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြလာသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အထူးကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းခြင်း

မြဝတီမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ (၅၃-အေ)မြန်မာနန်းအကွက်၊ မြေကွက်အမှတ် ၂၇၉၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ အိမ်ခြံမြေနှင့်ပတ်သက်၍ သက်ဆိုင်ရာရုံး/ဌာနနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ တာဝန်ယူဖြေရှင်းခြင်း၊ မြေငှားဂရန်လျှောက်ထားခြင်း၊ အရောင်းအဝယ်ကိစ္စရပ်များဆောင်ရွက်ခြင်းနှင့် အခြားသောကိစ္စအရပ်ရပ်တို့ကို ကိုယ်တိုင် ဆောင်ရွက်သကဲ့သို့ ဆောင်ရွက်နိုင်ရန် ဒေါ်နန်းသင်းသင်းဖြူ၊ ၃/ဘအန(နိုင်)၁၉၇၃၄၂ ကို အထူးကိုယ်စားလှယ်အဖြစ် လွှဲအပ်ထားခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒုတပ်ကြပ်ဝင်းလတ်(ဘ)ဦးတင်လှ ၃/ဖပန(နိုင်)၀၀၀၁၅၅**




# နှစ်စဉ်စည်ကားသိုက်မြိုက်စွာကျင်းပမြဲ ပျဉ်းမနားမြို့က နှစ်ကျိပ်ရှစ်ဆူဘုရားပွဲ

**သတင်းဆောင်းပါး-သိမ့်သိမ့်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မျိုးဇေယျာ(ပျဉ်းမနား)**

နေရောင်ခြည်အပူချိန်တဖြည်းဖြည်းကျဆင်းလာချိန်မှာပဲ ဝတ်ဖြူတော်အသင်းတွေ လှုပ်လှုပ်ရွရွနဲ့ တစ်သင်းနဲ့တစ်သင်း အပြိုင်အဆိုင် ပြင်ဆင်နေကြပါပြီ။ နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ ပျဉ်းမနားမြို့က နှစ်ကျိပ်ရှစ်ဆူဘုရားပွဲမှာ ဘုရားကားတွေကို မိဘပြည်သူတွေကြည်ညိုသဒ္ဓါပွားများစွာနဲ့ ဖူးမြော်နိုင်ဖို့အတွက် လှည့်လည်အပူဇော်ခံဖို့ ဝတ်အသင်းသားတွေက ကိုယ့်ဝတ်အသင်း အနိုင်ရအောင် ကြိုတင်ပြင်ဆင်နေကြတာ ဖြစ်ပါတယ်။

"ဒူ ဒူ ဒူ ပလုတ်တုတ်တုတ် ဒူ-----ဆိုပြီး နှစ်ဖက်သားရေနဲ့ကျပ်ထားတဲ့ ဗုံရှည် (ဗျိုင်းတောင်)နဲ့ လင်းကွင်း၊ ဒိုးပတ်နဲ့မောင်း၊ အဲဒီကတည်းက ပျဉ်းမနား နှစ်ကျိပ်ရှစ်ဆူဘုရားပွဲဖြစ်ပေါ်လာတာ။ အဲဒီခေတ်က တီးဝိုင်းဆိုတာတောင် မပေါ်သေးဘူး" လို့ ပျဉ်းမနားမြို့ ရန်အောင်(၂)ဝတ်ဖြူတော်အသင်းမှ ဦးအောင်မြင့်က သူငယ်စဉ်ဘဝက နှစ်ကျိပ်ရှစ်ဆူဘုရားပွဲအကြောင်းကို ပြောပြပါတယ်။

"ဒီပျဉ်းမနားမြို့မှာ နှစ်ကျိပ်ရှစ်ဆူပွဲတော်ကြီးဟာ နှစ်ပေါင်းမြောက်မြားစွာကတည်းက ကျင်းပလာတာ

*စာမျက်နှာ ၈ ကော်လံ ၁* ❁

## ယနေ့ ဖတ်စရာ

**နိုင်ငံတော်သမ္မတ ထံသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရေးအတွက် မေတ္တာရပ်ခံ**

စာမျက်နှာ-၃

**တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)၌ ထားရှိရန် ဂျပန်နိုင်ငံမှ ပင်ဂွင်ငှက် ၁၀ ကောင် ဝယ်ယူမည်**

စာမျက်နှာ-၁၀

## လေဖိအားနည်းရပ်ဝန်းကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၇**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ မိုးလေဝသတိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများနှင့် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့ မွန်းလွဲမှ နောက်ငါးရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

**(မြန်မာ့အလင်း)**

# မြန်မာယူ-၂၁ အသင်း ခြေစမ်းပွဲ၌ ရန်ကုန်ကို ရှုံးနိမ့်

**ရန်ကုန် အောက်တိုဘာ ၂၇**

ဗီယက်နမ် ယူ -၂၁ ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာယူ-၂၁ အသင်းနှင့် ၂၀၁၅ ရာသီ MNL ချန်ပီယံ ရန်ကုန်အသင်းတို့မှာ ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ခြေစမ်းကစားခဲ့ရာ ရန်ကုန်အသင်းက နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာ့လက်ရွေးစင်တိုက်စစ်မှူး သန်းပိုင်အပါအဝင် ယူ-၂၀၊ ယူ-၁၉ အသင်းတို့မှကစားသမားအများစုဖြင့် ဖွဲ့စည်းထားသည့် ယူ-၂၁ အသင်းမှာ ပထမဆုံး ခြေစမ်းပွဲတွင် ကစားသမားသစ်များကို အဓိက စမ်းသပ်ပွဲထုတ်ခဲ့သည်။

ယူ-၂၁ အသင်းမှာ ဘုန်းသစ္စာမင်း(ဂိုး)၊ နန်းဝေမင်း၊ သိန်းဇော်၊ ရဲရင့်အောင်၊ မျိုးကိုထွန်း၊ ရန်နိုင်ဦး၊ သန်းပိုင်၊ အောင်ဇင်ဖြိုး စသည့် ကစားသမားများဖြင့် ပွဲထွက်ခဲ့ပြီး သီဟထက်အောင်၊ မောင်မောင်လွင်၊ ကျော်ဇေယျစသည့် ကစားသမားများကို လူစားလဲခဲ့သည်။ ယခုပွဲကို မိနစ် ၃၀ သုံးပိုင်းခွဲကာ ယှဉ်ပြိုင်ကစားခဲ့ပြီး ပထမပိုင်း တွင် ဂိုးမရှိ သရေကျနေသည်။ ဒုတိယပိုင်းတွင် မြန်မာ ယူ-၂၁ အသင်း တိုက်စစ်ကစားပုံ ပိုကောင်းလာပြီး ၄၇ မိနစ်တွင် ကျော်ဇေယျက ပြစ်ဒဏ်ဘောမှတစ်ဆင့် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ တတိယပိုင်းတွင် ရန်ကုန်အသင်း ကစားပုံ ပိုကောင်းလာပြီး ယူ-၂၁ အသင်းဘက်သို့ ဖိအားပေးလာနိုင်သည်။ ၇၄ မိနစ်တွင် သီဟဇော်၏ အဝေးကန်ချက်ဖြင့် ရန်ကုန်အသင်း ချေပဂိုးပြန်ရခဲ့ပြီး အနိုင်ဂိုးကို ၈၂မိနစ်တွင် အောင်ကျော်ထွေးက သွင်းယူခဲ့သည်။

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ရွှေ့ဆိုင်းပွဲစဉ်ဖြစ်သည့် ရောဝတီအသင်းနှင့် မကွေးအသင်းတို့ပွဲကို အောက်တိုဘာ ၂၈ ရက်**(ယနေ့)** ညနေ ၃ နာရီခွဲတွင် ပုသိမ်မြို့ရှိ ကျောက်တိုင်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

www.facebook.com/MYANMAALINNEWS
mmalin.npt@gmail.com
မြန်မာ့အလင်း



မြန်မာ့အလင်း
ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁-၂၀၁၅
အောက်တိုဘာ ၂၈၊ ၂၀၁၅ (ဗုဒ္ဓဟူးနေ့)





## ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ဖို့

ကျွန်တော်တို့တိုင်းပြည်ကို ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုအဖြစ် ပြောင်းလဲတည်ဆောက်ရာမှာ အခြေခံကောင်းတွေရှိနေဖို့ လိုအပ်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ဒေသခံတိုင်းရင်းသားပြည်သူများရဲ့ အကျိုးစီးပွားကို ဦးတည်တဲ့၊ မျှတမှုလည်းရှိတဲ့ ဘဏ္ဍာငွေအခွန်အကောက်ခွဲဝေမှု၊ လုပ်ပိုင်ခွင့်အာဏာခွဲဝေမှုတွေကို ဇယား(၁)နဲ့ ဇယား(၂)တို့မှာ ပြင်ဆင်နိုင်ဖို့ ဦးစားပေးညှိနှိုင်းလုပ်ဆောင်နေပါတယ်။ (နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင် ပြောကြားသည့် ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)

# မုန်တိုင်းဒီရေဝင်ရောက်မှု ကြိုတင်သိရှိရန် မိုးလေဝသရေဒါများ တပ်ဆင်ဆောင်ရွက်

**ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်**

**Pioneer Aerodrome Services Consortium ကုမ္ပဏီနှင့် Concession Agreement ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။**

စီမံကိန်းကာလ နှစ်နှစ်ဖြစ်ပြီး စီမံကိန်းပြီးစီးပါက တစ်နှစ်လျှင် ခရီးသည်ခြောက်သန်းအထိ တိုးတက်ကိုင်တွယ်နိုင်မည်ဖြစ်သည်။

**မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်**

Mitsubishi JALUX SPA Consortium ကုမ္ပဏီနှင့် Concession Agreement ကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။

စီမံကိန်းကို အဆင့် နှစ်ဆင့်ဖြင့် အကောင်အထည်ဖော်မည်ဖြစ်ပြီး စီမံကိန်းတစ်ခုလုံးပြီးစီးပါက တစ်နှစ်လျှင် ခရီးသည် ငါးသန်း၊ ကုန်စည်တန် ၈၀၀၀ ခန့်အထိ တိုးတက်ကိုင်တွယ်နိုင်မည်ဖြစ်သည်။

**ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်**

တင်ဒါအောင်မြင်သည့် JGC-Yangon CAI Consortium ကုမ္ပဏီနှင့် Concession Agreement ရေးထိုးနိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

စီမံကိန်းကို အဆင့် နှစ်ဆင့်ဖြင့် အကောင်အထည်ဖော်မည်ဖြစ်ပြီး ပထမအဆင့်တွင် ခရီးသည် ၁၂ သန်းနှင့် ဒုတိယအဆင့်ပြီးချိန်တွင် ခရီးသည် သန်း ၃၀ ကိုင်တွယ်ရန်မျှော်မှန်းထားသည်။

**လေကြောင်းဘေးကင်းလုံခြုံရေး**

ဂျပန်နိုင်ငံ၏ Grant Aid ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅၀ သန်းဖြင့် Project for Improvement of Nationwide Airport Safety and Security စီမံကိန်းကို ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း အကောင်အထည်ဖော်ခဲ့ပြီး ရန်ကုန်၊ မန္တလေး၊ ထားဝယ်၊ ညောင်ဦး၊ ဟဲဟိုးနှင့် သံတွဲလေဆိပ်များတွင် DVOR (Doppler VHF Omni Directional Radio Range), AGL (Aeronautical Ground Light), ETDs (Explosive Trace Detection System) နှင့် X'ray Machine (Cabin/Hold) များကို တပ်ဆင်နိုင်ခဲ့သည်။

## ပို့ဆောင်ရေးဝန်ကြီးဌာန

၂၀၁၄-၂၀၁၅ ခုနှစ်တွင် နိုင်ငံတော်ဘတ်ဂျက်မှ ကျခံပြီး စစ်တွေနှင့်လားရှိုးလေဆိပ်တို့တွင် DVOR / DME စက်တစ်စုံစီ တပ်ဆင်နိုင်ခဲ့သည်။ ***စာမျက်နှာ (ခ) သို့***



ရန်ကုန်ဆိပ်ကမ်း ကုန်တင်/ကုန်ချဆောင်ရွက်နေမှုကို တွေ့ရစဉ်။ (ဓာတ်ပုံ-ပို့ဆောင်ရေး)

# နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်ရေး ဓာတ်အားလိုင်းများနှင့် ခွဲရုံများချိတ်ဆက်ဖော်ဆောင်ခဲ့



မော်လမြိုင် (Myanmar Lighting) သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။ (ဓာတ်ပုံ-လျှပ်စစ်)

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

**၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၄-၂၀၁၅ ခုနှစ်အထိ ကာလအတွင်း တည်ဆောက်ပြီးစီးခဲ့သော ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ**

(၁) ကြီးအုံကြီးဝ (မကွေးတိုင်းဒေသကြီး)
(၂) ရွှေကျင်၊ ကွန်းချောင်း၊ ဖြူးချောင်းနှင့် သောက်ရေခပ်(၂) (ပဲခူးတိုင်းဒေသကြီး)
(၃) နန်ချို(ရှမ်းပြည်နယ်)
(၄) အထက်ပေါင်းလောင်း (မန္တလေးတိုင်းဒေသကြီး)
(၅) ဘီလူးချောင်း(၃) (ကယားပြည်နယ်)
(၆) ချီဖွေငယ် (ကချင်ပြည်နယ်)

အဆိုပါ စက်ရုံကိုးရုံမှ စက်တပ်ဆင်အင်အား ၇၀၀ မဂ္ဂါဝပ်ရှိသည်။

**သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများ**

(၁) အလုံ၊ ရွာမ(ဌာနပိုင်)၊ လှော်ကား၊ ရွာမ(IPP) နှင့် သာကေတတို့ရှိ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ (ရန်ကုန်တိုင်းဒေသကြီး)
(၂) မော်လမြိုင်ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ (မွန်ပြည်နယ်)
(၃) ကျောက်ဖြူရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ (ရခိုင်ပြည်နယ်)
(၄) ကျောက်ဆည်၊ မြင်းခြံရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ (မန္တလေးတိုင်းဒေသကြီး)

***စာမျက်နှာ (ဂ) သို့***

# ပြည်သူ့အတွက်ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁ – ၂၀၁၅



*ရှေ့ဖုံးမှ*

**မြန်မာအမျိုးသားလေကြောင်း**

မြန်မာအမျိုးသားလေကြောင်းသည် နိုင်ငံတော်ပိုင်လေကြောင်း (National Flag Carrier) ဖြစ်သည့်အတွက် ဒေသတွင်းရှိ နိုင်ငံပိုင်လေကြောင်းလိုင်းများနည်းတူ ဖွံ့ဖြိုးတိုးတက်လာရန် လက်ရှိပျံသန်းနေသော ပြည်တွင်းခရီးစဉ်များအပြင် ပြင်ပခရီးစဉ်များ ပျံသန်းနိုင်ရန်နှင့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရန် Corporatization ပြင်ဆင်ဖွဲ့စည်း ဆောင်ရွက်လျက်ရှိသည်။

လေယာဉ်လက်မှတ်ကို On-Line System ရောင်းချနိုင်ပြီဖြစ်ပြီး ခေတ်မီလေယာဉ်များ အစားထိုးနိုင်ရန်အတွက် အမေရိကန်နိုင်ငံ GECAS မှ Boeing 737-800 Ng- ခြောက်စင်းနှင့် Boeing 737- 800 Max-လေးစင်းငှားရမ်းခြင်း၊ သက်တမ်းရင့် ATR လေယာဉ်များနေရာတွင် အစားထိုးနိုင်ရန် ပြင်သစ်နိုင်ငံ ATR ကုမ္ပဏီမှ ATR-72-600-ခြောက်စင်းဝယ်ယူခဲ့သည်။

၁၇-၈-၂၀၁၅ ရက်နေ့တွင် ရန်ကုန်-စင်ကာပူ-ရန်ကုန်ခရီးစဉ်စတင်ပျံသန်းလျက်ရှိပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ဟောင်ကောင်နှင့် တိုင်ပေခရီးစဉ်များသို့ တိုးချဲ့ပျံသန်းရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ**

ဧရာဝတီမြစ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် မြစ်ကြောင်းတစ်လျှောက် တမံနိမ့်များတည်ဆောက်ရန် အကြံပြုလေ့လာမှုကို ဘယ်လ်ဂျီယံနိုင်ငံမှ SBE ကုမ္ပဏီနှင့်လည်းကောင်း၊ ဧရာဝတီမြစ်အထက်ပိုင်းနှင့် အလယ်ပိုင်းဒေသများရှိ ရေအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မစီမံချက်ဆိုင်ရာ အကြံပြုလေ့လာမှုကို ကိုရီးယားနိုင်ငံ၊ မြေယာအခြေခံအဆောက်အအုံနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်လည်းကောင်း၊ တွံတေးတူးမြောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်နိုင်ခြေလေ့လာမှုကို ကိုရီးယားနိုင်ငံမှ ISAN Corporation နှင့်လည်းကောင်း၊ ပဲခူးမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့လာမှုကို ထိုင်ဝမ်မှ Cheng Fong ကုမ္ပဏီတို့နှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ဘဏ်နှင့်ပူးပေါင်း၍ ဧရာဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးမှုစီမံကိန်းကဏ္ဍ သုံးရပ်ဖြစ်သည့် ရေအရင်းအမြစ်ဆိုင်ရာစီမံဖွဲ့စည်းမှု၊ သတင်းအချက်အလက်နှင့် စွမ်းဆောင်ရည်မြှင့်တင်မှု၊ မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ တိုင်းတာလေ့လာမှုနှင့် ဧရာဝတီမြစ်ကြောင်း ဖွံ့ဖြိုးမှုတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

**အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတား ၃၂ စင်း**

နိုင်ငံတော်၏ ရေကြောင်းပို့ကုန်/ သွင်းကုန်ပမာဏ ၈၀ ရာခိုင်နှုန်းကျော်ကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဆိပ်ခံတံတားများနှင့် ပုဂ္ဂလိကပိုင်ဆိပ်ခံတံတားများမှ ကိုင်တွယ်ဆောင်ရွက်လျက်ရှိသည်။

လက်ရှိတွင် ရန်ကုန်ဆိပ်ကမ်းဒေသ၌ အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတား ၂၃ စင်း၊ သီလဝါဆိပ်ကမ်းဒေသ၌ အပြည်ပြည်ဆိုင်ရာဆိပ်ခံတံတား ကိုးစင်း စုစုပေါင်း ၃၂ စင်းရှိပြီဖြစ်သည်။

ဆိပ်ကမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပုဂ္ဂလိကပါဝင်မှုကိုမြှင့်တင်ခဲ့ရာ လက်ရှိအချိန်အထိ တံတား၏ အလျားအရှည်အလိုက် ပိုင်ဆိုင်မှုအချိုးမှာ နိုင်ငံတော်က ၁၈ ရာခိုင်နှုန်း၊ ပုဂ္ဂလိကက ၈၂ ရာခိုင်နှုန်းဖြစ်သည်။

**နေ့စဉ် ခရီးသည်သုံးသောင်းခန့်**

ဂျပန်နိုင်ငံအစိုးရ အထောက်အပံ့ ဂျပန်ယန်း ၁၁၆၈ သန်းဖြင့် "ချယ်ရီ" ကူးတို့ရေယာဉ်သုံးစင်းအား ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ဖြည့်ဆည်း၍ ပန်းဆိုးတန်း-ဒလကူးတို့လမ်းအတွက် နေ့စဉ်ခရီးသည် ၃၀၀၀၀ ခန့်အား ပို့ဆောင်ပြေးဆွဲလျက်ရှိသည်။



ကျောက်ဖြူမြို့တွင် တည်ဆောက်ထားသည့် မိုးလေဝသရေဒါ အဆောက်အအုံ။
(ဓာတ်ပုံ-ပို့ဆောင်ရေး)

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရခိုင်ဒေသအတွက် ဂျပန်ယန်းသန်း ၂၀၀ အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာအား ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့သည်။

**ဘိုကလေး ဆိပ်ခံဇောတံတား**

ဂျပန်နိုင်ငံအစိုးရအထောက်အပံ့ အမေရိကန်ဒေါ်လာ ၁၅၅၅၉၉ ဒေါ်လာဖြင့် ဘိုကလေးဆိပ်ခံဇောတံတားတည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် Grant Contract စာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည်။

မိုးလေဝသနှင့်ဇလဗေဒသတိပေးချက်များ၊ မြေငလျင်ဆိုင်ရာများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ရန်အတွက် လုပ်ငန်းများကို ၂၄ နာရီမပြတ်ဆောင်ရွက်လျက်ရှိသည်။

**မိုးလေဝသတိုင်းထွာရေးစခန်း ၁၀၀ ကျော်**


သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြန်မာနိုင်ငံနှင့် အနီးပတ်ဝန်းကျင်ဒေသများ၏ မိုးလေဝသခန့်မှန်းချက်များ၊ မြေငလျင်သတင်းများကို အချိန်နှင့်တစ်ပြေးညီထုတ်ပြန်နိုင်ရေးအတွက် နိုင်ငံနှင့်အဝန်းတွင် မိုးလေဝသတိုင်းထွာရေးစခန်း ၁၀၆ ခု၊ ဇလဗေဒတိုင်းထွာရေးစခန်း ၇၂ ခု၊ စိုက်ပျိုးရေးနှင့် လေကြောင်းမိုးလေဝသစခန်း ၃၃ ခုနှင့် မြေငလျင်စခန်း ၁၄ ခု ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် မုန်တိုင်းများ၏ တည်နေရာ၊ မုန်တိုင်းအင်အား၊ ဦးတည်ရွေ့လျားလမ်းကြောင်းနှင့် မုန်တိုင်းများကမ်းရိုးတန်းဖြတ်ကျော်ပြီးနောက် ကုန်းတွင်းမုန်တိုင်းဖြစ်ပေါ်မှုများ၊ မုန်တိုင်းဒီရေဝင်ရောက်မှုများကို ကီလိုမီတာ ၄၀၀ ပတ်လည်အတွင်း ကြိုတင်သိရှိထောက်လှမ်းနိုင်သည့် မိုးလေဝသရေဒါ သုံးလုံးနှင့် အလိုအလျောက်မိုးလေဝသတိုင်းတာရေးကိရိယာ(AWOS) အလုံး ၃၀ ကို ဂျပန်နိုင်ငံအစိုးရ၏ အထောက်အပံ့ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၇၃ သန်းဖြင့် ကျောက်ဖြူ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် တပ်ဆင်နိုင်ရေးဆောင်ရွက်လျက်ရှိရာ ကျောက်ဖြူရေဒါအား အောက်တိုဘာလ ၉ ရက်နေ့တွင် လွှဲပြောင်းပေးအပ်ခဲ့ပြီး စတင်တိုင်းတာလျက်ရှိသည်။


ပို့ဆောင်ရေးဝန်ကြီးဌာနသည် နိုင်ငံတကာအဆင့်မီ လေဆိပ်ကြီးများ၊ ဆိပ်ကမ်းကြီးများ ဖြစ်ထွန်းပေါ်ပေါက်ရေး၊ သယ်ယူပို့ဆောင်ရာတွင် ဘေးကင်းလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်ရေးတို့ကို အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည့်အပြင် တစ်ဖက်ကလည်း တွေ့ကြုံရသည့်အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များကို စဉ်ဆက်မပြတ် လေ့လာသုံးသပ်ပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝမြင့်မားရေးကို ရှေးရှု၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ပို့ဆောင်ရေးဝန်ကြီးဌာနသည် နိုင်ငံတကာအဆင့်မီ လေဆိပ်ကြီးများ၊ ဆိပ်ကမ်းကြီးများ ဖြစ်ထွန်းပေါ်ပေါက်ရေး၊ သယ်ယူပို့ဆောင်ရာတွင် ဘေးကင်းလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်ရေးတို့ကို အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည့်အပြင် တစ်ဖက်ကလည်း တွေ့ကြုံရသည့်အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များကို စဉ်ဆက်မပြတ်လေ့လာသုံးသပ်ပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝမြင့်မားရေးကို ရှေးရှု၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ**


**ပြည်တွင်း/ပြည်ပလေဆိပ်များသို့ ခရီးသည်များ ဝင်ရောက်/ထွက်ခွာမှု**




**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အထွေထွေကုန်စည်ကိုင်တွယ်မှု (ကုန်သေတ္တာနှင့် သယ်ဆောင်သည့် ကုန်စည်များအပါအဝင်)**




**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ကုန်သေတ္တာကိုင်တွယ်မှု**






နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-ပို့ဆောင်ရေး)

# ပြည်သူ့အတွက်ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁ – ၂၀၁၅



**ရှေ့ဖုံးမှ**

(၅) ထားဝယ်(ကံပေါက်)ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ(တနင်္သာရီတိုင်းဒေသကြီး)


အဆိုပါစက်ရုံ ၁၀ ရုံမှ စက်တပ်ဆင်အင်အား ၈၇၇ ဒသမ ၄၉၄ မဂ္ဂါဝပ် တိုးချဲ့နိုင်ခဲ့သည်။

စုစုပေါင်းစက်တပ်ဆင်အင်အား ၁၅၇၇ ဒသမ ၄၉၄ မဂ္ဂါဝပ် တိုးတက်လာခဲ့သည်။

**ဓာတ်အားပို့လွှတ်ရေးအပိုင်း**

ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်သောဓာတ်အားကို နိုင်ငံတစ်နံတစ်လျား ရောက်ရှိအသုံးပြုနိုင်စေရေးအတွက် အရှေ့မှအနောက်၊ တောင်မှမြောက်သို့ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

**ဓာတ်အားပေးစက်ရုံများ၏ စက်တပ်အင်အားနှင့် စွမ်းအင်အမျိုးအစားအလိုက် ပါဝင်မှုအချိုးအစားပြောင်းလဲလာသည့် အခြေအနေ**




**လျှပ်စစ်ဓာတ်အားတိုးတက် သုံးစွဲနိုင်မှု**

| စဉ် | အကြောင်းအရာ | ၂၀၁၀-၂၀၁၁ ခုနှစ် | ၂၀၁၄-၂၀၁၅ ခုနှစ် | တိုးတက်မှု (%) |
|---|---|---|---|---|
| ၁။ | ဓာတ်အားသုံးစွဲမှုစုစုပေါင်း (တစ်နှစ်လျှင်ကီလိုဝပ်နာရီသန်းပေါင်း) | ၆,၄၆၇.၃ | ၁၁,၄၀၆.၇၆ | ၇၆ |
| ၂။ | တစ်ဦးချင်းသုံးစွဲနိုင်မှု (တစ်နှစ်လျှင်ကီလိုဝပ်နာရီ) | ၁၀၈ | ၂၂၂ | ၁၀၆ |
| ၃။ | လျှပ်စစ်ဓာတ်အားရရှိသောအိမ်ထောင်စုစုပေါင်း | ၂,၁၂၈,၅၄၂ | ၃,၁၄၀,၄၄၂ | ၄၈ |
| ၄။ | လျှပ်စစ်ဓာတ်အားရရှိသောမြို့စုစုပေါင်း | ၃၉၆ | ၃၉၈ | ၁ |
| ၅။ | လျှပ်စစ်ဓာတ်အားရရှိသောကျေးရွာစုစုပေါင်း | ၁၄,၁၇၁ | ၂၇,၇၁၀ | ၉၆ |

**ဓာတ်အားစနစ် ရောက်ရှိပြီးနေရာမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တိုးချဲ့ဖြန့်ကြက်**

(၁) မွန်ပြည်နယ်သို့ရောက်ရှိရန် သထုံ-မော်လမြိုင် ၂၃၀ ကေဗွီဓာတ်အားလိုင်း၊

(၂) ရခိုင်ပြည်နယ်သို့ရောက်ရှိရန် ဥသျှစ်ပင်-တောင်ကုတ်-အမ်း-ပုဏ္ဏားကျွန်း ၂၃၀ ကေဗွီဓာတ်အားလိုင်း၊

(၃) စစ်ကိုင်းတိုင်းဒေသကြီးသို့ ရောက်ရှိရန် ညောင်ပင်ကြီး-ချောင်းကူး ၂၃၀ ကေဗွီ ဓာတ်အားလိုင်း၊

(၄) ကချင်ပြည်နယ်သို့ရောက်ရှိရန် နဘား-မိုးညှင်း-မိုးကောင်း-မြစ်ကြီးနား ၆၆ ကေဗွီဓာတ်အားလိုင်း၊ ဝါရှောင်-ဝိုင်းမော် ၁၃၂ ကေဗွီဓာတ်အားလိုင်းနှင့် ဝိုင်းမော်- မြစ်ကြီးနား ၆၆ ကေဗွီဓာတ်အားလိုင်း စသည့် ဓာတ်အားပို့လွှတ်ရေးလိုင်း ၁၃၆၇ မိုင်၊ ဓာတ်အားခွဲရုံ တပ်ဆင်အင်အား ၁၆၃၄ အမ်ဗွီအေကို တိုးချဲ့တည်ဆောက်ပြီးစီးခဲ့သည်။

**မြို့ပေါင်း ၄၀၀ ခန့်**

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ ဓာတ်အားဖြန့်ဖြူးရေးလိုင်း၊ ဓာတ်အားခွဲရုံနှင့် ထရန်စဖော်မာများကို တိုးချဲ့တပ်ဆင်တည်ဆောက်ခဲ့ရာ မြို့ပေါင်း ၃၉၈ မြို့၊ ရွာပေါင်း ၂၇၇၁၀ နှင့် အိမ်ထောင်စုပေါင်း ၃၁၄၀၄၄၂ စုမှာ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ပြီဖြစ်သည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ ကီလိုဝပ်နာရီသန်းပေါင်း ၁၁၄၀၆ ဒသမ ၇၆ နှင့် တစ်ဦးချင်းသုံးစွဲမှု တစ်နှစ်လျှင် ၂၂၂ ကီလိုဝပ်နာရီ ရှိလာပြီဖြစ်သည်။

**ဆောလျင်စွာပြီးစီးနိုင်ရေး ဆောင်ရွက်နေသည့် ရေအားလျှပ်စစ်စီမံကိန်းများ**

(၁) အလယ်ပေါင်းလောင်း
(၂) ရွှေလီ(၃)
(၃) အထက်ရဲရွာ
(၄) သူငွေး
(၅) အထက်ကျိုင်းတောင်း
(၆) အထက် နမ့်ထွမ်
(၇) ဒီးဒုတ်စီမံကိန်းများ
(၈) သီလဝါသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း

တည်ဆောက်ဆဲ လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိလာမည့်ဓာတ်အားများကို ပြည်သူများထံ ဗို့အားပြည့်ဝစွာသုံးစွဲနိုင်ရေး နည်းပညာပိုမိုမြင့်မားသော မဟာဓာတ်အားလိုင်းကြီးများနှင့် ပင်မဓာတ်အားခွဲရုံများကို တည်ဆောက်လျက်ရှိရာ ၅၀၀ ကေဗွီလိုင်း တစ်လိုင်း (၁၁၄ ဒသမ ၉၇ မိုင်)၊ ၂၃၀ ကေဗွီလိုင်းခုနစ်လိုင်း (၄၇၈ ဒသမ ၆၀၃ မိုင်)နှင့် ၆၆ ကေဗွီလိုင်း ၁၉ လိုင်း (၆၂၇ ဒသမ ၇၄ မိုင်) တို့ကိုလည်းကောင်း၊ ၂၃၀ ကေဗွီခွဲရုံလေးရုံ (၅၅၀အမ်ဗွီအေ)၊ ၁၃၂ ကေဗွီခွဲရုံ တစ်ရုံ (၆၀ အမ်ဗွီအေ) နှင့် ၆၆ ကေဗွီခွဲရုံ ၂၉ ရုံ (၂၇၄ အမ်ဗွီအေ) တို့ကိုလည်းကောင်း အချိန်မီပြီးစီးနိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံတစ်ဝန်းလုံး၌ တောင်ပေါ်မြေပြန့်အနှံ့ လျှပ်စစ်ဓာတ်အားကို ၁၀၀ ရာခိုင်နှုန်း အပြည့်အဝရရှိသုံးစွဲနိုင်စေရန်အတွက် အမျိုးသား



၂၃၀/၆၆/၁၁ ကေဗွီ၊ (၁၀၀)အမ်ဗွီအေ ချောင်းကူးဓာတ်အားခွဲစက်ရုံကို တွေ့ရစဉ်။ (ဓာတ်ပုံ-လျှပ်စစ်)

**၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၄-၂၀၁၅ ခုနှစ်ထိ ကာလအတွင်း တည်ဆောက်ပြီးစီးခဲ့သော ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ**

| စဉ် | စက်ရုံအမည် | တည်နေရာ | တပ်ဆင်စက်အင်အား (မဂ္ဂါဝပ်) | ပြီးစီးသည့်နှစ် |
|---|---|---|---|---|
| **လျှပ်စစ်စွမ်းအားဝန်ကြီးဌာနပိုင်စက်ရုံများ** | | | | |
| ၁ | ရွှေကျင် | ပဲခူးတိုင်းဒေသကြီး | ၇၅ | ၂၀၁၂ |
| ၂ | ကြီးအုံကြီးဝ | မကွေးတိုင်းဒေသကြီး | ၇၄ | ၂၀၁၂ |
| ၃ | ကွန်းချောင်း | ပဲခူးတိုင်းဒေသကြီး | ၆၀ | ၂၀၁၂ |
| ၄ | နန်ချို | ရှမ်းပြည်နယ် | ၄၀ | ၂၀၁၃ |
| ၅ | ဖြူးချောင်း | ပဲခူးတိုင်းဒေသကြီး | ၄၀ | ၂၀၁၄ |
| ၆ | အထက်ပေါင်းလောင်း | မန္တလေးတိုင်းဒေသကြီး | ၁၄၀ | ၂၀၁၄ |
| **ပုဂ္ဂလိကပိုင်စက်ရုံများ** | | | | |
| ၁ | သောက်ရေခပ်(၂) | ပဲခူးတိုင်းဒေသကြီး | ၁၂၀ | ၂၀၁၃ |
| ၂ | ဘီလူးချောင်း(၃) | ကယားပြည်နယ် | ၅၂ | ၂၀၁၄ |
| **နိုင်ငံခြားကုမ္ပဏီနှင့်ဖက်စပ် (JV) စက်ရုံများ** | | | | |
| ၁ | ချီဖွေငယ် | ကချင်ပြည်နယ် | ၉၉ | ၂၀၁၃ |
| | **စုစုပေါင်း** | | ၇၀၀ | |

**၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၄-၂၀၁၅ ခုနှစ်ထိ ကာလအတွင်း တည်ဆောက်ပြီးစီးခဲ့သော သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံများ**

| စဉ် | စက်ရုံအမည် | တည်နေရာ | တပ်ဆင်စက်အင်အား (မဂ္ဂါဝပ်) | ပြီးစီးသည့်နှစ် |
|---|---|---|---|---|
| **လျှပ်စစ်စွမ်းအားဝန်ကြီးဌာနပိုင်စက်ရုံများ** | | | | |
| ၁ | ရွာမ(EGAT) | ရန်ကုန်တိုင်းဒေသကြီး | ၂၄၀.၀၀ | ၂၀၀၄ |
| **ပုဂ္ဂလိကပိုင်စက်ရုံများ** | | | | |
| ၁ | အလုံ(Toyo Thai) | ရန်ကုန်တိုင်းဒေသကြီး | ၉၄.၀၀ | ၂၀၁၃ |
| ၂ | လှော်ကား(ဇေယျ) | ရန်ကုန်တိုင်းဒေသကြီး | ၂၆.၆၅ | ၂၀၁၃ |
| ၃ | ရွာမ(UPP) | ရန်ကုန်တိုင်းဒေသကြီး | ၅၂.၀၀ | ၂၀၁၃ |
| ၄ | သာကေတ (Max Power) | ရန်ကုန်တိုင်းဒေသကြီး | ၅၃.၅၈၄ | ၂၀၁၃ |
| ၅ | Myanmar Lighting | မွန်ပြည်နယ် | ၁၅၂.၀၀ | ၂၀၁၄ |
| **ကာလတိုငှားရမ်းသည့် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးအင်ဂျင်စက်ရုံ** | | | | |
| ၁ | ကျောက်ဆည် (APR) | မန္တလေးတိုင်းဒေသကြီး | ၁၀၀.၃၀ | ၂၀၁၄ |
| ၂ | ကျောက်ဖြူ (V Power) | ရခိုင်ပြည်နယ် | ၄၉.၉၂ | ၂၀၁၅ |
| ၃ | မြင်းခြံ | မန္တလေးတိုင်းဒေသကြီး | ၁၀၃.၀၄ | ၂၀၁၅ |
| ၄ | ထားဝယ် (ကံပေါက်) | တနင်္သာရီတိုင်းဒေသကြီး | ၆ | ၂၀၁၅ |
| | **စုစုပေါင်း** | | ၈၇၇.၄၉၄ | |

လျှပ်စစ်ဓာတ်အားရရှိရေးစီမံချက် (National Electrification Plan) ကို ကမ္ဘာ့ဘဏ်အဖွဲ့၏ အကူအညီဖြင့် ရေးဆွဲထားပြီးဖြစ်သည်။

ယင်းစီမံချက်ကို အကောင်အထည်ဖော်ရန် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများကို ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံတကာအဖွဲ့အစည်းများမှ အကူအညီ၊ နိုင်ငံတော်ဘတ်ဂျက်၊ ပုဂ္ဂလိကပါဝင်မှုစသည့် ဘက်ပေါင်းစုံမှ ပူးပေါင်းမှုများဖြင့် စနစ်တကျနှင့် ထိရောက်အကျိုးရှိစွာ ဆောင်ရွက်နိုင်ရေး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံတစ်ဝန်းလုံး၌ တောင်ပေါ်မြေပြန့်အနှံ့ လျှပ်စစ်ဓာတ်အားကို ၁၀၀ ရာခိုင်နှုန်း အပြည့်အဝ ရရှိသုံးစွဲနိုင်စေရန်အတွက် အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံချက်ကို ကမ္ဘာ့ဘဏ်အဖွဲ့၏ အကူအညီဖြင့် ရေးဆွဲထားပြီးဖြစ်**

# အပြောင်းအလဲအတွက် ဖော်ဆောင်နေသည့် သုတေသနအခြေပြု နည်းပညာရပ်ဝန်းတစ်ခု၏ လားရာအရပ်ဆီသို့

သတင်းဆောင်းပါး-ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်၊
ဓါတ်ပုံ-ဖိုးထောင်

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်(ရန်ကုန်)၊ မန္တလေးကွန်ပျူတာတက္ကသိုလ်၊ ရတနာပုံဆိုက်ဘာစီးတီး၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့ကို အဆင့်မြင့်နည်းပညာတက္ကသိုလ်များ ဖြစ်လာစေရန်နှင့် လက်တွေ့ကျသည့် အဆင့်မြှင့်တင်မှုများပြုလုပ်နိုင်ရန် နိုင်ငံတော်က လိုအပ်သည့်လမ်းညွှန်မှုများပေး၍ အကောင်အထည်ဖော်စေခဲ့သည်။**

မြန်မာနိုင်ငံ၏ သိပ္ပံနှင့်နည်းပညာကဏ္ဍတွင် လက်တွေ့ကျသော ပြုပြင်ပြောင်းလဲမှုခြေလှမ်းတစ်ခုအနေဖြင့် တစ်ချိန်က အရှေ့တောင်အာရှတွင် အကောင်းဆုံးနည်းပညာတက္ကသိုလ်တစ်ခုအဖြစ် စာရင်းဝင်ခဲ့သည့် ရန်ကုန်စက်မှုတက္ကသိုလ် (YIT)အား ၂၀၁၂ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ရန်ကုန်အဆင့်မြင့်နည်းပညာတက္ကသိုလ် (YTU)အဖြစ် ဘွဲ့ကြိုတန်းများခေါ်ယူပြီး ပြန်လည်ဖွင့်လှစ်ခဲ့သည်။

ရန်ကုန်နည်းပညာတက္ကသိုလ်၏ ပါမောက္ခချုပ် ဒေါက်တာအေးမြင့်က "ရန်ကုန်နည်းပညာတက္ကသိုလ်ကို အဆင့်မြှင့်ပြီး ပြန်ဖွင့်ပေးတာဝမ်းသာတယ်။ အခုလက်ရှိအစိုးရလက်ထက်မှာ အခြေခံပညာကနေ အဆင့်မြင့်ပညာကဏ္ဍအထိ ပညာရေးစနစ်တစ်ခုလုံးကို ပြောင်းလဲနေတယ်။ အောင်မြင်တဲ့မှတ်တိုင်တစ်ခုကတော့ အမျိုးသားပညာရေးဥပဒေကို ပြဋ္ဌာန်းနိုင်တာပဲ။ မဝေးတဲ့အနာဂတ်မှာ တက္ကသိုလ်တွေအနေနဲ့ Academic Freedom (ကိုယ်ပိုင်စီမံခန့်ခွဲပိုင်ခွင့်)တွေ ရရှိလာတော့မှာဆိုတော့ ပါမောက္ခချုပ်တစ်ယောက်အနေနဲ့ ဝမ်းသာပါတယ်"ဟု လက်ရှိအစိုးရ၏ နည်းပညာပိုင်းဆိုင်ရာနှင့် ပညာရေးကဏ္ဍအား ဆောင်ရွက်ပေးနေမှုအပေါ် သူ့အမြင်ကို ပြောပြသည်။

ရန်ကုန်နည်းပညာတက္ကသိုလ်အား အဆင့်မြင့်နည်းပညာတက္ကသိုလ်ဖြစ်လာစေရန်အတွက် JICA ၏အကူအညီဖြင့် ဂျပန်ပါမောက္ခများနှင့် မြန်မာနိုင်ငံနည်းပညာရှင်များတိုင်ပင်ညှိနှိုင်းကာ နိုင်ငံတကာအဆင့်မီသင်ရိုးညွှန်းတမ်းဖြစ်လာစေရန်အတွက် သင်ကြားလျက်ရှိသည့် နည်းပညာဆိုင်ရာ သင်ရိုးညွှန်းတမ်းများအား ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်နည်းပညာတက္ကသိုလ်သည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် Quality Management System ဟုခေါ်သည့် ISO 9001-2008 Certificate ကို ရရှိခဲ့သည်။

အဆင့်မြင့်နည်းပညာတက္ကသိုလ်တစ်ခုဖြစ်လာစေရန် ၂၀၁၂ ဒီဇင်ဘာလက ဖွင့်လှစ်ခဲ့သည့် ရန်ကုန်နည်းပညာတက္ကသိုလ်၏ စာသင်ခန်းများတွင် ခေတ်မီပရိုဂျက်တာများ၊ ကွန်ပျူတာများဖြင့်သာ သင်ကြားစေခဲ့သည်။ ဂျပန်နိုင်ငံ၏အကူအညီ နိုင်ငံခြားကုမ္ပဏီများ၏ လှူဒါန်းမှုတို့ကြောင့် လက်တွေ့သိပ္ပံဓာတ်ခွဲခန်းသုံးပစ္စည်းများကိုလည်း အဆင့်မြှင့်ထားနိုင်ခဲ့၍ နိုင်ငံတကာအဆင့်မီသင်ကြားနိုင်အောင် စီစဉ်ထားရှိနိုင်ခဲ့သည်။

"အခုလို ကွန်ပျူတာတွေ၊ ပရိုဂျက်တာတွေနဲ့ သင်ကြားပြသပေးတာ ကျွန်တော်တို့အတွက် တကယ့်ကိုအဆင်ပြေစေတဲ့ သင်ကြားနည်းတစ်ခုပါ။ ကျွန်တော်နားမလည်တာ၊ မရှင်းတာတွေကို Soft Copy နဲ့ကူးပြီး ကျွန်တော့်ကွန်ပျူတာမှာ ပြန်ကြည့်လို့ရတယ်။ နောက်ကျွန်တော်ပိုပြီးသိချင်တဲ့အကြောင်းအရာတွေအတွက် ရည်ညွှန်းချက်တွေ၊ ရှာဖွေလို့ရတဲ့ ဝက်ဘ်ဆိုက်လင့်တွေညွှန်းထားလို့ ပြန်ရှာဖွေလို့ရတယ်။ သိပ်ကောင်းတဲ့ သင်ကြားမှုတစ်ခုပါ"ဟု တက္ကသိုလ်ဝင်တန်းအမှတ် ၅၀၆ မှတ်ဖြင့် ရန်ကုန်နည်းပညာတက္ကသိုလ်သို့ဝင်ရောက်ခဲ့ကာ လက်ရှိတွင် ဒုတိယနှစ် တက်ရောက်နေသည့် ကျောင်းသားတစ်ဦးက ဆိုသည်။

ရန်ကုန်နည်းပညာတက္ကသိုလ်သည် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လျော့ပါးရေးဆိုင်ရာ သုတေသနလုပ်ငန်းများ၊ စွမ်းအင်ဆိုင်ရာသုတေသနလုပ်ငန်းများ၊ ရေအရင်းအမြစ်နှင့် သက်ဆိုင်သည့် သုတေသနလုပ်ငန်းများ၊ Semi-conductor ဆိုင်ရာ သုတေသနလုပ်ငန်းများကို ဂျပန်၊ နယ်သာလန်၊ ဖင်လန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံရှိ တက္ကသိုလ်များနှင့်ပူးပေါင်း၍ သုတေသနလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။

ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်တို့သည် နိုင်ငံတစ်နိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးမှုတွင် အဓိကကျသည့် Disaster Mitigation၊ Integrated Water Resources Management၊ Water and Waste Management၊ Renewable Energy၊ Urban Planning and Design၊ Remote Sensing and GIS၊ Seismology and Earthquake Engg၊ Power System Stability and Control၊ Communication and Signal Processing၊ Robotics and Automation၊ Distributed Database၊ Food Engg. & Technology၊ Textile Finishing Tech-nology၊ Natural Gas Engg.၊ Extractive Metallurgy နှင့် Slope Stability Analysis စသည့်ကဏ္ဍများတွင်လည်း နိုင်ငံတကာတက္ကသိုလ်များနှင့် သုတေသနပူးပေါင်းဆောင်ရွက်မှုများ ရှိနေသည်။

ရန်ကုန်နည်းပညာတက္ကသိုလ်၏ ပါမောက္ခချုပ်ဒေါက်တာအေးမြင့်က "ရန်ကုန်နည်းပညာတက္ကသိုလ်ကို ပထမ ၁၀ နှစ်အတွင်း အာဆီယံတက္ကသိုလ်တွေထဲမှာ အဆင့်သတ်မှတ်ချက်တစ်ခုဝင်နိုင်အောင် ကြိုးပမ်းနေပါတယ်။ ဒီလိုအဆင့်သတ်မှတ်ချက်တစ်ခု ဝင်နိုင်အောင်အတွက်လည်း ဆရာ၊ ဆရာမတွေနဲ့ ကျောင်းသား ကျောင်းသူတွေရဲ့သုတေသနစာတမ်းတွေအမြောက်အမြားပြုလုပ်နိုင်ဖို့လိုပါတယ်။ ဒီစာတမ်းတွေကို နိုင်ငံတကာအသိအမှတ်ပြုထားတဲ့ ဂျာနယ်တွေမှာပုံနှိပ်ဖော်ပြခြင်းခံရမှသာလျှင် အဆင့်သတ်မှတ်ချက်မှာပါဝင်နိုင်မှာ ဖြစ်ပါတယ်။ နောင်မှာ သုတေသနအခြေပြုတက္ကသိုလ်တစ်ခုအဖြစ် ရပ်တည်နိုင်ဖို့အတွက် သုတေသနလုပ်ငန်းတွေကို စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်"ဟု ဆိုသည်။

၂၀၀၂ ခုနှစ်တွင် အာဆီယံဒေသတွင်းနိုင်ငံများရှိ သုတေသနပညာရှင်အရေအတွက်ကို နှိုင်းယှဉ်ကြည့်ရာ မြန်မာနိုင်ငံသည် အဆင့် ၈ တွင် ရပ်တည်၍ လာအိုနှင့်ကမ္ဘောဒီယားနိုင်ငံများ အထက်တွင်သာရှိခဲ့သည်။

ယခုလက်ရှိအချိန်တွင် မြန်မာနိုင်ငံသည် သိပ္ပံနှင့်နည်းပညာဆိုင်ရာ သုတေသနဆိုင်ရာစာတမ်းပြုစုနိုင်မှုတွင် လွန်စွာနည်းပါးလျက်ရှိနေပြီး




နည်းပညာတက္ကသိုလ်(ရန်ကုန်) အဆောက်အအုံကို တွေ့ရစဉ်။

အာဆီယံဒေသတွင်းရှိ မလေးရှားနိုင်ငံမှ အဆင့်မီသုတေသနစာတမ်းပေါင်း ကိုးသောင်းကျော်ပြုစုပြီးချိန်တွင် မြန်မာနိုင်ငံသည် သုတေသနစာတမ်းပေါင်း ၅၅၀ သာ ပြုစုနိုင်ခဲ့သည်ဟု ဂျပန်နိုင်ငံ သိပ္ပံနှင့်နည်းပညာဆိုင်ရာ အေဂျင်စီအောက်ရှိ CRDS က ပြုစု၍ ၂၀၁၅ ခုနှစ် စက်တင်ဘာလက ထုတ်ပြန်သည့် Current Status on Science and Technology in Asia Country တွင် ဖော်ပြထားသည်။

နိုင်ငံတကာတက္ကသိုလ်အဖွဲ့အစည်းများသည် အစိုးရသစ်လက်ထက် ရန်ကုန်နည်းပညာတက္ကသိုလ်အဆင့်မြှင့်တင်၍ ဘွဲ့ကြိုတန်းများပြန်လည်ဖွင့်လှစ်ခဲ့ခြင်းအပေါ် စိတ်ဝင်စားမှုများရှိလာပြီး ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးပြီးသည့် နိုင်ငံတကာတက္ကသိုလ်အဖွဲ့အစည်း ၅၀ ကျော်အထိ ရှိလာနေသည်။

MoU ရေးထိုးရန် ညှိနှိုင်းဆဲ နိုင်ငံတကာတက္ကသိုလ် တက္ကသိုလ်များအပြင် ပူးပေါင်းဆောင်ရွက်ရန်ကမ်းလှမ်းလာသည့် နိုင်ငံတကာတက္ကသိုလ်များလည်း အမြောက်အမြားရှိနေသေးသည်ဟု ရန်ကုန်နည်းပညာတက္ကသိုလ်မှ သိရသည်။

၂၀၁၄ ခုနှစ်တွင် ကမ္ဘာပေါ်ရှိ အကောင်းဆုံးတက္ကသိုလ် ၇၀၀ အား အဆင့်သတ်မှတ်ရာတွင် မြန်မာနိုင်ငံရှိ တက္ကသိုလ်များ ပါဝင်ခြင်းမရှိပေ။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာဆိုင်ရာတက္ကသိုလ်ကောလိပ်နှင့်ကျောင်းများသည် နိုင်ငံတကာနှင့် နှိုင်းယှဉ်ပါက လက်တွေ့ထက်စာတွေ့သင်ကြားနေမှုများသာရှိသည်ဟု အထက်ပါ Current Status on Science and Technology in Asia Country သုတေသနစာတမ်းတွင် ထောက်ပြထားသည်။

ထို့ကြောင့်ပင် ရန်ကုန်နည်းပညာတက္ကသိုလ်ရှိ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ လက်ရှိတွင်ကြိုးပမ်းနေကြသည့် အနာဂတ်အိပ်မက်သည်ကား ကမ္ဘာ့အဆင့်မီသုတေသနများ ပြုလုပ်နိုင်ရေးနှင့် ပြုလုပ်နိုင်ခဲ့သည့် သုတေသနစာတမ်းများသည် နိုင်ငံတကာအသိအမှတ်ပြု သိပ္ပံစာစောင်များတွင် ဖော်ပြနိုင်ရေးပင်။

သို့မှသာလျှင် အာဆီယံအဆင့်၊ အာရှအဆင့် အသိအမှတ်ပြုခံနည်းပညာတက္ကသိုလ်အဖြစ် ဂုဏ်ဒြပ်ကိုတည်ဆောက်နိုင်မည်။ ထိုဂုဏ်ဒြပ်အောက်မှ မွေးဖွားလာသည့် ဘွဲ့ရလူငယ်များသည်လည်း အဆင့်မီနည်းပညာရှင်များအဖြစ် နိုင်ငံတကာ၏ အသိအမှတ်ပြုမှုကို ရရှိနိုင်မည်ဖြစ်သည်။

ယင်းကဲ့သို့သော နိုင်ငံ၏နည်းပညာကဏ္ဍလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ရန်ကုန်နည်းပညာတက္ကသိုလ်၏ တာဝန်ရှိသူများက ၂၀၁၂ ခုနှစ်တွင် ပြန်လည်ဖွင့်လှစ်ခဲ့သည့် အင်ဂျင်နီယာဘွဲ့ကြိုသင်တန်းများ ခြောက်နှစ်ကြာပညာသင်ကြားပြီးနောက် လက်ခံရရှိမည့် အင်ဂျင်နီယာဘွဲ့၊ ဗိသုကာဘွဲ့များအား နိုင်ငံတကာအဆင့်မီရပ်တည်နိုင်စေရန် ကြိုးစားနေကြသည်။

နိုင်ငံတော်အစိုးရ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက္ကသိုလ်ကျောင်းသားဟောင်းများ၏ သီးခြားအစီအစဉ်များဖြင့် ထောက်ပံ့မှုများကြောင့် တက္ကသိုလ်ပရိဝုဏ်တွင် သုံးနှစ်တာကာလအတွင်း ခြောက်ထပ်အဆောက်အအုံများပါ ပေါ်ထွက်လာခဲ့သည်။

ယင်းအဆောက်အအုံများတွင် နိုင်ငံတကာစာသင်ခန်းများ၏ ရုပ်ဝတ္ထုပိုင်းဆိုင်ရာများကို ဖြည့်တင်းထားသည့် Human Resources Development Center၊ သတင်းအချက်အလက်နှင့်နည်းပညာ၊ လျှပ်စစ်နှင့် Mechatronic ဆိုင်ရာ အင်ဂျင်နီယာဘာသာရပ်သုံးဌာနအတွက် စာသင်ခန်းနှင့် ဓာတ်ခွဲခန်းများ၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်မည့် ပူးတွဲသုတေသနစင်တာများ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

တက္ကသိုလ်တစ်ခု၏အသက်ဖြစ်သည့် သုတေသနလုပ်ငန်းများဆောင်ရွက်နိုင်ရန် ကြိုးပမ်းသကဲ့သို့ တက္ကသိုလ်၏ စာကြည့်တိုက်တွင်လည်း နိုင်ငံတကာမှ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ကိုးကားနိုင်မည့် နောက်ဆုံးပေါ် စာအုပ်စာတမ်း သောင်းဂဏန်းကိုလည်း ဖြည့်တင်းနိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်ကောလိပ်ပေါင်းစုံမှ ဘွဲ့ကြို၊ ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံတော်သမ္မတပညာသင်ဆုအတွက် ကျောင်းသားကျောင်းသူ ၁၁၇ ဦး ရွေးချယ်ခဲ့ရာတွင် ရန်ကုန်နည်းပညာတက္ကသိုလ်မှ ၂၁ ဦးအထိ ပညာသင်ဆုရယူနိုင်ခဲ့သည်။ ယင်းမှာ ရန်ကုန်နည်းပညာတက္ကသိုလ်၏ သုံးနှစ်တာကာလအတွင်း သိသာထင်ရှားသည့် အောင်မြင်မှုတစ်ရပ်ဟု ဆိုရမည်ပင်။

ဂျပန်၊ ကိုရီးယား၊ ပြင်သစ်၊ ထိုင်း၊ နယ်သာလန်နိုင်ငံများတွင် ရန်ကုန်နည်းပညာတက္ကသိုလ်မှ ဆရာ၊ ဆရာမ ၇၀ ကျော်သည် ပါရဂူဘွဲ့သင်တန်းများ သွားရောက်ပညာ သင်ကြားလျက်ရှိနေသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ပေးအပ်သည့် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဂျပန်နိုင်ငံမှ မှာယူထားသည့် သုတေသနဓါတ်ခွဲခန်းသုံးပစ္စည်းများသည်လည်း ၂၀၁၆ နှစ်ကုန်ပိုင်းတွင် တက္ကသိုလ်၏ လက်တွေ့ခန်းများအတွင်း ရောက်ရှိလာတော့မည်ဟု သိရသည်။

ဆရာ၊ ဆရာမအင်အားနှင့် သိပ္ပံသုတေသနဆိုင်ရာပစ္စည်းများ ပြည့်စုံလာပါက မြန်မာနိုင်ငံ၏ သိပ္ပံနှင့်နည်းပညာနယ်ပယ်အတွက် လိုအပ်နေသည့် Bio Medical Engineering၊ Bioengineering၊ Nuclear Engineering၊ Food Engineering နှင့် Petrol Chemical Engineering အစရှိသည့် ဘာသာရပ်များအား အနာဂတ်တွင် တိုးချဲ့သင်ကြားပြီး သုတေသနလုပ်နိုင်ရန်လည်း လိုအပ်သည့် ပြင်ဆင်မှုများ စတင်နေပြီဖြစ်သည်။

အင်ဂျင်နီယာပညာရေး၏ အဆင့်သတ်မှတ်ချက်တစ်ခုဖြစ်သည့် Washington Accord နှင့်အညီ ပြင်ပပညာရှင်များ၏ ကြီးကြပ်မှုနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ဘာသာရပ်အလိုက် ဖွဲ့စည်းထားသည့် စစ်ဆေးသူများဖြင့် ယခုအောက်တိုဘာလတွင် ရန်ကုန်နည်းပညာတက္ကသိုလ်သည် စစ်ဆေးမှုခံယူရန် အသင့်ရှိနေပြီဖြစ်သည်။

မကြာမီ အချိန်တစ်ခုအတွင်း ရန်ကုန်နည်းပညာတက္ကသိုလ်သည် နိုင်ငံတကာတက္ကသိုလ်များ၏ အဆင့်သတ်မှတ်ချက်တွင် ပထမဆုံးဝင်ရောက်အစစ်ဆေးခံနိုင်မည့် မြန်မာနိုင်ငံ၏ နည်းပညာတက္ကသိုလ်တစ်ခု ဖြစ်လာတော့မည်ဖြစ်သည်။